လက်ဆင့်ကမ်း

# မြန်မာ့ဆေးပညာ

မကြွေးဝင်းမြင့်

ပန်းချီ မောင်ပျိုမင်



စာမူ ခွင့်ပြုချက်အမှတ် ၁၅၃ / ၉၂ (၅)
မျက်နှာဖုံး ခွင့်ပြုချက်အမှတ် ၁၃၀ / ၉၂ (၆)

၁၉၉၂ ခု၊ စက်တင်ဘာလ၊

ပထမအကြိမ်၊ အုပ်ရေ ၁၀၀၀၊

[illegible]

တန်ဖိုး သုံးဆယ့်ငါးကျပ်တိတိ၊

မျက်နှာဖုံးပန်းချီ
မောင်မျိုးခင်

အတွင်းစာစီ နေရီရီ ကွန်ပျူပရက်စ်၊

မျက်နှာဖုံး ပုံနှိပ်

ဦးမောင်လှိုင် [မြ-၀၃၈၅၄] လှိုင်အော့ဖ်ဆက်၊
အမှတ် ၃၇၂-၃၇၆၊ ဗိုလ်ချုပ် အောင်ဆန်းလမ်း၊ ရန်ကုန်မြို့

အတွင်းစာသားများကို

ဦးကျော်မိုးစိန် [မြ-၀၃၁၃၇] အောင်သာပုံနှိပ်တိုက်၊ အမှတ် ၁၇၂၊ ၃၁ လမ်း၊ ရန်ကုန်မြို့တွင် ရိုက်နှိပ်ပြီး၊ ဦးထွန်းရှိန် [မြ-၀၁၂၈၅] ပန်းစုံမြိုင်စာပေတိုက်၊ ၈၄၃၊ အောင်သစ္စာ ၃ လမ်း၊ ၄ ရပ်ကွက်၊ သာကေတ ရန်ကုန်မြို့ မှ ထုတ်ဝေသည်။

# ဒို့တာဝန်အရေးသုံးပါး

- ပြည်ထောင်စု မပြိုကွဲရေး ..... ဒို့အရေး
- တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး..... ဒို့အရေး
- အချုပ်အခြာအာဏာ တည်တံ့ ခိုင်မြဲရေး ..... ဒို့အရေး

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ ပေါ်ပေါက်ရေးသည်
ပြည်ထောင်စုသားအားလုံး၏ ပဓာနကျသော တာဝန်ဖြစ်သည်။

အထက်မြန်မာပြည်ဖြန့်ချိရေး
နဂါးစာပေ အမှတ်၁၉၉၊ ၂၉လမ်း ၈၃–၈၄လမ်းကြား၊ မန္တလေး

မကြေးဝင်းမြင့်

# လက်ဆင့်ကမ်း မြန်မာ့ဆေးပညာ

[illegible]

[illegible]

[illegible]

[illegible]

[illegible]

အမြတ်ဆုံးလာဘ်

အာရောဂျံ ပရမံ လာဘံ

ကျန်းမာရေးလာဘ်သည် အမြတ်ဆုံးဖြစ်၏။

မြတ်ဗုဒ္ဓ

●

ရတနာမြတ်သုံးပါး

မိဘနှစ်ပါး နှင့်

သင်ဆရာ၊ မြင်ဆရာ၊ ကြားဆရာ

တို့အား ရိုသေစွာ ဦးညွှတ်လျက်

မကျွေးဝင်းမြင့်

# မာတိကာ


| | | |
|---|---|---|
| ၁။ | အစီရင်ခံပါသည် | ၇ |
| ၂။ | လက်ဆင့်ကမ်း မြန်မာ့ဆေးပညာ | ၁၂ |
| ၃။ | မဆယ်တင်တို့ရွာ | ၁၉ |
| ၄။ | အသီးအရွက်စားလျှင် ဝမ်းပျက်တဲ့ကလေးမ | ၃၀ |
| ၅။ | စိတ်တိုလျှင် အသက်တိုသည် | ၃၇ |
| ၆။ | လူပမွှတွေပေါင်းဆုံဖွဲ့စည်းနေ | ၄၃ |
| ၇။ | မချိုဟုခေါ်သော မိန်းကလေးတစ်ယောက်အကြောင်း | ၅၁ |
| ၈။ | လေ့ဖြတ်ခံရတော့မည့် လက္ခဏာများ | ၇၁ |
| ၉။ | အေအိုင်ဒီအက်စ်ရောဂါအပေါ် ကျွန်တော့်အမြင် | ၇၃ |
| ၁၀။ | အင်ဒရင်းကို အန်တုသူ | ၈၀ |
| ၁၁။ | စိတ်ထားဖြူစင်သူအဘိုးအိုတစ်ယောက်အကြောင်း | ၈၆ |
| ၁၂။ | ဆေးဝက်ဘာထဲမှာ | ၉၆ |
| ၁၃။ | အတတ်ပညာ ရယူကြရာဝယ် | ၁၀၄ |
| ၁၄။ | မိုးတားတိုက်ကုန်းဘိုးဆရာမြ၏ ရသာယနဆေး | ၁၁၆ |
| ၁၅။ | ဟောတော့ | ၁၁၉ |
| ၁၆။ | ဆေးသမားဘဝ | ၁၃၁ |
| ၁၇။ | အသက်ကလေးရယ်တဲ့ရှည်စေလို မန်းစက်ရိပ်ခို | ၁၄၀ |

[illegible]
အကျိုးတော်ဆောင်
[illegible] (၄)
[illegible]ကျောင်း ကျောင်းတော်[illegible]
[illegible]

## အစီရင်ခံပါသည်

ချစ်စွာသော စာရှုသူအဆွေ

ကျွန်တော်၏အသက် ၁၉၉၂ ခုနှစ် နိုဝင်ဘာလ ၂၂ရက် နေ့ဆိုလျှင် ၅၁နှစ် ရှိပါပြီ။အသက် ၅၀ ကျော်ဖို့အရေး မျှော်လင့်တမ်းတ ခဲ့သည်မှာ ကြာပါပြီ။ များသောအားဖြင့် သူသူငါငါတို့သည် အသက် မကြီးချင်ကြပါ။ မရင့်ရော်ချင်ကြပါ။ နုပျိုလန်းဆန်းနေချင်ကြပါသည်။

'ဒါဖြင့်ရင် ခင်ဗျားက ဘာဖြစ်လို့ မြန်မြန် အသက်ကြီးချင်ရတာလဲ' ဟု မေးစရာရှိ၏။

လိုရင်းကို ဖြေရသော် ကျွန်တော် မြန်မြန်အသက်ကြီးရင့်လိုခြင်းအကြောင်းမှာ ဆေးကုချင်သောကြောင့် ဖြစ်ပါသတည်း။

စာရေးသူသည် ရှေးက သမားတော်ကြီးများနှယ် ပိုးပဝါဖြော့ကလေးတလူလူ၊ နှုတ်ခမ်းမွေးကြီး တကားကား၊ နီးကွမ်းအစ်ကြီးကို ရှေ့မှာ ချလျက် ကွမ်းတမြုံ့မြုံ့နှင့် တည်ငြိမ်ရင့်ကျက်သော အသွင်ကို ဆောင်ချင်ပါသည်။ တစ်နည်းပြောရလျှင် လူနာအားကိုးချင်လောက်သော အသက် အရွယ် ဥပမိရုပ်ကို ရယူလိုခြင်းဖြစ်ပါသည်။

ဟိုတုန်းက စာရေးသူသည် အသက်အရွယ်ကငယ်တော့ ဆေးကုရတာ အားမရပါ။ ဆေးကုခံယူရသူကလည်း အပြည့်အဝ ယုံကြည်စိတ်ရှိဟန် မတူပါ။

သို့သော်လည်း တစ်ချို့က ကြံဖန်ချီးမွမ်း၏။

'ဒီဆရာက အသက်သာငယ်တာ ဆေးပညာ ဆေးအသိကတော့ မငယ်ဘူးဗျ' ဟူ၏။

တစ်ချို့ကျတော့လည်း သူတို့ မျက်စိအောက်၌ ပြေးလွှားဆော့ကစား ကြီးပြင်းလာသူဖြစ်ရကား 'ဆေးဆရာဆေးသမား' ဟူသောဂုဏ်ထူးဆောင်ပင် ရထားလင့်ကစား 'ဆရာ' ဟု ခေါ်ရမှာ နှုတ်မရဲကြ။

မရှောင်သာမလွှဲသာ ခေါ်ကြပြောကြရသောအခါ ...'ဦးမောင်ကြီး သားလေး' တဲ့။ စာရေးသူ၏ အဖေအမည်က ဦးမောင်ကြီးကိုး။

ယခုတော့ ကျွန်တော်မျှော်မှန်းတမ်းတခဲ့သော အသက်ကို ရပါပြီ။ ဆေးကုသခံရသော လူနာများကလည်း 'ဆရာ ဦးဝင်းမြင့်' ဟု အားကိုးတကြီး အားပါးတရ ခေါ်ကြပါပြီ။

ကျွန်တော့်ကို အားကိုးလေလေ ကျွန်တော့်ဘက်ကလည်း ဆေးပညာကို ပို၍ ကြိုးစားရလေလေ ဖြစ်ပါသည်။ ဆေးပညာကလည်း သင်လို့ မဆုံး။ လိုက်လေနှိုက်လေ နက်လေဖြစ်ပါသည်။

ထို့ကြောင့်လည်း ရှေးက ပညာရှိများက 'လူ့ဘဝသည် တိုတောင်း၏။ သို့သော် ဆေးပညာကား ရှည်လျား၏' ဟု ဆိုမိန့်ခဲ့ခြင်း ဖြစ်ပါသတည်း။

## အသက်မွေးဝမ်းကြောင်းပညာ

'အသက်မွေးမှု တစ်ခုပညာ ကိုယ်စီပါ' ဆိုသလို မိမိအသက်မွေးမှုအတွက် ငယ်ငယ်ကတိုင် ဆင်ခြင် ဆုံးဖြတ်ခဲ့ကြရပါသည်။ မိမိသည် မည်သည့်အတတ်ပညာကို ဝါသနာပါသနည်းဟူသော အချက်ကိုလည်း မှန်မှန်ကန်ကန် သုံးသပ်ဖို့ လိုပါ၏။

ထို့ကြောင့် ရှင်မဟာရဋ္ဌသာရ၏ ကိုးခန်းပျို့မှာ ဤသို့ မိန့်မှာ၏။

*သကျရှုပ်*
*ကြံကြံသမျှ*
*တောင့်တရာရာ*
*တတ်ကောင်းစွာသား*
*ဝိဇ္ဇာ သိပ္ပံ*
*လူ့ကိစ္စကို*
*ငယ်ကမသင်*
*ပျော်ပါးလျှင်မူ*
*အကြင်သူ့အား ...။*

မိမိ တတ်စွမ်းနိုင်ကောင်းလောက်သော(ဝါ) မိမိ ပါရမီအထုံ ရှိပုံရသော ပညာရပ် တစ်ခုခုကို အထပ်ထပ် စူးစမ်းကြံဆပါ။ မည်သည့်ဘက်တွင် ပါရမီပါလောက်သည်ကို ချင့်ချိန်ပါ။

ထိုသို့ ကြံစည်ပြီးနောက်မှ မိမိလိုလားတောင့်တသည်သာမက တတ်စွမ်းနိုင်လောက်သော အသိပညာ(ဝိဇ္ဇာ) အတတ်ပညာ(သိပ္ပံ) တစ်ခုခုကို သင်ယူပါဟု အမိန့်ပြွာယ်ရပါသည်။

ဆရာကြီး ပီမိုးနင်းကလည်း 'ကမ္ဘာ့မင်တန်' စာအုပ်၌– အတတ်ပညာကို ရွေးချယ်ရာ၌ မိမိ၏ ဝါသနာ စိတ်အား အထက်သန်ဆုံးဖြစ်သော အတတ်ပညာကို ရှာရမည်။

အကြင်အတတ်ပညာကို လူတစ်ယောက်သည် အဟုတ်အမှန် ဝါသနာပါအံ့။ ထိုအတတ်ပညာကို ငယ်စဉ်ကပင် တစ်စုံတစ်ခုဖြစ်မြောက်အောင် လုပ်ခဲ့တတ်လေသည်။

ထိုအတတ်ပညာကို ငယ်စဉ်ကပင် တစ်စုံတစ်ခု ဖြစ်မြောက်အောင် တောင့်တလိုလားခဲ့၏။ ထိုကဲ့သို့ မိမိနှင့်ဆိုင်သော အတတ်တို့မှာ လူ့ဘဝရကတည်းက တစ်စိတ်တစ်ဒေသ အလိုလိုတတ်ပြီး

ဖြစ်ကြလေသည်။ တတ်မှန်းကိုကား ကိုယ်တိုင်စမ်းသပ်ကြည့်မှ သိရလေသည်။

သို့စမ်းသပ်၍ တစ်ခုခု ဖြစ်မြောက်က ဝမ်းမြောက်ဝမ်းသာ ဖြစ်ပါလိမ့်မည်။ ညဥ့်၌ အိပ်ရာဝင်သည့် တိုင်အောင် ထိုအလုပ်ကို တွေးနေပေလိမ့်မည်။ ထိုကဲ့သို့သော အလုပ်သည်။ အသင့်နှင့်ဆိုင်သောအလုပ်ဟု သိရလေသည်။

ဟု ဆိုမိန့်ပါ၏။

ထို့ကြောင့်စာရေးသူသည် မိမိကိုယ်ကို စစ်ကြောမိခဲ့၏။ ငယ်စဉ်က မိမိ့ဘာဝါသနာပါသနည်း ဟူ၍။ မိမိသည် ဆေးပညာ၊ ဆေးကုသချင်သော ဝါသနာပါ၏။ ထို့ကြောင့် 'ဆေးမှဆေး' စားလည်းသည်စိတ် အိပ်လည်းသည်စိတ်၊ ရက်ပေါင်းများစွာ လပေါင်းများစွာ၊ နှစ်ပေါင်းများစွာ ဆေးပညာကို လိုက်စားလာသောအခါ ဆေးအသိ ဆေးအတတ်ပညာများကို 'စုမိဆောင်းမိ' လာပါတော့သည်။ ထိုစုဆောင်းမိသော ဆေးအသိ ဆေးပညာများကို တစ်ဆင့်ပေးကမ်းခြင်း ဖြစ်ပါသည်။

## လက်ဆင့်ကမ်းပေးကမ်းခြင်း

ပေးခြင်း ပေးဆပ်ခြင်း ပေးကမ်းခြင်းသည် မိမိတစ်ဦးတည်းနှင့်သာ ဆိုင်ပါသည်။ မိမိ စေတနာအလျောက် ပေးပိုင်ခွင့်နှင့် ပေးနိုင်ခွင့်ရှိပါသည်။

ဤလောက၌ မိမိနိုင်သည့်ဝန်ကို ထမ်းဆောင်ခြင်းသည် မိမိအတွက်ရော သူတစ်ပါးအတွက်ပါ မင်္ဂလာဖြစ်ပါသည်။

ပေးကမ်းခြင်းသည် မည်သူတစ်ဦးတစ်ယောက်ကိုမျှ စိတ်ထိခိုက်လိမ့်မည် မဟုတ်ပါ။ ဝမ်းမြောက်ဝမ်းသာ သာဓုခေါ်ကြမည်သာ ဖြစ်ပါသည်။

စာရေးသူသည် ငယ်စဉ်မှ ယနေ့အထိ ဆေးပညာရှာခဲ့သည်။ ဆေးကုသခဲ့သည်။ ဆေးဝါးသုတေသနပြုခဲ့သည်။ အချိန်တွေ အများကြီး ပေးဆပ်ခဲ့ရသလို ငွေကြေးတွေလည်း စိုက်ထုတ်ခဲ့ရသည်။

စာရေးသူသည် ဆရာကြီးများ၏ ညွှန်ကြားချက်အတိုင်း ဆေးစာများကို အာဂုံအလွတ်ဆောင်ခဲ့ရသည်။ ဆရာကြီးများကလည်း–

*'ဆေးကွ အာဂုံဆောင်နိုင်မှလဲ အာဂလူဖြစ်မှာပေါ့ ပြီးတော့ စာတွေ့လက်တွေ့၊ အတွေ့နှစ်ဖြာ ပြည့်စုံလာအောင်၊ ဆရာခြေရင်း ခဝပ်စင်းလျက်၊ သင်ခြင်းအမှု၊ ပြုသောသူသာ ချီးမွမ်းရာ၏တဲ့ကွ'*

ဟု ဆိုမိန့်ပါသေးသည်။

ကျွန်တော်၏ဆရာများက ကျွန်တော့်အား စေတနာ မေတ္တာဖြင့် ဆေးအသိ ဆေးပညာများကို လက်ဆင့်ကမ်းပေးခဲ့ပါသည်။

ထိုနည်းတူစွာ ကျွန်တော်ကလည်း ထပ်ဆင့်၍ တတ်စွမ်းသမျှ လက်ဆင့်ကမ်းရပါသတည်း။

ကျန်းမာ၍ချမ်းသာကြပါစေ

**မကွေးဝင်းမြင့်**

## လက်ဆင့်ကမ်း မြန်မာ့ဆေးပညာ

'လက်ဆင့်ကမ်းဟူသော စကားအရ သမားစဉ်ဆက် သက်ကြီးစကား သက်ငယ်ကြား မိဘနှင့်သားသမီး ဆရာနှင့်တပည့် ဆေးကုသမှု ဆေးဝါးဖော်စပ်မှုတို့ကို အနီးကပ် သင်ကြားပေးခြင်း၊ တပည့်က ဆရာ့ထံပါး၌ ဝတ်ကြီး ဝတ်ငယ်ပြုလျက် လပေါင်းများစွာ သင်ယူနာကြားခြင်းတို့ကို ဆိုလိုပါသည်။

'မြန်မာ့ဆေးပညာဟူသော' စကားရပ်မှာ မြန်မာတို့ ဘိုးစဉ်ဘောင်ဆက်မှ လက်ဆင့်ကမ်းသယ်ဆောင်လာခဲ့ကြသော ဗုဒ္ဓ၏ ကုထုံး အာယုဗ္ဗေဒကုထုံး သမားစဉ်ဆက် လက်တွေ့ ပွဲတွေ့ ကုထုံးများကို ဆိုလိုပါသည်။

## ကမ္ဘာ့ ဆေးပညာအစ

မြန်မာ့ တိုင်းရင်းဆေးပညာ၏ မြစ်ဖျားခံရာ ကမ္ဘာ့ဆေးပညာ သို့မဟုတ် အာယုဗ္ဗေဒဆေးပညာ၏ စတင်ပေါ်ပေါက်လာချိန်ကို ယနေ့အထိ မည်သူမျှ တိကျစွာ ဆုံးဖြတ်နိုင်ခြင်း မရှိသေးပေ။

အာယုဗ္ဗေဒဆေးကျမ်းပြု ရသေ့များကမူ 'အနာဒိကာလော အာယုဗ္ဗေဒေါ' ဟု မိန့်မှာခဲ့လေသည်။ သံသရာ၏ အစကို ရှာမတွေ့ ရသကဲ့သို့ အာယုဗ္ဗေဒဆေးပညာ၏ အစကိုလည်း ရှာ၍ မရဟု ဆိုလိုပေသည်။

ထို့ပြင် အာယုဗ္ဗေဒဆေးပညာရှင်တို့က ' နို့ရည်သည်ကလေးသူငယ် မမွေးဖွားမီကပင်လျှင် ကလေးသူငယ်အတွက် အဆင်သင့်ရှိနေသကဲ့သို့ အာယုဗ္ဗေဒ ဆေးပညာသည်လည်း လူသားတို့အတွက် လူသားများ မဖြစ်ထွန်းမပေါ်ပေါက်မီကပင် ရှိနေနှင့်ခဲ့သည်' ဟု ဆိုကြလေသည်။

မည်သည့်အပင် မည်သည့် အရွက်ကိုစားလျှင် မည်သည့်ရောဂါကို ပျောက်စေနိုင်သည် စသည်ဖြင့် လူသားတို့၏ ပင်ကိုယ်သဘာဝအသိ (သညာသိ)မှ အဆင့်ဆင့် အသိဉာဏ်မြင့် မားလာရာ ပညာသိအဖြစ်သို့ ရောက်ရှိလာရလေသည်။

ထိုသဘာဝအသိကလေးများကို တစ်စထက် တစ်စ တစ်ဆင့်ထက် တစ်ဆင့် စုဆောင်းမိခြင်းအားဖြင့် ကမ္ဘာ့ဆေးပညာကြီးတစ်ရပ် ပေါ်ပေါက်လာခဲ့ရလေသည်။

## ဒီဂရီလွတ် သမားတော်ကြီးများ

သရေခေတ္တရာ၊ ပုဂံ၊ မြင်းစိုင်း၊ စစ်ကိုင်း၊ ပင်းယ၊ အင်းဝ၊ တောင်ငူ၊ ကုန်းဘောင်ခေတ်တို့၌ ထင်ပေါ်ကျော်ကြားခဲ့သော ကျွန်တော်တို့၏ သမားတော်ကြီးများသည် ဘယ်ကျောင်း ဘယ်တက္ကသိုလ်မှ ဒီဂရီ မရခဲ့ကြပါ။ သို့သော် ထိုဆရာကြီးများသည် တိုင်းရင်းသား လုပ်သားပြည်သူအားလုံးက အားကိုး အားထားပြုခဲ့ကြရသည်။ အားကိုးလောက်သော နက်နဲခက်ခဲသော ပညာရပ်များ တတ်ကျွမ်းခဲ့ကြ၏။ ထို့မျှသာမက ထိုဆရာကြီးများသည် လက်ဆင့်ကမ်း၍ ဆေးပညာအမွေအနှစ်များ ပေးသွားပါသေးသည်။

ထိုတိုင်းရင်းဆေးပညာနှင့် မြန်မာတစ်မျိုးသားလုံး ကျန်းမာရေးကို ကာကွယ်စောင့်ရှောက်နိုင်ခဲ့ပါသည်။ ထိုဆရာကြီးများ၏ ထက်မြက်သော စွမ်းဆောင်မှုတို့ကြောင့် ကျွန်တော်တို့သည် မြန်မာ့

ဆေးပညာရပ်များကို အလွယ်တကူ သင်ယူနိုင်ခဲ့ကြပါသည်။ ထို ဒီဂရီလွတ် သမားတော်ကြီးများ၏ ကျေးဇူးကား ကြီးမားပါဘိ။ တွေးမိတိုင်း အကြိမ်ကြိမ် ဦးနှိမ်ရှိခိုး ကြည်ညိုမိပါသတည်း။

## ဆရာမပြ နည်းမကျ

ဆေးကုသခြင်း ဆေးဝါးဖော်စပ်ခြင်းများသည် လွယ်ကူသော အလုပ် မဟုတ်ပါ။ ဆရာနှင့်သင်ယူမှသာ မှန်ကန်မှုရနိုင်၏။ 'ဆရာမပြ–နည်းမကျ'ဆိုစကားအတိုင်း အတွေ့အကြုံဝါရင့်သော သမားတော်ကြီးများထံပါး၌ ဝတ်ကြီးဝတ်ငယ်ပြု၍ နည်းပညာများ ရယူကြရပါသည်။

စာရေးသူသည် ငယ်စဉ်က မကွေးမြို့မှ သမားတော်ကြီးများ ဖြစ်ကြသော ဆရာကြီး ဦးဘိုးမင်း၊ ဆရာကြီး ဦးထွန်းရင်တို့ထံ တွင် တပည့် ခံခဲ့ပါသည်။ ဟိုတုန်းက တပည့်ခံသည်ဆိုသည်မှာ ယခုခေတ်လို မဟုတ်ပါ။ အချိန်ပြည့်နေပါ၊ ဆရာကြီးထံ၌ ဝတ် ကြီးဝတ်ငယ်ပြုလျက် ဆရာကြီးများ၏ အရိပ်အခြည်ကို ကြည့်၍ အောက်ခြေသိမ်းကိစ္စ အဝဝ ဆောင်ရွက်ပေးရပါသည်။

လူနာ ရောက်လာလျှင်လည်း လူနာကို သွေးစမ်းမှု ရောဂါ စစ်တမ်းကောက်ယူ မေးခွန်းထုတ်သည်များကို မျက်တောင်မခတ် လေ့လာမှတ်သားရပါသည်။

လူနာ မလာနိုင်၍ ဆရာကြီးကို လာပင့်သော် ဆရာကြီး၏ ဆေးလွယ်အိတ်ကြီးကို လွယ်၍ လိုက်ရပါသေးသည်။

ဆရာကြီးများ ဆေးဖော်ကြသောအခါ ခုခေတ်ဆေးဖော်သလို အမှုန့်ကြိတ်စက်ထဲ ထည့်ရုံနှင့်မပြီးပါ။ သံဆုံထဲထည့်၍ လက်ပေါက်

မတတ် ထောင်းရပါသေးသည်။ ပြီးတော့ ပိတ်စပါးကလေးနှင့် အမှုန့်ချရ၏။

နေ့လည်နေ့ခင်း ကျွန်တော်က ဆေးထောင်းရင်း ဆရာကြီး ဦးဘိုးမင်းက လက်ဖက်စားရင်း– ကွမ်းဝါးရင်းမှ–

'အေး ....မင်းက ဆေးဆရာလုပ်မယ့်ကောင် ဆိုတော့ရှုဆေးကောင်းတစ်လက် ကောင်းကောင်း ဖော်ထားရမယ်ကွ။ အခုလို တဆေါင်းတန်ခူးမှာ ဆေးပေးဆေးကုရ ခက်သကွ။ ဘာဖြစ်လို့လဲဆိုရင် 'နေ့ပူ ညချမ်း တပေါင်းလသရမ်း' ဆိုတဲ့အတိုင်း အေးလိုက်ပူလိုက် ဝိရောဓိဖြစ်နေတော့ လူတွေ အခိုးအာကာသ ပိတ်ဖွဲ့ပြီး ဖက်ကြောတက်မှာပေါ့ကွာ။ ပြီးတော့ နေပူထဲက ပြန်လာပြီး ရေချိုးပစ်တာမျိုးတို့၊ ဖျားတတ်နာတတ်တာပေါ့၊ နှာရှုဆေးကလေး သုံးလိုက်ရုံနဲ့ ပျောက်ပါတယ်လေ၊ အဲ–ကွမ်းရွက်နဲ့ ချင်း ထန်းလျက် သင့်အောင် ထည့်ပြုတ်ရည်ကို တိုက်ရင်လဲပျောက်ပါတယ်။ ပိတ်ဖွဲ့တာကို ပွင့်အောင်လုပ်ရင် ရောဂါပျောက်တာပါပဲ။ အဲဒါ အလွယ်ဆုံးကတော့ နှာရှုဆေးပဲကွ၊ ခေါင်းကိုက်မယ်၊ ဖက်ကြောတက်မယ်၊ နှာတခွီးခွီးနဲ့ ပိတ်နေရင် နှာရှုပေတော့ အေး အဲဒီ နှာရှုဆေးနည်း မှတ်ထားဦးကွယ့်'

ထိုအခါ ကျွန်တော်သည် ဆေးထောင်းနေရာမှ ကဗျာကရာ ဆေးဗီရိုပေါ်တွင် တင်ထားသော မှတ်စု ဗလာစာအုပ်ကို ထယူရပါသည်။

'ဆေးနည်းက လွယ်ပါတယ်ကွာ၊ ဒုတ္တာ ၅ ကျပ်၊ လက်ချား ၄ ပဲ၊ ကျောက်ချဉ် ၄ ပဲ၊ လေးညှင်း ၄ ပဲ၊ ပရပ် ၄ ပဲ၊ ယမ်းစိမ်း ၄ပဲ၊ အဲဒါကို အမှုန့်ပြုပြီး လေလုံအောင် ပုလင်းထဲထည့်ထား'

'ဆရာကြီး အဲဒီရှုဆေးက ဘယ်လိုရောဂါတွေအတွက် သုံးရမှာလဲ'

'ခေါင်းကိုက်စွဲနေတဲ့လူတွေ ထိတ်ခတ်နာ ဖြစ်နေသူတွေ ဖက်ကြောတက်နေသူတွေ အပိတ်အဖွဲ့များပြီး ဖျားနေသူတွေ ပျောက်တာပေါ့ကွ'ဟူ၏။

## ဆေးလောက

စာရေးသူသည် ဆေးလောကထဲသို့ ရောက်ရှိ ဂုဏ်လည်း ယူသည်။ ဝမ်းလည်းသာ၏။ ပင်ပန်း ဆင်းရဲတာ အမှုမထား။ အကြောင်းလည်း မဟုတ်။ အရေးကြီးတာက မိမိဝါသနာပါသော ဆေးကုခြင်း အလုပ်လုပ်နေရ၍ ပျော်နေခြင်းဖြစ်ပါသည်။

ယခုသော်ကား....ကျွန်တော်သည် ဆေးလောကထဲသို့ ရောက်ရှိ ကျင်လည်နေပါပြီ။ ဤလောက၌ မည်သည့် အတတ်ပညာ မဆို ပြီးပြည့်စုံပြီ သင်စရာမလိုတော့ဟု မထင်ပါနှင့်။ ပညာဟူသည် သင်၍ မကုန်ပါ။

ကျွန်တော်သည် ရှေ့တန်း စစ်မျက်နှာသို့ စစ်ထွက်ရသော စစ်သည်ပမာ လက်နက်ကောင်း ရှိထားရသလို ဝေဒနာရှင်များနှင့် တွေ့ဆုံ၍ သေမင်းနှင့် စစ်ခင်းရသောအခါ ဆေးဆရာ၏ လက်နက် ဖြစ်သော ဆေးကောင်းတစ်လက် လို၏။

ထို့ကြောင့် ကျွန်တော်သည် ဆရာကြီး ဦးဘိုးမင်း ချီးမြှင့် ထားသော နှာရှုဆေး တစ်လက်ဖော်ရန် စီစဉ်ရပါတော့သည်။

ဆေးဖော်တာ လွယ်ပါ၏။ ဒုတ္တာ၊ လက်ချား၊ ကျောက်ချဉ်၊ လေးညှင်း၊ ပရုပ်၊ ယမ်းစိမ်းတို့ကို ပရဆေးဆိုင် ပြေးဝယ်လိုက်၏။

ဝယ်လာသောဆေးများကို အမှုန့်ထောင်းရန်အတွက် သံဆုံကို ကျကျနန ရေဆေးကာ အဝတ်သန့်သန့်ကလေးဖြင့် ပြောင်နေအောင် သုပ်ရ၏။ ခြောက်သွေ့သွားအောင် နေပြထားလိုက်သေးသည်။

'အေးကွ....ဆေးဆရာဆိုတာ သံဆုံကောင်းကောင်း တစ်ခုရှိ ရမယ်၊ ပြီးတော့ ဆေးထောင်းတဲ့အခါ မြင့်မြတ်တဲ့နေရာမှာ ထောင်း ရမယ်ကွ' ဟု ဆရာကြီးများ၏ သွန်သင်ဆုံးမမှုကိုလည်း နားထဲမှာ ကြားယောင်နေပါ၏။

ထို့ကြောင့် စာရေးသူသည် အိမ်ရှေ့ဧည့်ခန်းနှင့် မလှမ်းမကမ်း၊ ဘုရားကျောင်းဆောင် အနီးအနား၌ သံဆုံကို ချ၍ ဒုတ္တာကျောက်ချဉ် ယမ်းစိမ်းများထည့်၍ ထောင်းပါတော့သည်။

ထောင်းရင်းထောင်းရင်းနှင့် သံဆုံထဲ ငုံ့ကြည့်လိုက်သော အခါ ဆေးမှုန့်ဖြစ်မလာဘဲ ရေတရွဲရွဲ ဖြစ်လာပါတော့၏။ ဗုဒ္ဓေါ.... ဘယ်လိုပါလိမ့် လက်ဖြင့် နှိုက်၍ ကြည့်သောအခါ ရေတွေ ရွဲလို့ ပါကော။

သို့ဖြင့် ကျွန်တော်သည် ဆရာကြီး ဦးဘိုးမင်းထံပြေးရ၏။ ဖြစ်ကြောင်းကုန်စင် ပြောပြလိုက်သောအခါ ဆရာကြီးသည် အတွေ့အကြုံ ရင့်ကျက်သူပီပီ ချက်ချင်း သိလိုက်ပြီဖြစ်၏။ ထို့ကြောင့် ပြုဖွေးနေသော မျက်ခုံးမွေးကြီးနှင့် နှုတ်ခမ်းမွေးများ ထောင်ထလာ အောင် ရယ်မောပါတော့၏။

'ဟ ....ကောင်အိုလေးရ မင်းဟာက ဒုတ္တာ၊ ကျောက်ချဉ်၊ လက်ချား ရောထောင်းပစ်တာကိုးကွ၊ ရော မထောင်းရဘူး။ တစ်ခုစီ ထောင်းရတယ်ကွ။ ဒုတ္တာကို တစ်မျိုးထဲ သပ်သပ်ထောင်းလိုက်။ ပြီးတော့ ကျောက်ချဉ်ထောင်း၊ ပြီးတော့ လက်ချားထောင်း၊ အဲဒီလို တစ်ခုချင်းထောင်းပြီးမှ ထောင်းရတဲ့ အမှုန့်တွေကို ပေါင်း'

'သိပါဘူး ဆရာကြီးရယ် ကျွန်တော်က အကုန်လုံးရော ထောင်းပစ်တာ'

'အေး အဲဒါကြောင့် ရေဖြစ်သွားတာ'

သင်ခန်းစာ ကောင်းကောင်း ရလိုက်၏။ ဝယ်လာသောဆေး များ သုံးမရတော့။ ထို့ကြောင့် အသစ် ပြန်ဝယ်ထောင်းရ၏။ ဆရာကြီးပြောသည့်အတိုင်း ထောင်းတော့ ဘာ အနှောက်အယှက်မှ မရှိ။ အကောင်းပကတိ။

ဤသို့ဖြင့် ကျွန်တော်သည် နှာရှူဆေး ကောင်းကောင်း တစ် လက် လက်ဝယ် ပိုင်ပိုင် ရရှိခဲ့ပါသည်။ ထို ရှူဆေး၏ စွမ်းအင်မှာ မီးယပ် ခေါင်းကိုက်ဖြစ်နေသူ၊ ခေါင်းကြီးအမြဲအုံ၍ ကိုက်ခဲနေ သူ၊ အမြဲ နှာတချွဲချွဲနှင့် နှာရည်ယိုစီးနေသူ ထိတ်ခတ်နာဖြစ်နေ သူများကို နေ့လယ်နေ့ခင်းအချိန်၌ ရွေးစေ၍ နှာဝကို ပွတ်ပေးပါ။ အစွမ်းထက်၍ အပျောက်မြန်ပါသည်။

ထိုနှာရှုဆေး နှာဝပွတ်ပေးသော် နှာဝ၌ ပူသည်ဆိုပြီး ရေဆေးမပစ်ရပါ။ အပူနှင့်အအေး ထိပ်တိုက်ရင်ဆိုင်ပေးခြင်းမျိုးကို မြန်မာဆေးပညာရှင်များက လက်မခံပါ။

နှာဝ၌ ခေတ္တမျှ ပူခြင်းကို သည်းခံရပါသည်။ နာရီဝက်ခန့်ကြာလျှင် အေးသွားပါ၏။

အကယ်၍ လူနာသည် စုန်းပူးသလိုလို နတ်ပူးသလိုလို ပယောဂလိုလို ဖြစ်နေသည်ကို တွေ့အံ့။ နှာဝပွတ်ပါလေ။ မေးထူးခေါ်မရ မေ့မြောနေသူကို နှာဝမှုတ်ပေးပါ။ သတိလည်လာပါလိမ့်မည်။

အလွန်အားထားရသော နှာရှုဆေးတစ်လက် ဖြစ်ပါ၍ လက်ဆင့်ကမ်းလိုက်ရပါသတည်း။

* * *

## မဆယ်တင်တို့ရွာ

(၁)

ကျွန်တော်၏အသက် ၃၅ နှစ် ၃၆ နှစ်လောက်မှစ၍ 'မဆယ်တင်' အမည်ရှိ ထူးဆန်းသော အမျိုးသမီးကလေး တစ်ယောက်ကို ဆေးပညာရှုဒေါင့်မှနေ၍ လေ့လာ သုတေသနပြုခဲ့ပါသည်။

မဆယ်တင်သည် ထမင်းဟင်း လုံးဝ မစား မသောက်ဘဲ အသက်ရှင်ရပ်တည်လျက် ရှိကြောင်းကို ကျွန်တော်၏အသက်က လေးရယ်တဲ့ ရှည်စေလို စာအုပ်ထဲ၌ ရေးသားဖော်ပြခဲ့ပါသည်။

မြန်မာပြည်အနှံ့အပြားရှိ မိတ်ဆွေများက မဆယ်တင်ကို စိတ်ဝင်စားကြပါသည်။ အထူးသဖြင့် စာရေးဆရာ မောင်သိန်းဆိုင်က 'မဆယ်တင်အကြောင်း ဆက်ရေးဦးဗျ' ဟု တိုက်တွန်းအားပေးလေ့ရှိပါသည်။

ဘာလိုလိုနှင့်မဆယ်တင်ကို ကျွန်တော်လေ့လာခဲ့သည်မှာ နှစ်ပေါင်း ၁၄ နှစ်မျှ ကြာပါပြီ။ ကျွန်တော်သည်မိတ်ဆွေအတော်များများကို မဆယ်တင်ရှိရာ ဝဲဒေါင့်ရွာသို့ မကြာခန လိုက်ပို့ပေးခဲ့ပါသည်။ စာရေးဆရာများ ဖြစ်ကြသော ဒေါင်းနွယ်ဆွေ၊ တက္ကသိုလ်နေဝင်း၊ မြင့်မောင်မောင်၊ မောင်သိန်းဆိုင်အပါအဝင် စာရေးဆရာ

အတော်များများကိုလည်း မဆယ်တင်နှင့် တွေ့ဆုံပေးခဲ့ပါသည်။ မဆယ်တင်သည် မေးသမျှကို ဖြေ၍ ထွေထွေထူးထူး ပြန်ပြော လေ့ မရှိပါ။ သို့သော် မောင်သိန်းဆိုင်ကျတော့ ... ဤသို့ပြော၏။

'နောက် တစ်ခေါက်လာရင် အရက်သောက်မလာနဲ့နော်' ဟူ၏။ မဆယ်တင်သည် လိမ္မာယဉ်ကျေးစွာဖြင့် 'မောင်သိန်းဆိုင်ကို အရက်ဖြတ်ပါ'ဟု ဆိုလိုက်ခြင်း ဖြစ်ပါသည်။ ထို့ကြောင့်လည်း မောင်သိန်းဆိုင်သည် မဆယ်တင်ကို စိတ်ဝင်စားနေဟန်တူ၏။

## သွေးနှင့်ကိုယ် သားနှင့်ကိုယ်

မဆယ်တင်သည် ထမင်းမစားခြင်းမှ လွဲ၍ သူလိုငါလို သွေးနှင့်ကိုယ် သားနှင့်ကိုယ် မိန်းကလေးတစ်ဦးဖြစ်ပါသည်။ ကျွန်တော်နှင့် စတွေ့တုန်းက မဆယ်တင်၏ အသက် ၂၄ နှစ်ဘဲရှိပါသေးသည်။

ငယ်ရွယ်သူမိန်းမပျိုကလေးဖြစ်၍ အစစအရာရာ ထောက်ထားကာ သူမဓာတ်ပုံကိုပင် ကျွန်တော်၏ စာအုပ်ထဲ၌ မဖော်ပြဘဲသာမန်လောက်ပဲရေးခဲ့ပါသည်။

ပြောရလျှင် မဆယ်တင်သည် ဗုဒ္ဓဟူးသမီး ဖြစ်ပါသည်။ ဗုဒ္ဓဟူးနေ့တိုင်း ညဥ့်အခါ ဖယောင်းတိုင်ဖြင့် ဘုရားမီးပူဇော်လျှင် တစ်ညဥ့်လုံး လင်း၏။ ။ သာမန်လက် ညှိုးခန့်ရှိ ဖယောင်းတိုင်တစ်တိုင် ကြာလှ တစ်နာရီပါ။ ထိုအကြောင်း သည်လည်း အံ့သြဖွယ်ဖြစ်ပါ၏။ သို့သော် ထိုစဥ်က .... ကျွန်တော် မဖော်ပြခဲ့ပါ။ ထိန်ချန်ထားခဲ့ပါသည်။ ဘာ့ကြောင့် ထိန်ချန်ခဲ့ရသနည်းဆိုသော် .... ဗုဒ္ဓဘာသာဝင်များ ပုဂ္ဂိုလ်ရေးဆည်းကပ်ကိုးကွယ်မှုတွေ မှားယွင်းမှာ စိုးပါသည်။

အခ်ိက ယုံကြည်အားထား ဆည်းကပ်ရမှာက ..ရတနာသုံးပါး မဟုတ်ပါလား။

မဆယ်တင် ထမင်းမစားဘဲ နေနိုင်ခြင်းသည် ကျွန်တော်တို့ကို ဘာမှ အကျိုးမပြုပါ။ ဗုဒ္ဓဟူးနေ့ညဥ့် လက်ညှိုးခန့် ဖယောင်းတိုင်ကလေး ထွန်းထားလျှင် တစ်ညလုံး မီးလင်းခြင်းသည်လည်း အများ ပြည်သူကို ဘာမျှ အကျိုးမပြုပါ။ မဆယ်တင် အာဟာရသိဒ္ဓိပြီးမြောက်နေခြင်းမှာလည်း ဘဝဘဝက ဆုတောင်းကြောင့် ဖြစ်ပါလိမ့်မည်။ သူသာ မစားဘဲနေနိုင်၍ သူ့ မိဘဆွေမျိုးသားချင်းများကို အာဟာရသိဒ္ဓိပြီးအောင် လုပ်မပေးနိုင်ပါ။

## ထူးဆန်းမှုကို စူးစမ်းပြု

ကျွန်တော့်အနေဖြင့် ဆေးပညာရှုထောင့်မှ မဆယ်တင်၏ ထူးဆန်းမှုကို စူးစမ်းပြုခြင်းသာ ဖြစ်ပါသည်။ ၁၉၇၇ မှ ၁၉၈၇ ထိ အနီးကပ် စူးစမ်း သုတေသနပြုခဲ့ပါသည်။ မဆယ်တင်၏ ဖြစ်ရပ်အမှန်ကလေးကို ကျွန်တော့်စာအုပ်ထဲ ထည့်ရေးလိုက်သောအခါ ရပ်ဝေးရပ်နီးမှ လူအတော်များများ စိတ်ဝင်စားကြ၏။ ရွှေစက်တော်၊ ကျောင်းတော်ရာဘုရားဖူးများ ကားကြီး ကားငယ် အသွယ်သွယ်နှင့် မဆယ်တင်တို့ရွာသို့ ရောက်လာ၏။ မဆယ်တင်ကို ဘုရားဖူးခေါ်သွားကြ၏။

မဆယ်တင်ကလည်း ဘုရားဖူးလာခေါ်လျှင် မြန်မာနိုင်ငံအနှံ့ ဘယ်အရပ်ထိ လိုက်ရ လိုက်ရ၏။ တစ်ခါသော် ရန်ကုန်မှ ဘုရားဖူးများက မဆယ်တင်ကို ကျိုက်ထီးရိုးသို့ ဘုရားဖူးခေါ်သွား၏။ ကျိုက်ထီးရိုးတောင်ကို တက်ကြသောအခါ လူ၂၀ ခန့် ပါဝင်သော သူတို့အဖွဲ့သည် မောပန်းနွမ်းနယ်ကြ၏။ ဆာလောင်မွတ်သိပ်၍မုန့်စားကြ၏။ ရေခဏခဏသောက်ကြ၏။ မဆယ်တင်ကတော့ အပြုံးမပျက်။ ရေတစ်ပေါက်မျှမသောက်။ အစားအစာဆို ဝေးလာဝေး။

# ( ၂ )

ကျွန်တော်သည် မကွေးတိုင်း၊ ပွင့်ဖြူမြို့နယ် သာသနာ့ဝင် စန္ဒကူးနံ့သာ ကျောင်းတော်ရာ ဘုရားကြီးဘက်စုံ ပြုပြင် မွမ်းမံရေးတွင် သတင်းနှင့်ပြန်ကြားရေး တာဝန်ယူရ၏။ ထို့ကြောင့် ကျောင်းတော်ရာသို့ ရောက်ရှိနေပါသည်။ ကျောင်းတော်ရာကျောင်းကြီးကျောင်း ဆရာတော် ဦးဓမ္မစာရ(အစိုးရဓမ္မာစရိယ)က ကျွန်တော်တို့ သတင်းနှင့်ပြန်ကြားရေးအဖွဲ့ကို ကျွေးမွေးစောင့်ရှောက်ပါသည်။

ကျွန်တော်တို့အဖွဲ့ဆိုသည်မှာ မကွေးတိုင်း သာသနာရေးဌာန ဦးစီးမှူး ဦးအောင်မြင်၊ လက်ထောက်သာသနာရေးမှူး ဦးဝင်းမောင်နှင့် ဝင်းခေတ်အောင် ဗွီဒီယို ရိုက်ကူးရေးအဖွဲ့မှ ကိုမျိုးတို့ ဖြစ်ပါသည်။

ကျွန်တော်တို့အဖွဲ့သည် ကျောင်းတော်ရာ ကျောင်းကြီးကျောင်း ဆရာတော်၏ ကျောင်းအပေါ်ထပ်၌ တည်းခိုနေထိုင်ကြပါသည်။ ကျောင်းတော်ရာဘုရားကြီးအား မပြုပြင်မီ မှတ်တမ်းတင်ဓာတ်ပုံနှင့် ဗွီဒီယိုရိုက်ကူးကြပါသည်။ ကျွန်တော်တို့ တာဝန်ပြီးသောအခါ ကျောင်းတော်ရာ ဘုရားကြီးရှေ့မှ ဟိုအဝေးကို လှမ်းမျှော်ကြည့်လိုက်မိသောအခါမဆယ်တင်တို့ နေထိုင်သော ဝဲဒေါင့်ရွာကို မြင်တွေ့ရပါသည်။ ကျောင်းတော်ရာဘုရားမှ နှစ်မိုင်မျှ ဝေး၏။

မဆယ်တင်ကို သတိရသည်။ မဆယ်တင်နှင့်လူချင်းမဆုံဖြစ်ခဲ့သည်မှာ ၁၉၈၆ ခုနှစ် နှစ်ဦးပိုင်းလောက်မှ ၁၉၉၁ ခုနှစ် ဩဂုတ်လ ၁၆ ရက်နေ့အထိ ဆိုပါတော့။ ၄နှစ်ကျော် ၅နှစ်နီးပါး ကြာခဲ့ပါပြီ။ ၄နှစ်ကျော် ၅ နှစ်ကာလအတွင်း မဆယ်တင်ကို သတိမရ၍ တော့ မဟုတ်ပါ။ တစ်ခါ တစ်ခါ စိတ်ကူးထဲ ဝင်လာပါ၏။ သို့သော် ယခင်ကလို မဆယ်တင်ထံလိုက်ပို့စမ်းပါဟု ဆိုလာသောသူ မရှိ၍ ဖြစ်ပါသည်။

ယခု ကျောင်းတော်ရာဘုရားကြီးသို့ ရောက်ရှိစဉ် မဆယ်တင်ရှိရာ ဝဲဒေါင့်ရွာသို့ သွားချင်၏။ ထို့ကြောင့် ကျွန်တော်သည်

ည်သူကိုမျှ အဖော်မခေါ်ဘဲ တစ်ဦးတည်း ဝဲခေါင့်ရွာသို့ ခြေလျင် လျှောက်လာခဲ့ပါသည်။ နေက ပူပါဘိခြင်း။ ဖုံတွေကလည်း တထောင်းထောင်းထသည်။ တဖြည်းဖြည်းနှင့် ရွာအဝင်ဝ ရောက်လာ၏။ ရွာအဝင်မှာတော့ သာယာပါသည်။ လယ်ကွင်းတွေကလဲ မြရည်လို စိမ်းလို့ပါကော။

ယခင်က မဆယ်တင်တို့အိမ်ရောက်တိုင်းမဆယ်တင်၏ဖခင် ဦးမြင့်နှင့်စကားလက်ဆုံ ပြောမကုန်ခဲ့။ ယခုလည်း အိမ်ဝရောက်တော့ မဆယ်တင်၏ဖခင် ဦးမြင့်ကို ရှာမိသည်။ မတွေ့ရ။ မဆယ်တင်၏ မိခင် ဒေါ်ဖွားစိန်ကို တွေ့ရ၏။

ဒေါ်ဖွားစိန်သည် ကျွန်တော့်ကို မြင်သောအခါ ဝမ်းသာအယ်လဲ ဆီးကြိုသည်။

'အဒေါ် .... မဆယ်တင် ရှိလား' ဟုမေးတော့ ဒေါ်ဖွားစိန်က ခေါင်းညိတ်ပြ၏။မနေ့က ကျောင်းတော်ရာဘုရားသို့ လာရောက်ကြသော ဘုရားဖူးအဖွဲ့ အိမ်ကိုလာသွားကြောင်း ပြော၏။

မဆယ်တင်သည် ကျွန်တော့်အသံကို ကြားသောအခါ အိမ်ခန်းထဲမှ ပြေးထွက်လာသည်။

'ဦးလေး .... ကျွန်မတို့ဆီမလာတာကြာပြီနော်'

'ဟုတ်တယ်၊ မဆယ်တင် ....ဦးလေးလဲမအားဘူး။ ဘာလိုလိုနဲ့ မဆယ်တင်နဲ့ မတွေ့တာ လေးငါးနှစ်ရှိ သွားပြီနော်'

'အဲဒီလေးငါးနှစ် အတောအတွင်းမှာ ကျွန်မဘဝ ပြုပြင်ပြောင်းလဲ မှုတွေ အများကြီးပဲ ဦးလေး။ အဖေလဲ ....ဆုံးပြီ'

'ဟင် ဦးလေးဦးမြင့် ဆုံးပြီဟုတ်လား'

'ဟုတ်တယ်ဦးလေး၊ အဖေဆုံးတာ ၁၉၈၆ ခုနှစ်ကပေါ့၊ အဖေဆုံးတော့ ကျွန်မလဲစိတ်လေလေနဲ့ ယောကျ်ားယူလိုက်တယ်၊ အခု အဲဒီ ယောကျ်ားလဲဆုံးပြီ၊ ၄နှစ်ပဲပေါင်းလိုက်ရတယ်'

ကျွန်တော်သည် မဆယ်တင်ပြောသမျှကို ပါးစပ်အဟောက်လည်းသားနှင့် တအံ့တသြ နားထောင်နေမိသည်။

'ကျွန်မ ယောကျ်ားယူတာကို မန္တလေးဘုရားကြီး ကျောင်းသို့ တစ်အတော်များများက ကျွန်မကို စိတ်ဆိုးရှိပါသည်။ ကျောင်းရောက်တော့

ကျွန်မကို စိတ်ဆိုးနေတာပဲ မဟုတ်လား'

'မဆယ်တင်ယောကျ်ားရနေပြီဆိုတဲ့ သတင်းသဲ့သဲ့တော့ ကြားတယ်၊ ဒါပေမယ့် ဦးလေး စိတ်မဆိုးပါဘူး၊ မဆယ်တင်အပျို ပဲဟာ အပျိုဟာ ယောကျ်ားယူတာ ဆန်းတာမှ မဟုတ်တာ'

ဦးလေး တစ်ယောက်ပဲ စိတ်မဆိုးတယ်၊ ကျန်တဲ့ လူတွေက ကျွန်မ ယောကျ်ား ယူရကောင်းလားဆိုပြီး စိတ်ဆိုးနေကြတယ်၊ အပြစ်လဲတင်ကြတယ်'

မဆယ်တင်သည် ကျွန်တော် မမျှော်လင့်ဘဲ ရောက်လာ၍ ဝမ်းသာနေရှာသည်။ ထန်းလျက်၊ မြေပဲယို၊ လက်ဖက်သုတ် စသည် ဖြင့် ဖွယ်ဖွယ်ရာရာ ဧည့်ဝတ်ပြုပါသည်။

'ဦးလေးရယ် ....လေးနှစ်ကျော် ငါးနှစ်အတွင်းမှာ ကျွန်မဒုက္ခ ရောက်လိုက်တာ မပြောပါနဲ့တော့။ အဖေဆုံးတယ်။အဖေဆုံးပြီး ယောကျ်ားရတယ်။ တစ်ခါ ယောကျ်ားဆုံးပြန်ရော၊ ကျွန်မလက်ဝဲဖော် လက်စားလက်ကောက်ဆွဲကြိုးတွေလဲ အခိုးခံရတယ် ဦးလေးရဲ့။ ပြီးတော့ မောင်အငယ်ဆုံးက ကျွန်မကို ရိုက်လို့ ဟောဒီလက်ကျိုး သေးတယ်။ ကျွန်မဇာတ်လမ်း ဗွီဒီရိုများ ရိုက်လိုက်ရရင် မျက်ရည် တောက်တောက်တောင်ကျမယ် ဦးလေး'

မဆယ်တင်သည် ဒုက္ခရောက်ခဲ့ပုံ အစုံစုံကို တသီကြီးပြောပြ ပါသည်။

'လူ့ဘဝဆိုတာ ဒုက္ခဘုံကြီးပါ မဆယ်တင်ရယ်'

'မှန်ပါတယ်ဦးလေးရယ် ကျွန်မလောကဓံတရားကို ကြံ့ကြံ့ ခံနိုင်ပါတယ်'

ပြောပြောဆိုဆိုနှင့် လေးနှစ်အရွယ်ရှိ ယောကျ်ားလေးတစ် ယောက် အိမ်ထဲ ပြေးဝင်လာ၏။

'ဦးလေး ....ဒါ ကျွန်မသားလေ ဇေယျာဝင်းတဲ့၊ သူ့အဖေ ဆုံး... ...ခင်းတင်တဲ့ နတ်မောက်သား ဦးလေးရဲ့၊ ကျွန်မယောကျ်ား မရှိ၍ ဖြစ်ပါသည်။ ...ကိုသွားတိုင်း မကွေးကိုရောက်တယ်၊ ဦးလေးဆီ ယခု ကျောင်းပေ...

ရှိရာ ဝဲဒေါင့်ရွာသို့ သွား...တာလဲ မဆယ်တင်ရယ်'

'ဦးလေးက ကျွန်မ ယောကျ်ားယူတာကို စိတ်ဆိုးနေမှာပဲ ဆိုပြီး မဝင်ဝံ့တာ'

'အောင်မာလေး မဆယ်တင်ရယ်၊ ကိုယ့်တူမယောကျ်ားရတာကို ဝမ်းသာရမှာပေါ့ဟဲ့'

'မသိဘူးလေ'

'ဦးလေး.... ဒီနေ့ မပြန်နဲ့နော်၊ ညစာထမင်း ဒီမှာစား'

'မပြန်လို့ မဖြစ်ဘူး၊ မဆယ်တင်.... ဟိုမှာ ဦးလေး မိတ်ဆွေတွေပါတယ်၊ သူတို့ စိတ်ပူနေကြမှာ'

ပြောပြောဆိုဆိုနှင့် မိုးတွေ ရွာချသည်။ သည်းလိုက်သည့်မိုး။ အိမ်အပြင်မှာ ရေတွေ ဖွေးဖွေး လျှပ်သွားသည်။ တစ်နာရီကြာမှ မိုးတိတ်သွားသည်။

'ကဲ ...မဆယ်တင်ရေ ဦးလေး ပြန်ဦးမယ်နော်'

'ဦးလေးရယ် ...ဒီမှာ ညစာစားသွားပါဆို'

'မစားတော့ဘူး မဆယ်တင်'

ကျွန်တော်သည် ပြောပြောဆိုဆိုနှင့် ပြန်ရန်ဟန်ပြင်တော့–

'ဦးလေးကို အားနာလိုက်တာ၊ ဦးလေးကို မြင်းလှည်းနဲ့ လိုက်ပို့ချင်တာ'

'နေပါစေ မဆယ်တင်ရယ် ဦးလေး ခြေလျင်ပဲ ဖြေးဖြေး လျှောက် ပြန်လို့ရပါတယ်'

ကျွန်တော်သည် ရွာလယ်လမ်းမကြီးပေါ်ရှိ ရေဗွက်များ၊ ရွှံ့ဗွက်များကို ရှောင်ရင်း တိမ်းရင်းနှင့် တရွေ့ရွေ့လျှောက်လာခဲ့ရာ ရွာအပြင်ရောက်ပြီ။

ရွာအပြင်မှာ မိုးရွာထားသောကြောင့် ဆိုးလိုက်သည့်လမ်း။ မိမိကိုယ်တိုင် လဲကျမသွားအောင် သတိထား၍ လျှောက်ပါသော်လည်း မရပါ။ ဖိနပ်မှာ ရွှံ့စေးတွေ ကပ်နေသောကြောင့် လှမ်း၍ပင်မရတော့။ ထို့ကြောင့် ဖိနပ်ကို ချွတ်၍ လက်က ကိုင်ရ၏။ ဖိနပ်ကလည်း ရွှံ့စေးများကြောင့် လေးပါဘိခြင်း။

ဝဲဒေါင့်ရွာမှ ကျောင်းတော်ရာဘုရားကြီး ကျောင်းသို့ တစ်နာရီကျော်ကြာမျှ လျှောက်လှမ်းခဲ့ရပါသည်။ ကျောင်းရောက်တော့

မှောင်ရီသန်းနေပါပြီ။ ကျောင်းဝင်းအတွင်းရှိ ရေတွင်းမှာ ရေချိုးသန့်စင်ပြီး ကျောင်းပေါ်တက်ခဲ့ရသည်။

'ဆရာ ဦးဝင်းမြင့် နေ့လယ်ကတိုင် ပျောက်သွားလို့ ရှာနေကြတာ၊ ခု ညနေစောင်းလဲထမင်းစားစောင့်နေကြသေးတယ်၊ မလာနိုင်တာနဲ့ စားနှင့်ကြပြီ'

ကပ္ပိယကြီး ဦးမြက ပြောရင်းဆိုရင်းနှင့် ထမင်းပွဲပြင်ဆင်ကျွေးမွေးပြုစုပါသည်။ ကျွန်တော် ထမင်းစားနေတုံး ဆရာတော်မတ်တတ်လာရပ်ပြီး

'ဒကာကြီး ဘယ်လည်နေတာတုန်း'

'တပည့်တော် ဝဲဒေါင့်ရောက်သွားတာဘုရား'

'ဝဲဒေါင့် မဆယ်တင်နဲ့ တွေ့ခဲ့လား'

'တင်ပါ့'

(၃)

၁၇–၈–၉၁ စနေနေ့ နံနက်ခင်း။

မကွေးတိုင်းပွင့်ဖြူမြို့နယ်ရှိ ကျောင်းတော်ရာဘုရားကြီး၌ ဘုရားဖူးများနှင့် စည်ကားနေပါသည်။ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့၏ လမ်းညွှန်ချက်အရ စန္ဒကူးနံ့သာကျောင်းတော်ရာဘုရားကြီး ဘက်စုံပြုပြင်တည်ဆောက်ရေး အစီအစဉ်များ ဗဟိုကော်မတီဖွဲ့၍ ဆောင်ရွက်ကြပါသည်။ နေ့လည် ၁ နာရီတွင် တာဝန်နှင့်ဝတ္တရား ပြီးဆုံးပါသည်။

ထို့ကြောင့် စာရေးသူသည် ပေါ့ပါး သွက်လက်စွာဖြင့် ဝဲဒေါင့်ရွာသို့ ခြေဦးလှည့်လိုက်တော့–

'ဒကာကြီး ဘယ်လဲ'

'ဝဲဒေါင့်ကို တစ်ခေါက် ထပ်သွားဦးမလို့ဘုရား'

'ဘာနဲ့ သွားမှာလဲ'

'ခြေလျင်ပါဘုရား'

'ခြေလျင်တော့ မသွားပါနဲ့ ဒကာကြီးရယ် ပင်ပန်းပါတယ် ကျောင်းကကားနဲ့ သွားပါ'

ကျောင်းတော်ရာ ဂေါပကအဖွဲ့ပိုင်လော်လီကားကြီးဖြင့် သွားရန် စီစဉ်ပေးပါတော့၏။ ဒရိုင်ဘာ၏ အမည်မှာ ဦးအောင်ရီဖြစ်၏။ ဦးအောင်ရီသည် သူ့အားဦ ကျွန်တော့်ကို ထိုင်စေပြီး စက်သံပြင်းပြင်းနှင့် ဝဲဒေါင့်ရွာသို့ ရှေ့ရှုမောင်းနှင်ပါတော့သည်။

'ကိုအောင်ရီ မဆယ်တင်ကို သိလား'

'သိပါတယ် ဆရာ'

'ဒါဖြင့် အဲဒီမောင်းဗျာ'

မဆယ်တင်တို့အိမ်ရှေ့ ကားထိုးဆိုက်လိုက်တော့၊ ကိုအောင်ရီက ကားဟွန်းသံ ပေးလိုက်၏။ ကိုအောင်ရီနှင့် မဆယ်တင်တို့က သိဟောင်းကျွမ်းဟောင်း။

မဆယ်တင်ပြေးထွက်လာပြီး–

'ဟော.... ဦးလေးပါကော...လာ...လာ... ဦးလေး ဦးအောင်ရီလဲ လာလေ'

'နေပါစေ မဆယ်တင် ဆရာဦးဝင်းမြင့်နဲ့ လွတ်လွတ်လပ်လပ် ပြောကြပါ'

ကိုအောင်ရီသည် ကားပေါ်မှ ဆင်း၍ တခြား အိမ်တစ်အိမ်သို့ ထွက်သွားပြီ။

'ဦးလေး မကွေး မပြန်ရသေးဘူးနော်'

'ဒီနေ့ညနေ ၅ နာရီပြန်ကြမှာ'

'ဘာနဲ့ပြန်မှာလဲ ဦးလေး'

'ဦးလေးတို့ အစိုးရ ယူဘီကလေးပါတယ်'

ထုံးစံအတိုင်း မဆယ်တင်သည် ရေနွေးကြမ်း လက်ဖက်သုပ် မြေပဲယိုစသည်တို့ဖြင့် ဖွယ်ဖွယ်ရာရာ ဧည့်ဝတ်ပြုပါသည်။

မဆယ်တင်၏မိခင် ဒေါ်ဖွားမြင့်သည် ကုတင်တစ်လုံးပေါ်၌ အိပ်မောကျနေသည်ကို တွေ့ရ၏။

'အဒေါ် ခြေပစ်လက်ပစ်နဲ့ အိပ်မောကျနေတာ ထောက်တော့ မဆယ်တင်တို့ဆီ ဧည့်သည်တွေများတယ်နဲ့ တူတယ်'

'ဟုတ်တယ်ဦးလေး ဘုရားပွဲတော်ရက်ဆိုတော့ ဧည့်သည်က မစဲဘူး'

'ဧည့်သည်တွေက ဘာတွေ မေးတုန်း'

'ကျွန်မ ထမင်းမစားတာကိုဘဲ မေးနေကြတာပါပဲ ဦးလေး ရယ်'

'ဦးလေးလဲ မဆယ်တင်ကိုမေးစရာ တစ်ခုရှိသေးတယ်'

'အောင်မယ်လေး ဦးလေးရယ်၊ ဘာများ မေးချင်လို့လဲ'

'မဆယ်တင် ငယ်စဉ်ကစပြီး ဒီနေ့ထိ ဖျားနာဖူးသလား'

'ဟင့်အင်း မဖြစ်ဖူးဘူး ဦးလေး'

'နောက်တစ်ခုမေးချင်တာက မဆယ်တင် ကလေးမွေးတုန်းက မီခင်နို့တိုက်သလား'

'ကျွန်မကလေးမွေးတုန်းက နို့မထွက်ဘူး ဦးလေး ကျွန်မ သားလေးကို နွားနို့ တိုက်တယ်၊ ထူးဆန်းတာက အထက်ကစို့ အောက်က ဝမ်းလျှောတာပဲ၊ ဒါနဲ့ နို့မှုန့်ဘူးဝယ်ပြီး ဖျော်တိုက်ပြန် တော့လဲ ဝမ်းလျှောတာပဲဒါနဲ့ ထမင်းရည်နဲ့ ထန်းလျက်ဖျော်တိုက် တော့ လက်ခံတယ်၊ ရတယ်၊ မွေးပြီး သုံးရက်လောက် ရှိတော့ ထမင်းပျော့ပျော့ကလေးနဲ့ စခဲ့ရတာပါပဲဦးလေးရယ်'

'မဆယ်တင် ဘုရားမီး ပူဇော်တဲ့အခါ ဖယောင်းတိုင်နဲ့ ပူဇော်တယ်နော်'

'ဗုဒ္ဓဟူးနေ့ညဆိုရင် ဖယောင်းတိုင် တစ်တိုင်ထွန်းထားရင် တစ်ညလုံးလင်းတယ်'

'ခုကော ....'

'လင်းပါတယ် ဦးလေး ....ဖယောင်းတိုင်တစ်တိုင်နဲ့ မီးမငြိမ်း တဲ့အပြင် မီးလင်းထိ လက်နှစ်သစ်လောက်ကျန်နေသေးတယ်'

'မဆယ်တင် ထမင်းဘယ်တော့စားမလဲ'

မဆယ်တင်သည် ကျွန်တော့်ကိုကြည့်ပြီး ပြုံးနေသည်။ တော်တော်နှင့်အဖြေမပေး၊ ပြီးမှ—

'ကျွန်မ ထမင်းမစားချင်ပါဘူး ဦးလေးရယ်'

'မဆယ်တင်ဘုရားဝတ်ပြုချိန် ပုတီးစိပ်ချိန်ပြောပါဦး'

'ကျွန်မ နံနက်စောစော ရေချမ်းကပ်တယ်၊ နေ့လည်နှစ်နာရီလောက်မှာ ရေချမ်းတစ်ခါကပ်တယ်၊ ညနေစောင်းကျတော့ ပန်းကပ်လှူတယ်၊ ညကျတော့ ဆီမီးဖယောင်းတိုင် မီးပူဇော်ပါတယ်'

'ပုတီးစိပ်ကော'

'ရှင်အရဟံ ပုတီးစိပ် စိပ်ပါတယ်ဦးလေး'

မဆယ်တင်၏ အသက် ယခု ၃၈ နှစ်ရှိပြီ။ ဟိုတုန်းကလိုပါဘဲ။ ပိန်လည်းမပိန်။ ဝလည်းမဝ။ မုဆိုးမကလေးတစ်ယောက်မိခင်ဖြစ်သော်လည်း ရုပ်ရည်ကျမသွားပါ။ ငယ်ငယ်ကလို ဖြူဖြူသန့်သန့် သွယ်သွယ်လျလျကလေး ဖြစ်ပါသည်။ လောကဓံ၏နှိပ်စက်မှုကြောင့် စိတ်ပျက် အားငယ်သည့်အသွင် မမြင်ရပါ။

'ဦးလေး.... ကျွန်မသားလေးကို ရှင်ပြုဦးမှာ'

'အေး .... ကောင်းတာပေါ့ အလှူလုပ်တဲ့အခါ ဦးလေးဆီ ဖိတ်စာပို့နော်'

'ပို့မှာပေါ့ ဦးလေးရယ်၊ ကျွန်မအဖို့တော့ ဒီသားလေး ရှင်ပြုနိုင်ရေးအတွက် ကြိုးစားနေရတာပဲ ဦးလေး'

'ကောင်းသဗျာ.... သာဓု...., သာဓု.... သာဓု'

ကျွန်တော်သည် မဆယ်တင်ကို နှုတ်ဆက်ပြီး ကားပေါ်တက်လိုက်တော့ ကားဒရိုင်ဘာကြီး ဦးအောင်ရီသည် အသင့်စက်နှိုးထားပြီးဖြစ်ပါသည်။ ကျွန်တော်တို့ကားထွက်လာတော့ မဆယ်တင်သည် လက်ကလေးတပြပြနှင့် နှုတ်ဆက်ကျန်ရစ်ပါတော့သတည်း။

* * *

## အသီးအရွက်စားလျှင် ဝမ်းပျက်တဲ့ ကလေးမ

(၁)

ဤလောကမြေမဟီ၌ အဖြစ်ဆန်းတွေက အများသား။ ကြားရလျှင် ယုံနိုင်စရာမရှိ။ ကျွန်တော့်မိတ်ဆွေတစ်ယောက်ဆိုလျှင် ကြက်ဥလုံးဝ စားမရ။ ကြက်ဥစားလိုက်လျှင် ဝမ်းပျက် ဝမ်းလျှော တော့၏။

ကြက်ဥအနည်းငယ်မျှ ထည့်၍ပြုလုပ်သော ပေါင်မုန့်ကိတ်မုန့် များ စားလျှင်လည်း ဝမ်းလျှော၏။ ကြက်ဥပါသောပစ္စည်း သူ့အစာအိမ်က လုံးဝလက်မခံပါ။

ယခုလည်း အပျိုအရွယ် မိန်းကလေးတစ်ဦး တွေ့ရ၏။ ဟင်းသီးဟင်းရွက်စားလိုက်လျှင် ဝမ်းလျှော ဝမ်းပျက်၏။ အသီး အရွက်ဆိုလျှင် ဟင်းသောက်ဇွန်း တစ်ဇွန်းမျှပင် လက်မခံပါ။ သူမ အသက် ၂၂ နှစ်မျှ ရှိပါပြီ။ သူမအကြောင်းကို တင်ပြအစီရင်ခံရ သော်....

(၂)

ကျွန်တော်သည် မကွေးမှ ရန်ကုန်သို့ တစ်လလျှင် တစ်ခေါက် နှစ်ခေါက်ဆိုသလို ရောက်၏။ မိမိ ရန်ကုန်ရောက်လျှင် မိတ်ဆွေ များထံ အိမ်ပေါက်စေ့ လိုလို ရောက်၏။ ကျန်းခဲ့သာလို့ မာပါစ၊ စားရေးသောက်ရေး ရောင်းရေးဝယ်ရေး ကောင်းကြပါရဲ့လား စသည်ဖြင့် မေးရ၏။

ယခုလည်း ကျွန်တော်သည် အမှတ်( )၊ ၃၇ လမ်း(အပေါ်ဆုံး ထပ်) ဒေါ်ရင်မေအိမ်သို့ ရောက်သွားသည်။ ဒေါ်ရင်မေ၏သား ကိုတင်အောင်သည် ထီစာအုပ်များ လက်လီလက်ကားရောင်းခြင်း အလုပ်ဖြင့် မိခင်နှင့်ညီမလေးများကို လုပ်ကျွေးနေသူဖြစ်သည်။ ဒေါ်ရင်မေတို့ မိသားစုသည် ရိုးသားယဉ်ကျေးကြပြီး သူ့တော်ကောင်း တရား ကျင့်ကြံ အားထုတ်နေကြသူများ ဖြစ်ပါသည်။

သူတို့မိသားစုသည် ဆေးဆရာ ကျွန်တော်ရောက်လာလျှင် ဝမ်းမြောက်ဝမ်းသာ ရှိကြ၏။ ဤလ ဤရာသီစားရမည့် ဓာတ်စာ များလည်း မေးကြ မြန်းကြ၏။

ဆေးဆရာဆိုတာ နေထိုင်မကောင်းမှ ဆက်ဆံရသည်ဟူသော အယူအဆ သူတို့မှာ မရှိကြပါ။

ဆေးဆရာနှင့် အမြဲတမ်းမဟုတ်တောင် မကြာခဏတွေ့ဆုံလျှင် အရှုံးမရှိပါ။

ဆေးဆရာ ဆို၍ ကျွန်တော့်မိတ်ဆွေ ရုပ်ပြောင်ကာတွန်း ဆရာ မောင်ဝဏ္ဏ (သမိန်ပေါသွပ်)က နရသုခိမဂ္ဂဇင်းမှာ ရေးလိုက်သော ရုပ်ပြောင်ကာတွန်းတစ်ခုကို ပြေးအမှတ်ရ၏။

ခေါင်းစဉ်က ဆေးဆရာနှင့်လူနာတဲ့။

*ဆေးဆရာက လူနာကိုမေးတယ်။ ။ကျုပ်တို့ဆေးဆရာ တွေအပေါ် ဘယ်လိုသဘောထားပါ သလဲ။*

*လူနာက။ ။ဖိုက်နာတဲ့အခါ ဆရာ့ကို သတိရပါတယ်၊ ဖိုက်မနာတဲ့ အချိန်သတိမရဘူးဗျ။*

ဆေးဆရာက လူနာဖြေတာကို သဘောကျ နားထောင်နေသည်။ သို့သော် လူနာက နောက်ဆုံးပြောလိုက်သော စကားကြောင့် ဆေး ဆရာ ပက်လက်လန်သွား၏။ လူနာက နောက်ဆုံးဖြေလိုက်တာက–

*'အဲဒါကြောင့် အိမ်သာလို သဘောထားပါတယ်'* ဟူ၏။

ထိုရုပ်ပြောင်ကလေး ပြေးအမှတ်ရမိတိုင်း ကျွန်တော်ပြုံးမိ ပါသည်။ ကျွန်တော်တို့ဆေးဆရာများကတော့ လူအများက ဘယ် လိုပဲ သဘောထားထား မိမိမိတ်ဆွေများ ကျန်းကျန်းမာမာ ချမ်းချမ်း သာသာနှင့် တွေ့မြင်ရလျှင် အလိုလို ဝမ်းသာနေသူများဖြစ်ပါသည်။

များသောအားဖြင့် ကျွန်တော်တို့တစ်တွေသည် စီးပွားရေး လူမှုရေး သားရေး သမီးရေးတွေနှင့် နေ့စဉ် ထွေးလုံးရစ်ပတ်နေကြရပြီး ကျန်းမာရေးကိစ္စကို မေ့ပျောက်ထားကြသည်။

ရက်ပေါင်းများစွာ လပေါင်းများစွာ မေ့လျော့ပြီး စားချင်သလိုစား နေချင်သလိုနေလာပြီး ဆီးချိုရောဂါ၊ သွေးတိုးရောဂါများ ရှိလာကြောင်း စစ်ဆေးတွေ့ရှိရမှ မျက်လုံးပြူး မျက်ဆန်ပြူးဖြစ်ကြ၏။

မိမိ ဘယ်လို အစားတွေ စားရမည်။ ဘယ်လိုအနေအထိုင် မျိုးနေရမည် စသည်တို့ကို မူလကတိုင် သိထားသင့်ပါသည်။ ထို့ကြောင့်ကျွန်တော်သည် ကျွန်တော့်မိတ်ဆွေများနှင့် ကြုံတိုင်း တစ်လုံးစနှစ်လုံးစဆိုသလို ကျန်းမာရေးအကြောင်း သိကောင်းစရာ လေးများကို သူတို့က အချိန်ပေးလျှင် ပေးသလို ပြောရပါသည်။ ရောဂါဖြစ်မှ ကုသခြင်းထက် ကြိုတင်ကာကွယ်ခြင်းသည် အကောင်းဆုံး ဖြစ်ပါသည်။

'ကျွန်မတို့ကတော့ မစားလျှင် အလျင်း စားပြီဟော့ဆိုရင်တော့ ဒူးရင်းသီး၊ ဒညင်းသီးတွေကို တဝကြီး စားပစ်လိုက်တာဆရာရဲ့' ထိုအစ်မကြီး စကားကြောင့် ကျွန်တော့်ရင်ထဲ ထိတ်ခနဲဖြစ်သွား၏။

ထိုကဲ့သို့ တဝကြီး၊ မစားရပါ။ မည်သည့် အစားအစာကို မဆို တဝတပြဲကြီး စားခွင့်မပြုပါ။

ထို့ကြောင့်ရှေးက ဆေးပညာရှင်ကြီးများက လူအများ ကျန်းမာရေး အနာရောဂါကင်းရေးအတွက်–

အတိုဆုံး အရှင်းဆုံးသော ကျန်းမာရေး ပညာပေး ဆောင်ပုဒ် တစ်ခု ထားရစ်ခဲ့ပါသည်။ 'တန်ဆေးလွန်ဘေး' ဟူ၏။

(၃)

၃၇ လမ်းရှိ အဒေါ် ဒေါ်ရင်မေတို့ကို နှုတ်ဆက်ပြီး ပြန့်ရန်ထ လိုက်သောအခါ ....။

'ဆရာ အချိန်ရသေးလား'

အဒေါ် ဒေါ်ရင်မေက မေး၏။

'ရပါတယ်ခင်ဗျ ....'

'ဒီနားတွင်ပါဆရာရယ် ....တူမလေး တစ်ယောက်ပါ၊ ဆရာ ဦးဝင်းမြင့်လာရင် သူ့ရောဂါ ပြချင်လို့တဲ့။

'ဟဲ့ သမီး ဆရာကို မ--- အိမ်လိုက်ပို့လိုက်ပါဟဲ့။

'ဟုတ်ကဲ့အမေ'

ဒေါ်ရင်မေ့သမီး အငယ်ဆုံးမလေး မ ---က လိုက်ပို့ပါသည်။ ရန်ကုန်ပုံစံအတိုင်း ပိတ်ထားသော တံခါးကို ခေါက်လိုက်၏။ ခန အကြာ တံခါးဖွင့်ပေး၏။

'ဆရာ ဦးဝင်းမြင့်'

ဒေါ်ရင်မေ သမီးလေးက မိတ်ဆက်ပေး၏။

'ဪ ....ဆရာလား ကြွပါ ....ကြွပါ'

အိမ်သူအိမ်သားများက ဝမ်းသာအယ်လဲ နေရာပေး၏။ ဧည့် ခန်းမှာ ထိုင်လိုက်ရ၏။

ဘယ်အချိန် ဘယ်လိုဖျော်လိုက်မှန်း မသိ။ ကော်ဖီနှင့်မုန့်များ ရောက်လာသည်။

'သုံးဆောင်ပါ ဆရာ'

'ခုပဲအဒေါ် ဒေါ်ရင်မေတို့အိမ်က စားခဲ့ပါပြီဗျာ'

'သုံးဆောင်ပါဦး ဆရာရယ်'

သူတို့ ကျေနပ်အောင် ကော်ဖီသောက်လိုက်ရ၏။ မိခင်ဖြစ်သူက သမီးဖြစ်သူကို လှမ်းခေါ်၏။

'သမီးရေ လာဟေ့'

'ဟုတ်ကဲ့အမေ'

'သူပဲ ဆရာ .... အသီးအရွက် စားရင် ဝမ်းပျက်ပျက်နေတယ် ဆရာရဲ့'

မိန်းမပျိုကလေးတစ်ယောက် ကျွန်တော်နှင့်မလှမ်းမကမ်း ကုလားထိုင်၌ မဝံ့မရဲကလေး ထိုင်နေ၏။

'အဲဒီလို ဖြစ်တာ ဘယ်လောက်ကြာပြီလဲ'

'ကြာပြီဆရာ ....ကျွန်မစိတ်အထင်တော့ သုံးနှစ်ကျော်ရှော့မယ် ချဉ်ပေါင်ရွက် ကန်စွန်းရွက်၊ ဘူးသီး၊ ကျောက်ဖရုံသီး၊အသီးအရွက်ဆိုရင် ဟင်းရေကလေး တစ်ဇွန်းတောင် စားမရဘူး ဆရာ တန်း ဝမ်းလျှော ဝမ်းပျက်တော့တာပဲ'

'မီးယပ်ဝမ်းများလား'

'မဟုတ်ဘူး ဆရာ'

'အင်း ....'

ကျွန်တော်စဉ်းစားရကျပ်သွား၏။ သူ့ဝင်ဒုက္ခကလည်း တစ်မျိုးပါပဲလားဟု တွေးမိ၏။

'အသားငါးစားရင် ဘာမှ မဖြစ်ဘူးပေါ့'

'ဟုတ်ကဲ့'

'အင်း'

ကျွန်တော်စဉ်းစားရပြီ။ ကျွန်တော် ဆေးကုသက်တမ်းတစ်လျှောက် ထိုကဲ့သို့ ဝေဒနာရှင်မျိုး မတွေ့ဖူးပါ။ မီးယပ်ဝမ်းပျက်ကိုတော့ မကြခဏကြုံရတွေ့ရ၏။ မီးယပ်ဝမ်းပျက်လျှင် ကြောင်ပန်းရွက်ပြုတ်ရည်နှင့် လက်စွမ်းပြရလေ့ရှိပါသည်။ ထို့ကြောင့် ကျွန်တော်သည် ကြောင်ပန်းရွက်နှင့် လက်စွမ်းပြရချေတော့မည်။

'ကဲ .... တူမလေး ဘာမှမပူနဲ့ ကြောင်ပန်းရွက်သိတယ်မဟုတ်လား'

'ဟုတ်ကဲ့ သိပါတယ်'

အမေဖြစ်သူက ဝင်ပြော၏။

'အဲဒီကြောင်ပန်းရွက် လက်တစ်ဆုပ်လောက်ကိုယူ အိုးသစ်ကလေးနဲ့ ပြုတ်၊ ထန်းလျက်ကလေးနည်းနည်းထည့်၊ နံနက်တစ်ကြိမ် ညတစ်ကြိမ် တစ်နေ့နှစ်ကြိမ် သောက်ပေတော့'

'တစ်ကြိမ်သောက်ရင် ဘယ်လောက်သောက်ရ မှာလဲဆရာ'

'ဪ ဟုတ်သားပဲ၊ လက်ဖက်ရည်အကြမ်းပန်းကန်တစ်ဝက် လောက် သောက် များလဲ မမှားဘူး'

'အဲဒါသောက်ရင် ပျောက်မှာလားဆရာ'

'အင်း... ပျောက်ပါတယ်'

'ကျွန်မတို့ဆေးတွေ စုံနေပြီဆရာ ဆရာဝန်ပေါင်းလဲ မနည်း တော့ဘူး။ ဆရာပြောတဲ့ ကြောင်ပန်းရွက်ကိုတော့ မသောက်ဖူး သေးဘူး'

'သောက်လိုက်စမ်းပါ ပျောက်ပါတယ်'

'ဟုတ်ကဲ့ ... သောက်ပါ့မယ်'

(၄)

ကျွန်တော်သည် အသီးအရွက်စားလျှင် ဝမ်းပျက်ဝမ်းလျော သော ထိုမိန်းကလေးကို မေ့မေ့လျော့လျော့ နေခဲ့ပါသည်။

တစ်နေ့က ရန်ကုန်ရောက်၏။ ထုံးစံအတိုင်း ၃၇လမ်း၊ ဒေါ်ရင်မေတို့အိမ် ရောက်၏။ ထိုနေ့က ဘုန်းကြီးဆွမ်းကပ်လှူသည့် အခမ်းအနားနှင့် တွေ့ရ၏။ ဉန်းကြီးများ ဆွမ်းဘုန်းပေးပြီးသော အခါ ကျွန်တော်တို့အလှည့်။ ထမင်းဝိုင်းမှာ ထိုင်လိုက်သောအခါ သားငါးပုဇွန်ဟင်းလျာများအပြင် အသီးအရွက် အတော်များများ ဖွယ်ဖွယ်ရာရာ ချက်ပြုတ်ထားသည်ကို တွေ့လိုက်ရ၏။

'ဆရာရယ် ကျွန်မလေ အသီးအရွက် ဟင်းသီးဟင်းရွက် သိပ်စားချင်တာပဲဆရာရယ်၊ မနေနိုင်လို့ ဟင်းရည်တစ်ဇွန်းလောက် သောက်လိုက်မိရင် ဝမ်းလျော ဝမ်းပျက်တော့တာပဲ ပျောက်အောင် ကုပေးပါဆရာရယ်'

လွန်ခဲ့သော တစ်နှစ်ခွဲလောက်က အသီးအရွက်စားလျှင် ဝမ်းပျက်သော ကလေးမကလေးကို သတိရလိုက်မိသည်။ ထို့ကြောင့် ကျွန်တော်သည် ကျွန်တော်တို့တစ်တွေ မြိန်ရည်ယှက်ရည် စားသောက်

နေသည်ကို ကုလားထိုင်တစ်လုံးပေါ်မှ ဝမ်းမြောက်ဝမ်းသာ ပီတိလွှမ်းသော မျက်လုံးဖြင့် ကြည့်နေသော အလှူရှင်ဒေါ်ရင်မေကို ကျွန်တော်က လှမ်းမေးလိုက်မိပါသည်။

'အသီးအရွက်စားရင် ဝမ်းပျက်တဲ့ကောင်မလေး ဘယ်နှယ်နေသေးလဲပျောက်ပြီ မဟုတ်လား'

ထိုအခါ ဒေါ်ရင်မေက

'ကြောင်ပန်းရွက်အစွမ်းနဲ့ အဲဒီကောင်မလေး ဟန်ကျသွားပြီဆရာ၊ ဟင်းသီးဟင်းရွက်တွေ စားချင်သလို စားလို့ရသွားပြီ၊ အဲယောက်ျားတောင်ရလို့ ကလေးတောင် ခြောက်လရှိပြီ' ဟူ၏။

* * *

## စိတ်တိုလျှင် အသက်တိုသည်

'စိတ်ဆိုးလျှင် အရုပ်ဆိုး၍၊ စိတ်တိုလျှင် အသက်တိုပါသည်' စိတ်ဆိုးခြင်း ဒေါသဖြစ်ခြင်းသည် မကောင်းပါ။ ဒေါသမီးသည် ပူပြင်းလှ၍ အသည်းနှလုံးပင် ကွဲအက်ကြေမွ သွားစေနိုင်၏။

ဒေါသမီးကြောင့် အသက်ဆုံးရှုံးကြရသူတွေ ရှေးကလည်း အသချေ် အနန္တ ရှိခဲ့သလို ယခု မျက်မှောက်ကာလတွင်လည်း အများအပြား သေဆုံးလျှက် ရှိပါသည်။

ဒေါသမီးသည် ကြောက်မက်ဖွယ်ကောင်းလှ၏။ ဒေါသမီး တောက်လောင်၍ မသေသင့်ဘဲ သေဆုံးသွားသော လူငယ်တစ်ယောက် အကြောင်း တင်ပြရသော် ....

သူ့အမည် ညိုတုတ် ဟုခေါ်၏။ အသက် ၂၅နှစ် ဝန်းကျင်ခန့် ရှိပါသေးသည်။ မကွေးနှင့် ၂၅ မိုင်ခန့်ဝေးသော 'လျှော်တောရွာ' ဟူသော ရွာကလေး၌ နေ၏။ ညိုတုတ်မိဘများက ချမ်းသာကြ၍ ညိုတုပ်ကို မော်တော်ဆိုင်ကယ်တစ်စီးဝယ်ပေးထားပါသည်။

ညိုတုတ်သည် မော်တော်ဆိုင်ကယ် တစ်စီးဖြင့် မကွေးနှင့် လျှော် တောရွာ တစ်နေ့လျှင် နှစ်ခေါက်သုံးခေါက် ကူးချည်သန်းချည် ပြုလုပ်နေပါသည်။

တစ်နေ့သောအခါ ညိုတုတ်သည် မော်တော်ဆိုင်ကယ်ဖြင့် မကွေးမှရွာသို့ ပြန်အရောက်တွင် မိခင်ဖြစ်သူဒေါ်လှကို အိမ်တွင်

မွေးထားသော နွားက အမှတ်မထင် ကန်ကျောက်လိုက်၍ လက်ဖြန်ရိုး သွင်သွင်ကျိုးသွားသည်။

ညိုတုတ်သည် လက်ကျိုးသွားသော မိခင်ကိုပင် ပြုစုရမှန်း မသိတော့။ တစ်လံခန့်ရှိ ဝါးလုံးတစ်လုံးကို စိတ်ဆိုးမာန်ဆိုးဖြင့် တအားလွှဲရိုက်နက်ပါတော့သည်။

လက်နှင့်ရိုက်သည်ကို အားမရ ခြေထောက်နှင့် ကန်ကျောက်၏။ နွားသည် နာလွန်း၍ ရုန်း၏။ နွားကရုန်းလေ ညိုတုတ်က ရိုက်လေ။ ညိုတုတ်၏ နှုတ်မှလည်း မကြားဝံ့ မနာသာ ဆဲရေးတိုင်းထွာနေပါတော့သည်။

'ဟဲ့ လူလေး မလုပ်ပါနဲ့ဟဲ့'

မိခင်ဒေါ်လှသည် ကျိုးနေသောလက်ကို အခြားလက် တစ်ဖက်ဖြင့် ကိုင်ရင်း သားဖြစ်သူကို အော်ဟစ်ပြောဆို၏။ ညိုတုတ်က အရိုက် မရပ်ပေ။

နွားသည် နာလွန်း၍ အတင်းဆောင့်ရုန်းရာ ကြိုးပြတ်သွား၏။ နွားလည်း ထွက်ပြေး၏။ ထွက်ပြေးသော နွားနောက်သို့ ညိုတုတ်သည် အပြေးလိုက်လျက် တအားလွှဲရိုက်နေပါသည်။

ညိုတုတ်၏ နွားရိုက်သံ၊ အော်သံ ဆဲသံတို့ဖြင့် ပွက်လောရိုက်လျက်ရှိ၏။ လူကြီးများက

'ညိုတုတ် ဟော့ကောင်ညိုတုတ်တော်ပါတော့ဟ' ဟု အော်ဟစ်တားမြစ်ကြ၏။

ညိုတုတ်ကတော့ ဒေါသခိုးကြောင့် ဘာဆို ဘာမှ မမြင်တော့ပါ။ ရိုက်ရမှန်းလည်း မသိ။ နွားကို သနားရမှန်းလည်း မသိ တော့။

တအုံးအုံး တဖုံးဖုံး လိုက်ရိုက်လျက် ရှိ၏။ နွားက ရှေ့ကပြေး ညိုတုတ်က နောက်မှ အပြေးလိုက်ကာ ရိုက်လျက်ရှိ၏။ ရွာနှင့်အတော်ဝေးဝေးသို့ ရောက်သောအခါ နွား၏ ရှေ့လက်ကျိုးသွားသည်။ ထို့ကြောင့် လဲကျသွားသည်။

နွားလဲကျသွားသော်လည်း ညိုတုတ်က အရိုက် မလျော့ပါ။ ပို၍ပင် ရိုက်လိုက်သေး၏။ နွားကနာရှာလွန်း၍ အော်၏။

ညိုတုတ်၏လက်ထဲ၌ ကိုင်ထားသော တစ်လန်ခန့်ရှိ ဝါးလုံး

သည်လည်း အစိပ်စိပ်အမွှာမွှာ ကျိုးကုန်၏။ ရိုက်ရလွန်း၍ ကျိုးပျက်ကုန် သောအခါ နွားကိုခြေနှင့်ပေါက်၏။ နွားသည် ကမ္ဘာပျက်မတတ် အော်နေပါတော့သည်။

ညိုတုတ်မောပြီ။ ခန္ဓာကိုယ်တစ်ခုလုံး ချွေးတို့ဖြင့် ရွှဲရွှဲစိုလျက်ရှိ၏။ ဒယီးဒယိုင်ဖြင့် ရွာသို့ ပြန်လာ၏။ တစ်ရွာလုံး နေဝင်မိုးချုပ်ဖြစ်၍ မီးခွက်ကလေးများ ထွန်းကုန်ကြပါပြီ။

ညိုတုတ်သည် ဒေါသခိုး မပြေသေးပါ။ ညိုတုတ်၏ မျက်နှာကြီးသည် ကြောက်ဖွယ်လိလိ။ သူ့တစ်ကိုယ်လုံး ချွေးများ ဖုံများအလိမ်းလိမ်းကပ်လျက် ရှိ၏။

ညိုတုတ်သည် မိုက်မဲသူပီပီ အိမ်သို့ ရောက်သောအခါ လက်ကျိုးသွားသော အမေကို မကွေးဆေးရုံသို့ ပို့ရန်အတွက် သူ့ကိုယ်သူရေ အလျင်အမြန်ချိုးမှဟုတွေးလျက် စဉ့်အိုးထဲမှ ရေတစ်ခွက်လောင်းချိုးလိုက်ပါတော့သည်။

'အောင်မယ်လေးဗျ'

ညိုတုတ်၏ မျက်လုံးနှစ်လုံးသည် လျှပ်စီးလက်သည့်နှယ်။ ဝင်းလက်သွား၏။ လက်မှ ရေခွက်လွတ်ကျသွားပြီး ခန္ဓာကိုယ်လဲကျသွားပါတော့သည်။

'ဟဲ့သား လူကလေးညိုတုတ် ညိုတုတ်'

ညိုတုတ်၏ မိခင်သည် လက်ကျိုးနေသည်ကိုပင် သတိမရတော့။ ညိုတုတ်ကို ပြေးထူ၏။ ညိုတုတ်၏ ညီအစ်ကိုမောင်နှမတစ်စုဝိုင်းအုံကာ ညိုတုတ်ကို မ, ထူကြ၏။

'အမယ်လေးဗျ'

'ညိုတုတ်သည် တစ်ကိုယ်လုံး အကြောများ တွန့်လိမ်သွား၍ မချိမဆန့် ဝေဒနာခံစားနေရပါတော့သည်။ ညိုတုတ်သည် ဆီးသွားချင်၍ အော်၏။ ဆီးသွားမရပါ။ နောက်ဆုံး ညိုတုတ်နှင့် လက်ကျိုးသွားသော ညိုတုတ်မိခင်တို့ကို ကျေးရွာမှ ထွန်စက်ဖြင့် မကွေးဆေးရုံသို့ ပို့လိုက်ရပါတော့သည်။ ... ... ... ... ... ... ... ... ... ...

'အဖြစ်က အဲဒါပဲကွာ၊ အခု ဆေးရုံမှာ အော်နေရတယ်၊

ဆီးသွားချင်တယ်၊ မရဘူး၊ ဆီးချုတာလဲ မရဘူး၊ သူငယ်ချင်းမှာ ဆီးသွားစေတဲ့ ဆေးများရှိရင်လုပ်ပါဦးကွာ'

မကွေးမြို့ ပြည်တော်သာရပ် သမဝါယမ အငြိမ်းစား ဦးအောင်ကြည်က အထက်ပါအတိုင်း ညိုတုတ်၏ဖြစ်ရပ်ကလေးကို ပြောပြပါသည်။

'ဦးအောင်ကြည် ခင်ဗျားနဲ့ ညိုတုတ် ဘာတော်လဲ'

'ကိုယ့်ညီတစ်ဝမ်းကွဲပါကွာ မင်းကိုယ့်ကို ကူညီပါဦးကွာ ကိုယ့်ညီမှာ အဓိက အချက်က ဆီး သိပ်သွားချင်တယ်၊ အဲဒါ လိုရင်းပဲ'

'ဆီးသွားဖို့ ဟုတ်လား၊ ဆီးမှ သူ့ခန္ဓာကိုယ်ထဲမှာ မရှိတော့တာ။ ဘာနဲ့ ချုချု ထွက်မလာနိုင်တော့ဘူးဗျ'

'ဘာဖြစ်လို့လဲ'

'မိုင်နှစ်ဆယ်ကျော်ခရီးကို မော်တော်ဆိုင်ကယ်စီးလာတယ်ဗျာ၊ တစ်ခါရွာရောက်တော့ အမေဖြစ်သူကို နွားက ကန်လိုက်လို့ လက်ကျိုးသွားတာလဲ မြင်ရော ဒေါသမီးက တောက်လောင်တယ်ဗျာ၊ ပြီးတော့ ဒေါသနဲ့အတူ ခန္ဓာကိုယ်ကလဲ ပြင်းပြင်းထန်ထန် နွားကို ရိုက်တယ်ဗျာ၊ ဒေါသမီး တဝုန်းဝုန်း တောက်ရှဲသာမကဘဲ၊ မရပ်မနား ပြင်းထန်စွာ လှုပ်ရှားတော့ အသွေး အသားတွေ ဆီးတွေ ရေဓာတ်တွေ ခန်းခြောက်ကုန်တာပေါ့ဗျာ၊ အဲ..အဲဒီလို ပြင်းပြင်းထန်ထန် ချွေးတွေ သံတွေနဲ့ ဖြုန်းဆို ရေအေးလောင်းချိုးလိုက်တော့ မီးဖုတ်ထားတဲ့ သံချောင်းကို ရေလောင်းလိုက်သလို ဖြစ် သွားတာပေါ့၊ ဟိုဟာက သံချောင်းဗျ၊ ဒါက လူခန္ဓာကိုယ် ဘယ်ခံနိုင်မလဲ'

ဦးအောင်ကြည်မျက်နှာသည် ရှာတော့မည့်မိုးလို ညိုသွား၏။

'တခြားနည်းလမ်းများ မရှိတော့ဘူးလားဟင်'

'ကဲဗျာ၊ ကျွန်တော်လိုက်ကြည့်ဦးမယ်'

သို့ဖြင့် ကျွန်တော်သည် ဦးအောင်ကြည်နှင့်အတူ မကွေးဆေးရုံဖျားနာဆောင်သို့ ရောက်ခဲ့ကြ၏။ ညိုတုတ်သည် နွားလိုအော်ဟစ် နေပါသည်။ ဆီးသွားချင်ကြောင်း ပြော၏။ အသံမှာ မသဲကွဲတော့ ပါ၊ မျက်လုံးများ ချိုင့်ဝင်နေပါပြီ။

ကျွန်တော်သည် သေမည့်လူကို စိတ်မချမ်းမြေ့စွာဖြင့် ကြည့်ရင်း ဦးအောင်ကြည်ကို လက်တို့၍ ဆေးရုံအပြင်သို့ ထွက်ခဲ့ကြပါသည်။

'ခင်ဗျားညီ မရနိုင်တော့ဘူး၊ ပထဝီပျက်ကုန်ပြီ'

'ဟေ ...ပထဝီဆိုတာဘာလဲကွ'

'ဟာ ဟုတ်သား၊ ပထဝီဆိုတာ သူ့ရုပ်အမာခံရုပ်သဘောကို ပြောတာဗျ၊ မရတော့ဘူး၊ နောက်တစ်နာရီလောက်ဆို ဆုံးမှာပဲ'

'ဟေ'

ကျွန်တော်သည် ဦးအောင်ကြည်ကို နှုတ်ဆက်ကာ အိမ်သို့ ပြန်ခဲ့ပါတော့သည်။

နံနက်လင်းသောအခါ ဦးအောင်ကြည် အပြေးအလွှား ရောက်လာ၏။ ညဉ့်(၂)နာရီတွင် သူ့ညီညိုတတ် သေဆုံးသွားကြောင်း ပြော ပြပါသည်။

'လောကမှာ ဒေါသမီးဟာ အပူဆုံးပဲဗျ၊ ပြီးတော့ အပူနဲ့ အအေးကို သတိထားတတ်ရတယ်။ ဖငို့ပက္ခ မဖြစ်စေရဘူး။ ဆိုပါတော့ဗျာ လူတစ်ယောက်ဟာ နေပူထဲက ပြန်လာအပြီး ချက်ချင်း ရေချိုး မဖြစ်ရဘူးဗျ။ မောပန်းစွာ ပြေးလွှားလာသူကို ငှက်ပျောသီး ကျွေးကြည့်ပါလား။ ချက်ချင်းဖျားသွားနိုင်တယ်။ အနေအထိုင် အစားအသောက် သိပ်အရေးကြီးတယ်။ ယောက်ျားနဲ့ မိန်းမ ကိုယ်လက်နှီးနှောပြီး ချက်ချင်း ရေမချိုးရဘူးဗျ ။ အဲဒါလဲ အလွန် အန္တရာယ်များတယ်။ အရွယ်ကောင်းတုန်း မသိသာပေမယ့် မိမိပြုမူတဲ့ အနေအထိုင်အပြုအမူ အမှားတွေကြောင့် တစ်နေ့ ဒုက္ခဖြစ်တတ်တယ်'

'ဟင် ဘာဖြစ်လို့လဲ'

'ချွေးတွေ သံတွေနဲ့ တစ်ကိုယ်လုံး ကိုယ်လက်လှုပ်ရှားထားတာကို ရေအေးလောင်းချိုးလိုက်တော့ တစ်ကိုယ်လုံးရှိ အပူငွေ့တွေဟာ အတွင်းထဲ ငုပ်လျှိုးသွားတယ်၊ ဆီးအိမ် သွားလောင်တယ်၊ အရိုးအဆစ်တွေကြားထဲ ပြေးဝင်ခိုအောင်းတယ်၊ ဒါကြောင့် ဆီးအိမ်ကျောက်ဓာတ် တတ်တယ်၊ အဆစ်အမြစ်တွေ ကိုက်တယ်၊ ယောင်တယ်၊ ပြီးတော့ အစာအိမ်၊ အသည်းတွေကို လောင်မြိုက်ပါများ

တော့ အသည်းရောင် အသားဝါ ဖြစ်ပြန်ရော၊ အခု ခင်ဗျားညီ သေတာဟာ ခန္ဓာကိုယ်ကို ပြင်းထန်စွာ လှုပ်ရှားခဲ့တယ်၊ ဒေါသခိုးတွေ တောက်လောင်တယ်၊ တစ်ကိုယ်လုံး လောင်မြိုက်သွားတော့ သေပွဲဝင်ရတာပဲ၊ ဒါကြောင့် စိတ်ဆိုးရင် အရုပ်ဆိုးတယ်၊ စိတ်တိုရင် အသက်တိုတယ်ဗျ'

* * *

## လှပမှုတွေ ပေါင်းဆုံဖွဲ့စည်းနေ

သူတို့ ဖနီးမောင်နှံကို မသိကျွမ်းပါ။ သို့သော် သူတို့နှစ်ဦးသည် ကျွန်တော်၏ အိမ်ရှေ့မှ နံနက်တစ်ကြိမ် ညတစ်ကြိမ်ဖြတ်လျှောက် နေကြသောကြောင့် မျက်မှန်းတန်းမိနေပါသည်။

သူတို့ ဇနီးမောင်နှံ ဖြတ်လျှောက်သွားတိုင်း ကျွန်တော်ငေး ကြည့်မိပါသည်။ လင်နှင့်မယား လိုက်ဖက်ပါဘိ။ ဝတ္ထုရေးဆရာ များမြင်တွေ့က 'နေနှင့်လ' 'ရွှေနှင့်မြ' ဟုတင်စားဖွဲ့ဆိုလေမလား မသိ။ သူတို့ နှစ်ဦးစလုံး ကိုယ်လုံးကိုယ်ထည် အချိုးအစား ကျန ပြေပြစ်ကြပါသည်။

သူတို့သည် မကွေးမြို့ ဈေးကြီးအတွင်း၌ အထည်ဆိုင်ဖွင့်လှစ် ထားကြသူများ ဖြစ်ကြောင်း ကျွန်တော့်အိမ်သူက ပြောပြပါသည်။

သည်လိုနှင့် သုံးလေးနှစ်မျှ ကြာသွားသည်။ ကျွန်တော်သည် ဆေးကုခြင်း၊ ဆေးပင်ဝါးပင်များရှာဖွေခြင်း၊ စာရေးခြင်းတို့ဖြင့် ဘဝကို မြှုပ်နှံထားသူဖြစ်ရကား ပတ်ဝန်းကျင်လောကကြီးနှင့် တစ်ခါတရံ အဆက်အသွယ်ပြတ်နေတတ်ပါသည်။

ပီပြင်သော ဆေးဆရာကောင်းတစ်ယောက် ဘဝအဖြစ် ရပ်တည်ရေးကိစ္စသည် မလွယ်ကူပါ။ ကိုယ်တိုင်လူနာကို စမ်းသပ်ရသည်။ ကိုယ်တိုင်ဆေးဝါးဖော်စပ်ရသည်။ တောတောင်အထပ်ထပ် ဖြတ်ကျော်၍ ရှားပါးအဖိုးတန်သော ဆေးပင်ဆေးမြစ်များရှာဖွေရသည်။

လူနာများက ဆေးဆရာကို အားကိုးကြသည်။ ဆရာဖြစ်သူကလည်း လူနာ အားကိုးလောက်သော အရည်အသွေး ပြည့်ဝရေးအတွက် အားထုတ်ရပါသည်။ ဆေးပညာအပေါ် တစိုက်မတ်မတ်လေ့လာသုတေသနပြုနေရပါသည်။ ထို့ကြောင့် ကျွန်တော်သည် ပတ်ဝန်းကျင်လောကကြီးနှင့် တစ်ခါတစ်ရံ အဆက်ပြတ်နေပါသည်ဟု ဆိုရခြင်းဖြစ်ပါသည်။

သည်နေ့တော့ စိတ်အားလက်အားဖြစ်၍ ရေနွေးကြမ်းအိုးတစ်အိုးဖြင့် အိမ်ရှေ့ ကွပ်ပစ်ပေါ်ဝယ်ထိုင်၍ လမ်းသွားလမ်းလာများကို ငေးကြည့်မိပါသည်။

ထိုစဉ် ...ယခင်က ကျွန်တော့်မျက်စိထဲတွင် မြင်လိုက်ရလျှင် ကြည်နူးသွားစေသော ဇနီးမောင်နှံနှစ်ဦးသည် အိမ်ရှေ့မှ ဖြတ်လျှောက်သွားသောအခါ ကျွန်တော်သည် အထိတ်တလန့်ကြည့်လိုက်မိပါသည်။

ဘယ်လိုများ ဖြစ်သွားပါလိမ့်။ ယခင်က အင်မတန်ကြည့်၍ကောင်းခဲ့သော အမျိုးသားဖြစ်သူသည် ကုတ်ပိုးကြီးများထွက်၍ ဗိုက်ကြီး ပူလို့ပါကော။ သူ့ဘေးမှ ယှဉ်၍ အမြဲပါလာတတ်သော သူ့ဇနီးသည်လည်း ယခင်ကလို အချိုးအစား မဟုတ်တော့။ လက်မောင်းအိုးကြီးများ ဖုထစ်နေပြီး ခါးလည်း မရှိတော့။လောကကြီးသည် အပြောင်းအလဲမြန်လှချေသည်တကား။

ယခင်က သူတို့နှစ်ဦးသည် သွက်သွက်လက်လက် ကြွကြွရွရွ။ ယခု သူတို့ခြေလှမ်းများသည် တရွေ့ရွေ့။ အိပဲ့ အိပဲ့နှင့်။ အိပ်လိုက် စားလိုက်နှင့် အဆီတွေ တိုးလာခြင်း ဖြစ်ပါသည်။ ဆေးဆရာဖြစ်သော ကျွန်တော်သည် 'ဆေးအမြင်ဖြင့် ကြည့်ရင်း တုန်လှုပ်မိပါသည်။ အဆီအသားတိုးလာခြင်းသည် မကောင်းပါ။

တချို့က ပြောကြပါလိမ့်မည်။ 'ဒါဟာ ဝလာတာပဲ၊ ဝလာတော့ လှတာပေါ့'ဟု။ ကျစ်ကျစ်လျစ်လျစ်ဖြင့် အသား အရေ ဝလာခြင်းကို လက်ခံပါသည်။ ယခုမြင်ရသည်မှာ အသားများ ပွထလာခြင်း ဖြစ်ပါသည်။

ထိုကဲ့သို့ ဖြစ်လာခြင်းမှာ စားချင်သလိုစား၍ နေချင်သလို နေသော ကြောင့်ဖြစ်ပါသည်။ ဆေးပညာ သဘောတရားအရ ကျန်းမာ၍ အသက်ရှည်ရန် အလို့ငှာ အစာအဟာရကို စားကြရပါသည်။ သို့သော် စားချင်တာ အကုန်စားခြင်းကို ခွင့်မပြုပါ။ အထူးသဖြင့် အရိပ်ထဲ ငြိမ်သက်စွာထိုင်၍ အလုပ်လုပ်ကြရသူများ အချိုအဆိမ့် လွန်စွာ စားသောက်ခြင်းကြောင့် ခန္ဓာကိုယ်တွင် အဆီများတိုး၍ လာပါသည်။ အဆီတိုးလာသောအခါ ခန္ဓာကိုယ် လေးလံ ထိုင်းမှိုင်းလာပါသည်။

အကြောတို့ဖြင့် ဖွဲ့စည်းထားသော ခန္ဓာကိုယ်သည် အဆီပိတ်ခြင်း၊ အဆီပိခြင်းတို့ကြောင့် ထုံကျင်လာပါသည်။ ကိုယ်လက်နာကျင် ကိုက်ခဲလာပါသည်။

ဝဲဘက် ရင်အုံအောက်မှ မှန်မှန် ခုတ်မောင်းနေသော နှလုံးပတ်ဝန်းကျင်တွင်လည်း အဆီအစေးများရောက်ရှိလာခြင်းကြောင့် နှလုံးကျပ်မော လာတတ်ပါသည်။ ဝဲဘက်လက်မောင်း ကိုက်ခဲလာတတ်ပါသည်။အိပ်စက်ရာ၌လည်း နှစ်နှစ်ခြိုက်ခြိုက် မရှိတော့။ အစားအသောက်ကိုလည်း ဟက်ဟက်ပက်ပက် မစားနိုင်။ ခန္ဓာကိုယ်သာ ဝလာသည်။ လူက အားမရှိ။ ခြေတစ်လှမ်းကိုပင် အနိုင်နိုင်လှမ်းနေရသည်။ ထိုပုဂ္ဂိုလ်များ နေပူလျှင် ပို၍ နွမ်းလျ တတ်ပါသည်။

အဆီများ ခန္ဓာကိုယ်အတွင်း၌ များပြားလာသောကြောင့် 'ဝါယော'ဟုခေါ်သော လေ၏ နယ်ပယ်ဒေသသည်လည်း ကျဉ်းမြောင်းသွားရပါသည်။ လေအားနည်းလျှင် လှုပ်ရှားမှု ခွန်အားနည်း၏။

'ဝါယောဆိုတာ လေပါကွာ' ဟု သာမန်သိရုံနှင့် မဖြစ်ပါ။ လေသည် ခန္ဓာကိုယ်ကို တည့်မတ်နေအောင် ထောက်ကန်ပေးရ၏။ ခြေလှမ်းများလှမ်းခြင်း၊ ညှစ်အားဆွဲအား၊ ရန်းအားတို့အပြင် ခန္ဓာကိုယ် တစ်လျှောက် သွေးနှင့် အညစ်အကြေးသယ်ဆောင်ပို့ပေးရသော တာဝန်များကို လေက ထမ်းဆောင်ရပါသည်။ 'ခွန်အား' ဆိုသည်မှာ 'လေအား'ကိုပြောခြင်း ဖြစ်ပါသည်။ လေသန်မှ ခွန်အား သန်ပါသည်။ လေအားနည်းက ခွန်အားနည်းပါသည်။

(၂)

ထိုဖနီးမောင်နှံနှစ်ဦးကို ယခင်ကထက် ပို၍ သတိဖြူမိလာပါသည်။ သူတို့ ဖနီးမောင်နှံသည် တစ်ခါတရံ အမျိုးသမီးတစ်ယောက်ထဲ။ အမျိုးသား ပါမလာ။ အမျိုးသမီးတစ်ဦးတည်းသာ မြင်ရဖန်များလာသောအခါ 'ဪ ...သူ့ခင်ပွန်း နေထိုင်မကောင်းရှာ့ထင့်' ဟု စိတ်ထဲမှ ထင်မိပါသည်။ သူတို့လို ချမ်းသာကြွယ်ဝသူများသည် စာရေးသူ၏ တိုင်းရင်းမြန်မာ ဆေးခန်းကလေးကို မျက်စောင်းပင် ထိုးကြည့်မည်မဟုတ်ပါ။

ဆေးခန်းသို့ သွားရောက်၍ ဓာတ်မှန်များရိုက်ခြင်း၊ ဆီးဝမ်းစစ်ခြင်းများတော့ ပြုကြပါလိမ့်မည်။ အဘယ်ဆေးခန်းသို့ပင်သွားသွားကျန်းမာဖို့ ရောဂါပျောက်ကင်းဖို့ အဓိကဖြစ်ပါသည်။

ကျွန်တော်ကတော့ ဆူကြဲနိမ့်မြင့် မည်သူ့ကို မဆို မိမိ ကျန်းမာရေး မိမိတို့ ဂရုစိုက်နိုင်ရေး၊ ဆေးကုသရသည်အထိ ရောဂါဝေဒနာ မကပ်ညိနိုင်ရေးအတွက် အမြဲတမ်းစည်းရုံးလှုံ့ဆော်လျက် ရှိပါသည်။

- *တိရစ္ဆာန်များ၏ အဆီအသားများ အလွန်အကျွံ မစားကြပါနှင့် ခင်ဗျား။*
- *ဒူးရင်းသီး၊ အုန်းနို့ခေါက်ဆွဲ၊ ဒံပေါက်၊ အုန်းထမင်း၊ ရေခဲမုန့်တွေ မကြာခဏ တဝကြီး မစားကြပါနှင့် ခင်ဗျား။*
- *အဆီအဆိမ့်များဖြစ်သောနွားနို့၊ မလိုင်၊ ထောပတ်၊ အိုဗာတင်း၊ ဟောလစ်၊ ရေခဲသေတ္တာထဲတွင် ထည့်ထားသောငှက်ပျောသီး၊ စသည့် ပိတ်ဖွဲ့များကို မစားကြပါနှင့် ခင်ဗျား။*
- *အထူးသဖြင့် ဖန်၍ ပြစ်ချွဲသော အစားအစာများနှင့် တစ်ပွက်ဆူလျှပ်စစ်ထမင်းအိုးဖြင့် ရေခမ်းချက်သော ထမင်းများ*
- *ကို အသက် ၄၀ ကျော်လျှင် မစားသင့်တော့ပါ ခင်ဗျား။*
- *ထို့ပြင်အိပ်ခန်းအကျဉ်းကလေးထဲ၌ လေဆေးစက်ကိုဖွင့်၍*

***ဆိုဖာကုလားထိုင်ပေါ်တွင် စိမ်ရစ် မနေကြပါနှင့် ခင်ဗျား။***
***– စားချင်တာတွေ စား၊ နေချင်သလို နေခဲ့ကြသောကြောင့် ခန္ဓာကုယ် ဝဖြိုးလာပြီး ကျန်းမာမှုကို ခြိမ်းခြောက်ခြင်း ခံရကြောင်းအမြဲ လှုံ့ဆော်သတိပေးခဲ့ပါသည်။***

(၃)

တစ်နေ့သောအခါ ...

ကျွန်တော်လုံးဝမမျှော်လင့်သော ကျွန်တော် ဟိုယခင်ကငေး ကြည့်မိခဲ့သော ဇနီးမောင်နှံနှစ်ဦးသည် တစ်ခုသောတည်းသော ညနေစောင်းအချိန်ဝယ် ကျွန်တော့်ဆေးခန်းထဲသို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ရှိလာပါတော့သည်။ အမျိုးသားဖြစ်သူ၏ အမည်မှာ ကိုကျော် သိန်းမြင့်၊ အမျိုးသမီး၏ အမည်မှာ မသန်းသန်းဆင့် ဟူ၏။ အသက်မှာ ၃၀ ဝန်းကျင်သာ ရှိကြပါသေးသည်။ သို့သော် သူတို့ ၏ ခန္ဓာကိုယ်များကတော့ ရောမယောက်ျားကြီးနှင့် မိန်းမကြီးရုပ် ဂိုက်ဆိုက် ဖမ်းနေပါတော့သည်။ သြော်–ခန္ဓာကိုယ် ဝဖြိုးခြင်းသည်၊ 'ရင့်ရော်မှု' ဖြစ်တတ်ပါတကား။

ကိုကျော်သိန်းမြင့်က သူ့ဇနီး၏ ကျန်းမာရေး အခြေအနေကို သာ ဦးစားပေး ပြောဆိုနေပါသည်။ သူ့ဇနီးခံစားနေရသော ဝေဒနာမှာ ဓာတ်ချုပ်သည်။ ခါးအောက် ချွေးမထွက်၊ ရင်လေးခြင်း၊ ဆီးကြော တင်းခြင်း၊ အစာမကြေဖြစ်ခြင်း၊ နှလုံးတုန်ခြင်းတို့ ဖြစ်ပါသည်။

ကျွန်တော်က ခန္ဓာကိုယ် အပိန်အဝကို အကဲခတ်ကြည့်ရှုံနှင့် သဘောပေါက်ပြီး ဖြစ်ပါသည်။ ထို့ကြောင့် ကျွန်တော့်စားပွဲပေါ်၌ အမြဲတင်ထားသော နှာရှူဆေးဘူးကြီးကို မ၍ မသန်းသန်းဆင့်အား 'ရှူဗျာ'ဟု ခိုင်းလိုက်၏။ မသန်းသန်းဆင့်က ဖွင့်လှစ်ပေးထား သော ပုလင်းအဝသို့ ကပ်၍ မရဲတရဲ ရှူလိုက်၏။

တစ်မိနစ်အတွင်း နှာဝမှာ နှာရည်တွေ ယိုစီးလာပြီး ချေဆတ်ပါတော့သည်။ ချွဲသလိပ်တွေ ထလာ၏။ တံတွေးထ ထွေး သည်။ မျက်ရည်တွေလည်း ရွှဲလို့။ အဝတ်လှလှ ကလေးနှင့်သုတ်ရင်း

ကျွန်တော့်ကို ပြုံးကြည့်နေ၏။

ကျွန်တော်၏ နှာရှုဆေးဘူးကြီးဖြင့် ပထမဆုံး လက်စွမ်းပြလိုက်ခြင်း ဖြစ်ပါသည်။ ရှေးက သမားတော်ကြီးများသည် လူတို့၏ ဒွါရပေါက်များမှ ထွက်ပေါက်ပေး၍ ကုသခြင်းကို အထူး အလေးထားခဲ့ကြ ပါသည်။ ထိုဆရာကြီးများ၏ ဂုဏ်ကျေးဇူးကို အောက်မေ့ကြည်ညိုလေးစားသောအားဖြင့် နှာဆေးကောင်းတစ်လက် လက်သုံး ပြုခဲ့ပါသည်။

နှာဆေးသည် မေ့မြောသွားသူကို နှာဝကို မှုတ်ပေးက သတိပြန်လည်၏။ အသက်ပေါင်းများစွာ သူနှင့် ကယ်ခဲ့ဖူးပါပြီ။ သူ့ကို 'ဇီဝကနှာဆေး' ဟုအမည်ပေးထားပါသည်။

ခေါင်းကိုက်ခြင်း၊ ဇက်ကြောတက်ခြင်း၊ တုပ်ကွေးဖျား၊ အအေးမိဖျား၊ ကိုယ်လက်လေးလံထိုင်းမှိုင်းခြင်း၊ ညောင်းညာကိုက်ခဲခြင်းများကို အနံ့ရှုရုံဖြင့် ပျောက်ကင်းပါသည်။ ထိုနှာဆေးဘူးကြီးကို အားကိုးအားထားပြု၍ ဆေးကုနေသည်ကို အစွဲပြု၍ 'နှာဘူးဆရာ' ဟု ကျွန်တော့်ကို အမည်ပေးကြပါသည်။ ထားပါတော့။ သူတို့ဘယ်လိုပဲ ခေါ်ခေါ် ဘယ်လိုပဲအမည်ပေးပေး။

ကျွန်တော်က ဆေးဆရာပီပီလူနာ၏ရောဂါဝေဒနာ ပျောက်ကင်းဖို့ တာဝန်ရှိသည်။ ထို့ကြောင့် ပြောရဟောရပြန်သည်။

'အချိုအဆိမ့်တွေ သိပ်မစားနဲ့ပေါ့ဗျာ၊ ဒါမှ အဆီကျမှာဗျ၊ရော့- အဆီကျဆေး'

ကျွန်တော်က ဆင်တုံးမနွယ် ဆေးပြားသုံးပြားစားခိုင်းလိုက်၏။ ခင်ပွန်းဖြစ်သူက ကျွန်တော့်ကို ...

'ဆရာ ... အဲဒီဆေးက အငန်တွေ ပါသလားဆရာ၊ သူက သွေးတိုးရှိတယ်ဆရာ'

'အေးဗျ ...သွေးတိုးရောဂါရှင် အတော်များများက အဲဒီအငန်ဆိုတာကို ရှီးတွင်းချဉ်ဆီ စွဲသည်အထိ မှတ်ထားကြတာကိုး၊ ဒီလိုလဲ မဟုတ်သေးပါဘူးဗျာ၊ အငန်ဆိုတာ သိပ်မတရားသဖြင့် စားမှပါ၊ ဟင်းထဲ အနေတော် ထည့်ချက်တာလောက်တော့ အရေးမကြီးပါဘူး၊ ထမင်းကို ဆားဖြူးပြီး စားတာမျိုး မလုပ်သင့်ဘူးပေါ့ဗျာ။

ဆားကို သိပ်ရှောင်နေရင် ဆားဓာတ်လျော့သွားပြီး အစာမကြေရောဂါ ဖြစ်လာနိုင်တာပေါ့၊ ဆားကို မကြောက်ပါနဲ့ဗျ၊ ဆားက အပုပ်အသိုးကို နိုင်တယ်လေ၊ သားငါးပုစွန်တွေကို သူ့ချည်းထားကြည့်ပါလား၊ ပုပ်သိုးကုန်မှာပေါ့၊ ဆားနဲ့နယ်ထားတော့ မပုပ်ဘူးပေါ့၊ ရှေးက သမားတော်ကြီးများက ဟင်းလျာထဲ ဆားခတ် ထည့်ချက် ခိုင်းတယ်၊ နှလုံးတုန် တတ်တယ်၊ ခေါင်းပူတတ်တယ်၊ တသန်းသန်း တဝေဝေ မူးတတ်တယ်၊ အဲဒါ အစာဟောင်းအိမ် ပုပ်လို့ပဲ၊ အဲကိုယ်ဖောရောင်နေတယ်ဆိုရင်တော့ ရှောင်ရမှာပေါ့၊ ဒါ့လဲ ကိုယ် ရောင်တုန်း ခဏပါ။ တစ်သက်လုံးရှောင်လို့ ဘယ်ဖြစ်မလဲဗျာ'

စာရေးသူသည် ဆေးအကြောင်း ပြောရမည်ဆိုပါက ဘယ် ဝယ်ဘယ်ဆီမှ ရောက်လာမှန်းမသိသော စကားလုံးတွေကြောင့် ရှည်လျားပေများတတ်ပါသည်။

သူတို့ ဇနီးမောင်နှံသည် ပြုံး၍ ခေါင်းညိတ်နားထောင်နေကြ ပါသည်။ အားနာ၍လား၊ ကျွန်တော်ပြောတာ သဘောတူ၍လား တော့ မဝေခွဲတတ်ပါ။

ကျွန်တော် အဆီကျဆေးတွေ ဖော်တဲ့အခါမှာ ဆင်တုံးမနွယ် ကို လက်သုံးပဲဗျ၊ ဆင်တုံးမနွယ်ဟာ ကျွန်တော်တို့အရပ်မှာ ပေါလဲ ပေါတယ်၊ ဆင်တုံးမနွယ်ဟာ အခါးဓာတ် သိပ်ပြင်းထန်ပါတယ်၊ သိပ်ပြင်းထန်တာကို သူ့ကို သုံးတဲ့အခါမှာ အခိုးအကင်း၊ အခါး အရသာကို သတ်သုံးရပါတယ်။ ကျွန်တော်ဆင်တုံးမနွယ် တစ်ပိဿာ ကို နုတ်နုတ်ဆင်း၊ ရေစင်စင်ဆေးပြီး သိန္ဓောဆား သုံးဆယ်သား နဲ့ မီးဖိုပေါ် တင်ပြုတ်ပစ်လိုက်တယ်။ သုံးရေလောက် ခမ်းတော့ အခြောက်လှမ်းတယ်၊ အခြောက်လှမ်းပြီးတော့ တြိဖလနှစ်ဆယ် သား ထည့်တယ်၊ တြိဖလဆိုတာက သစ်ဆိမ့်၊ ဖန်ခါး၊ ဆီးဖြူသီး သုံးမျိုးပေါင်းထားတာ ပြီးတော့ နွယ်ချို သုံးဆယ်သားထည့်တယ်၊ အဲဒါတွေ ရောမွှေပြီး အမှုန့်ကြိတ် ဆေးပြားရိုက်တယ်၊ အဲဒီဆေး ပြားဟာ လူရဲ့ ခန္ဓာကိုယ် လေအားသန်စေတယ်ဗျ၊ အစာအိမ် သန့်ရှင်းစေတယ်၊ ပြီးတော့ အဆီလဲကျတယ်၊ ဆီးအောင့် ဆီးနည်း ပျောက်တယ်' )

'ဆရာ ...ကျွန်မအခု သိပ်ဝနေတယ် ဆရာ၊ ပိန်ချင်တယ်'

'ဗျာ ...အခု ကျွန်တော် ပေးတဲ့ဆေးက အဆီကျ ဆေးပါဆို၊ အဲ... ပိန်ဆေးလေဗျာ၊ စားချင်သလိုစား၊ နေချင်သလိုနေပြီး အဆီတွေရစ်၊ ဗိုက်ခေါက်ကြီးတွေထူ၊ ပင်ကိုယ် ဟိုတုန်းက 'ဂီတာ ရှိတ်'ကိုယ်လုံးကိုယ်ထည်လေးက အခု ပွဲထဲ ဓာတ်ထဲက 'ပဇာမကြီး'ပုံ ပေါက်တဲ့လူတွေ စားစမ်း။ တခါတည်း အဆီကျပြီး အသားအရေ တွေစိုပြည်လှလာမယ်၊ ခါးကလေးကျဉ်း၊ တင်ကလေး မို့လာမယ်'

'ဆရာ အဲဒီဆင်တုံးမနွယ်ဆေးက တကယ်အဆီကျသလား ဆရာ'

'ကျတာပေါ့ဗျာ ...ဒီမှာ ကျွန်တော် ရဲရဲကြီး၊ အာမခံတယ်'

ထိုအခါ အမျိုးသမီးသည် မျက်လုံးကလေးများ ဝင်းလက်လာသည်။ မကြာမီသော ကာလအတွင်း၌ သူတို့ဇနီးမောင်နှံသည် ပုံမကျ ဟန်မကျဖြစ်သွားရာမှ ပြန်လည်၍ ယခင်ကလို လှပမှုတွေ ပေါင်းဆုံဖွဲ့စည်းတော့မှာမို့ လှပစွာ ပြုံးရယ်နေပါသည်။ ထို့အတူ သူ့ခင်ပွန်းသည်လည်း ပြုံး၏။ ဝန်းကျင်တစ်ခုသည်လည်း စိုပြည် သာယာနေပါသည်။

* * *

## မချိုဟုခေါ်သော မိန်းကလေးတစ်ယောက်အကြောင်း

(၁)

'ဆရာရောက်လာတာနဲ့ အတော်ပဲ ...ပန်းဆိုးတန်းလမ်းက မိန်းကလေးတစ်ယောက်၊ အသက်က ၃၀ လောက်ပဲရှိပါသေးတယ်၊ မချိုတဲ့။ ကိုယ်ဝန်က ခုနစ်လတဲ့ဆရာ၊ လေဖြတ်ခံထားရတယ်၊ ကိုယ်ဝန်ရှိစ အချိန်ကပေါ့ ဆရာ၊ ကလေးမလေးက လှကလှပါဘိ နဲ့ သနားစရာလေးပါ၊ ဆရာ့ကို ပြချင်လို့တဲ့'

ကျွန်တော် ရန်ကုန်ရောက်လျှင် တည်းခိုနေထိုင်လေ့ရှိသော အမှတ် ၁၆၂၊ ၃၂ လမ်း နေအိမ်မှ အစ်မကြီး ဒေါ်ခင်ပြုံးက ခရီးရောက်မဆိုက် ပြောပါသည်။

'အပြုံးကလဲဟာ ...ဆရာ အမောဖြေပါစေဦး၊ ဖြေးဖြေးမှ ပြောတာ မဟုတ်ဘူး'

အစ်မ ဒေါ်ခင်ပြုံး၏ ခင်ပွန်းဖြစ်သူဦးသောင်းဖေက ကွမ်းဝါးရင်းမှ ဟန့်တား၏။

ထိုအခါ အစ်မဒေါ်ခင်ပြုံးက အစ်ကိုကြီး ဦးသောင်းဖေကို မျက်စောင်းတစ်ချက်ထိုးလိုက်ပြီး–

'ဒီက ကတိပေး အာမခံထားရထာရှင့်၊ ဆရာ ရန်ကုန် ရောက်ရောက်ချင်း ပြောပြပါ့မယ်လို့'

'ဟ ... နင့်ဟာက မလွန်လွန်းဘူးလား ဖြေးဖြေးမှပြော ဖြစ်တာပဲဟာ'

သူတို့လင်မယား အခြေအတင် အချီအချ'စကားစစ်ခင်း'ကြသည်ကို ကြားထဲမှ ကျွန်တော်က ပြုံး၍ နေရ၏။ အစ်ကိုကြီး ဦးသောင်းဖေက မြန်မာစစ်စစ်။ သူ့ဇနီး ဒေါ်ခင်ပြုံးက တရုတ်မစစ်စစ်။ သို့သော် အစ်မဒေါ်ခင်ပြုံးက အခါကြီးရက်ကြီး ဥပုသ်စောင့်၏။ မဟုတ်မမှန်တာ လုံးဝမပြော။ လူတစ်ဖက်သားကိုလည်း သနားကြင်နာတတ်သည်။

'လေဖြတ်ခံရတာက ကိုယ်ဝန်မရမီကလား'

'ကိုယ်ဝန်ရှိစမှာ ဖြစ်တာတဲ့ဆရာ၊ အခု ကိုယ်ဝန်က ခုနစ်လ ရှိလာပြီဆိုတော့ စိုးရိမ်နေကြတယ်'

'ကိုယ်ဝန်နဲ့ လေဖြတ်တာဆိုရင် ကျွန်တော်ရအောင် ကုနိုင်ပါတယ်ဗျာ'

အစ်ကိုကြီး ဦးသောင်းဖေက ကျွန်တော့်စကားကြောင့် ဖျတ်ခနဲ တစ်ချက်မော့ကြည့်၏။

'ကြည့်လဲလုပ်ပါ ဆရာရယ်၊ လေဖြတ်ခံထားရတဲ့ မိန်းကလေးက ကိုယ်ဝန်ကြီးနဲ့ ကျွန်တော်ဖြင့် မလွယ်ဘူး ထင်တယ်ဆရာ'

'ရပါတယ်၊ အစ်ကိုကြီးရာ ကျွန်တော် ပျောက်အောင် ကုပြပါ့မယ်'

ပြောပြောဆိုဆိုနှင့် ရေနွေးကြမ်းတစ်ခွက် ကောက်သောက်လိုက်ပါသည်။ ထိုအခါ အစ်မ ဒေါ်ခင်ပြုံးက ချိုအေးသော အသံကလေးဖြင့်–

'ကဲ...ကိုရေ...ကိုယ့်တာဝန်ပဲ၊ ပန်းဆိုးတန်းက ကိုမျိုးမြင့်ဆီကို ဆရာ ရောက်ပြီဆိုတဲ့အကြောင်း သွားပြောပေတော့'

'အစ်ကိုကြီး ဦးသောင်းဖေသည် သူ့ ထုံးစံအတိုင်း ကွမ်းအစ်ထဲမှ ကွမ်းနှစ်ယာခန့်ကို ထုံးတို့ ကွမ်းသီးထည့် ပါးစောင်ခဲပြီး ပန်းဆိုးတန်းလမ်းသို့ ထွက်သွားပါတော့သည်။

နာရီဝက်ခန့်အကြာတွင် အစ်ကိုကြီး ဦးသောင်းဖေနှင့်အတူ အသက် ၃၀ ခန့်ရှိ ကိုမျိုးမြင့်ဆိုသူပါလာ၏။

ကိုမျိုးမြင့်သည် ရည်မွန်ယဉ်ကျေးစွာဖြင့် သူ့ဇနီး မချို လေဖြတ်ခံရပုံအကြောင်းကို ဤသို့ ပြောပြပါတော့သည်။

ကျွန်တော်တို့လင်မယား ၃၈ လမ်းဈေးမှာ ခေါက်ဆွဲသုတ်၊ အသုပ်စုံ၊ ထမင်းသုတ်၊ အသားမျိုးစုံ၊ အကြော်အလှော်ရောင်းပါတယ် ဆရာ၊ ကျွန်တော့်ဇနီးက သန့်သန့်ရှင်းရှင်းလဲ လုပ်တတ်တယ်၊ လက်ရာလဲကောင်းတော့ သိပ်ရောင်းကောင်းပါတယ်၊ ကျွန်တော်တို့ ဆိုင်ကလေးဟာ ၅ နှစ် ၆ နှစ်အကြာမှာ ငွေ နှစ်သိန်းလောက် လက်ထဲ စုမိတဲ့အထိ ဖြစ်လာပါတယ်ဆရာ၊ ဒါနဲ့ ကျောက်မြောင်းမှာ အိမ်တစ်လုံး ဝယ်လိုက်နိုင်ပါတယ်။ ကျောက်မြောင်းကနေ ၃၈ လမ်းဈေးကို နံနက် အစောကြီး ထလာပြီး ဈေး ထွက်ရပါတယ် ဆရာ၊ ကျွန်တော့်အမျိုးသမီး မချိုက အအေးသိပ်ကြိုက်တာဆရာ။ လက်ပြတ်အင်္ကျီ အမြဲဝတ်တယ်၊ နွေမှာဆိုရင် အဝတ်ရေဆွတ်ပြီး အိပ်တဲ့ ကုတင်ဘေးမှာ ကာတယ်၊ ကြမ်းခင်းရေဖြန်းပြီးမှ အိပ်တယ်၊ ပြီးတော့ ဒိန်ချဉ်၊ စတော်ဘယ်ရီ၊ ထောပတ်သီး၊ ဝက်သား၊ ဘဲသား သိပ်ကြိုက်တယ်ဆရာ၊ ဘဲသားများဆိုရင် စပယ် ရှယ်ချက်စားတာ ဆရာ၊ ကျွန်တော်တို့လင်မယား ဒီလိုနဲ့ နေလာလိုက်တာ ၁၉၉၀ ခုနှစ် ဇန်နဝါရီလမှာ မချို ကိုယ်ဝန်ရတယ်ဆရာ၊ ဈေးရောင်းရတာက နံနက်ပိုင်းကလေးပဲ ဆရာ၊ ၁၂ နာရီထိုးရင် အိမ်ပြန်ရောက်တာပဲ၊ အိမ်မှာ ထမင်းစားသောက်ပြီး တရေးတမောအိပ်နားပါတယ်။ ညနေပိုင်းမှာ မချို ရေချိုး၊ အဝတ်လျှော်၊ ကြမ်းတိုက်၊ အိုးခွက် ပန်းကန်ဆေးပေါ့ဆရာ၊ အဲဒီနေ့ ညနေစောင်းမှာ မချို အဝတ်လျှော်တာ သုံးနာရီခွဲလောက်ကြာသွားတယ် ဆရာ၊ ခေါင်းလဲ လျှော်တယ်၊ အဲဒီလို အဝတ်တွေလျှော်၊ ရေချိုး နေ့တိုင်းလိုလို ပါပဲဆရာ၊ မကြာခနကျွန်တော်နဲ့ စကားများကြရတယ်၊ အဲဒီနေ့မှာပဲ သူ့ကို ဒါလောက်ကြာအောင် ရေချိုး အဝတ်လျှော်ရကောင်းလား ဆိုပြီး ဆူပစ်လိုက်တယ်။ ကျွန်တော်က သူ့ကို ဂရုဏာနဲ့ပြောမိတာပါဆရာ၊အဲဒါသူက စိတ်ကောက်တယ်။ ဒါနဲ့ ကျွန်တော်လဲ ၄-၅ အိမ်ကျော်လောက်မှာရှိတဲ့ သူငယ်ချင်းတစ်ယောက် အိမ်သွားပြီး ၁၂ ကောင်ကျား ည ၁၀ နာရီအထိ ထိုးတယ်၊ ကျွန်တော်ပြန်လာတော့

သူ့ စိတ်ကောက်တုန်းပဲ ဆရာ၊ ခြင်ထောင်ထဲမှာ ခွေခွေကလေး ကျွန်တော့်ကိုကျောပေး အိပ်နေတယ်၊ ထမင်းစားပြီးပြီလားလို့ မေးတော့ မစားဘူးတဲ့။ ဒါနဲ့ ကျွန်တော်ဘာသာ ချူးခပ်ပြီး စားရတယ်၊ ကျွန်တော် ထမင်းစားပြီး အိပ်ရာထဲရောက်တော့ သူ့ကို ကျောပေးပြီး ကျွန်တော်လဲ အိပ်ပျော် သွားပါတယ်။ ကျွန်တော်လန့်နိုးတော့ နံနက် လေးနာရီ ထိုးနေပါပြီ။ အပြင်မှာ သိပ်အေးတယ်ဆရာ။ သူလည်း အိုးခွက် ပန်းကန်တွေ ဈေးထွက်ဖို့ အကုန်လုံး စီစဉ်နေတာ တွေ့ရတယ်။ ကျွန်တော်ကလဲ ကျွန်တော်လုပ်နေကျ အလုပ် လုပ်ပါတယ်။ ခါတိုင်း လက်ပြတ်အင်္ကျီ အမြဲဝတ်နေတဲ့ မိန်းမဟာ ဒီနေ့မှာ သိုးမွှေး ဆွယ်တာ အဝါကလေး ဝတ်ထားတာကို သတိ ပြုမိတယ်ဆရာ။ မှတ်မှတ်ရရပြောရရင် ၁၉၉၀ပြည့်နှစ် ဇန်နဝါရီလ ၁၆ ရက် နံနက် ရှစ်နာရီခွဲလောက်မှာ ၃၈ လမ်းဈေးမှာ ကျွန်တော့် အမျိုးသမီး ခေါက်ဆွဲပန်းကန်ကိုင်ရင်းက လွတ်ကျသွားတယ်ဆရာ။ လူလဲ ခွေကျ သွားပါတယ်။ ရုတ်ရုတ်သည်းသည်းဖြစ် သွားတာပေါ့ ဆရာ'

'ဈေးရောင်းတဲ့ ကလေးမလေးတစ်ယောက် လေဖြတ်လို့ လေဖြတ်လို့' ဆိုပြီး လူတွေ ဝိုင်းအုံ တိုးကြည့်ကြတယ်၊ ကျွန်တော်လဲ မချိုကို ပွေ့ပြီး ဆေးရုံပို့ရတာပေါ့ဆရာ။ ဘယ်ဘက်ပါးရွဲ့ပြီး ဘယ်ဘက်ခြမ်း လေဖြတ်ခံရပါတယ်၊ တိုတိုနဲ့ လိုရင်းပြောရရင် မချိုကို ကျွန်တော် အစွမ်းကုန် ကုသခဲ့ပါတယ်ဆရာ။ ဆရာပေါင်းလဲ စုံပြီ၊ ကျွန်တော်တို့ ကုသိုလ်ကံပေါ့ ဆရာရယ်၊ ငွေလည်း သောက်သောက်လဲကုန်ပါပြီ။ ခုဆိုရင် အိမ်ရောင်းပြီး ပန်းဆိုးတန်းမှာ အိမ်ငှားနေရပါတယ်။အခု မချိုမှာ မပေါ့မပါး ကိုယ်လေး လက်ဝန်နဲ့ ဆိုတော့ မိဘဆွေမျိုးသားချင်းတွေ အားလုံးက စိုးရိမ်နေကြပါတယ် ဆရာ၊ ဒါကြောင့် ဆရာ ရန်ကုန်ကြွလာရင် ကျွန်တော့်ကိုပြောပါ။ ကျွန်တော်ပင့်ပါရစေလို့မှာထားရပါတယ် ဆရာ မချိုကို လိုက်ကြည့်ပေး ပါဦး ဆရာ...'

ကိုမျိုးမြင့်သည် ဖြစ်ကြောင်းကုန်စင်ကို ပြောပြရင်း မချိုကို လိုက်ကြည့်ပေးရန်ပြော၏။ ထို့ကြောင့် ကျွန်တော်သည် ယူသင့်

ယူထိုက်သော ဆေးဝါးများကို လွယ်အိတ်ထဲ ထည့်ပြီး ကိုမျိုးမြင့်နှင့်အတူ ပန်းဆိုးတန်းလမ်းသို့ ထွက်ခဲ့ပါသည်။

ပန်းဆိုးတန်းလမ်းအိမ်၌ မချိုသည် ကျွန်တော်တို့ အလာကို စောင့်မျှော်နေရှာသည်။ သူ့ မျက်နှာကလေးသည် ကြည်လင်နေ၏။

'ကလေးမလေးက ချောချောကလေးဆရာရဲ့. အသူ့ခမြာလေဖြတ်ခံထားရတယ်၊ သနားစရာပါဆရာရယ်'

အစ်မဒေါ်ခင်ပြုံး၏ အသံကို ကြားယောင်မိ၏။ ပြောလည်း ပြောလောက်ပါ၏။ မချိုသည် မျက်ဝန်းကလေး စိမ်းညို့ညို့နှင့် ရွှန်းစို၏။ ဝါရွှေသောအသား၊ ဖြူဖွေးညီညာသော သွားကလေးများနှင့်။ ပြုံးလိုက်သောအခါ မချို၏အလှသည် ပို၍ ပေါ်လွင်၏။ မချိုသည် မိန်းမချော မိန်းမလှကလေးတစ်ဦးဖြစ်ကြောင်း သတိပြုလိုက်မိသည်။

ချောသူဖြစ်စေ၊ အရုပ်ဆိုးသူဖြစ်စေ၊ ရောဂါဝေဒနာက ညှာတာမှု မပေးပါ။

ကျွန်တော်သည် ဦးစွာပထမ မချို၏ နှလုံးသွေးခုန်နှုန်းကို စမ်းသပ်သည်။ ပြီးမှ ဆီးဝမ်းလေတို့ကို စစ်မေး၏။ ဘယ်ဘက်လက်ချောင်းကလေးများ လှုပ်မရပါ။ ခြေညှပ်ဖိနပ် စီးမရ။ စကားပြောရာတွင် လျှာလေးပြီး ဝဲနေသည်။

'တူမလေး ဘာမှ အားမငယ်နဲ့. တူမလေး ရောဂါပျောက်အောင်ကုပေးမယ်'

ကျွန်တော်သည် ပြတ်သားစွာ ပြောချလိုက်ပါသည်။ ကိုမျိုးမြင့်သည် တက်ကြွသော မျက်လုံး၊ အားကိုးသောအပြုံးနှင့် ကျွန်တော့်ကို ကြည့်၏။ မချို၏ မျက်နှာကလေးသည်လည်း ပို၍ ကြည်လင်လာသည်ဟု ထင်၏။

'ကဲ ...တူမလေး ဟောဒါက သောက်ဆေး၊ ရှောက်ပေါင်းရည်တဲ့၊ ဟောဒါက လျှာပွတ်ဆေး လျှာကိုမကြာခနပွတ်ပေး တူမလေး ရှောင်ရမှာက သံပရာရည်ပဲ၊ ကြပ်ကြပ်သတိထား မသောက်ရဘူးနော်၊ ခွေးတောက်ရွက်ဟင်းချိုကလေး ခဏခဏချက်သောက် ကြားလား'

အားလုံး ကိစ္စပြီး၍ မချိုတို့ ဇနီးမောင်နှံကို ကျွန်တော် နှုတ်ဆက်သောအခါ မချို၏ အပြုံးကလေးသည် ဘယ်ပန်းချီရေး လို့မှ မမီ။ ပြီးတော့ ဖြူဖွေးနုညက်သောပါးပြင်ပေါ်ဝယ် မျက်ရည်ဥ ကလေးတွေ တလိမ့်လိမ့်ကျဆင်းလာသည်ကို သတိပြုလိုက်မိပါ သည်။

(၂)

ကျွန်တော်သည် လေဖြတ်ခံရသူများနှင့် ကြုံတိုင်းရှောက် ပေါင်းရည်ကို တိုက်လေ့ရှိပါသည်။ ရှောက်ပေါင်းရည်သည် ပါးရွဲ့ သွားခြင်း၊ လက်လှုပ်မရ၊ ခြေလှုပ်မရခြင်းတို့ကို ပျောက်ကင်းစေသော ဆေးကောင်းတစ်လက် ဖြစ်ပါသည်။ ပြီးတော့ နန်းတွင်း လျှာပွတ် ဆေးကြီး၊ နန်းတွင်းလျှာပွတ်ဆေးနည်းကတော့ လူသိများ၍ မဖော်ပြတော့ပါ။

ရှောက်ပေါင်းရည် ဖော်စပ်နည်းကိုတော့ တင်ပြ အစီရင်ခံ ချင်ပါသည်။ ရှောက်ပေါင်းရည်သည် လတ်တလော ရက်သတ္တတစ် ပတ်မျှ လေဖြတ်ခြင်းများတွေ့ရက အလွန် အပျောက်မြန်သော ဆေးဖြစ်ပါသည်။ မြန်မာပြည် အနှံ့ ရှောက်သီး ရှောက်ရွက်ကလည်း ပေါလှ၏။ အလွန်အားထား ရသော ဆေးတစ်လက်ဖြစ်ပါ၍ ရှုကြပါဘိ။

## 'ရှောက်ပေါင်းရည်ပြုလုပ်နည်း'

( လိုအပ်သောပစ္စည်းများမှာ ထန်းလျက်တစ်ပိဿာ၊ ရှောက်သီး လေးလုံး၊ ရှောက်ရွက်တစ်ပြိ။ သက်ရင်းကြီးမြစ် ၂၅ ကျပ်သား၊ ထန်းလျက်ကို အလျင်ကျအောင် ဖောက်ရပါမည်။ ရှောက်သီး၊ ရှောက်ရွက်၊ သက်ရင်းကြီးမြစ်တို့ကို နုတ်နုတ်စင်းပါ။ ထို့နောက်

ထန်းလျက် အလျင်ဖောက်ထားသည်နှင့်ရော၍ အရက်ချက်သကဲ့သို့ ပေါင်းခွေးကို ယူရပါသည်။ ထန်းလျက်တစ်ပိဿာလျှင် ငှက်ပျောဖူးတစ်ပုလင်းသာသာ ပေါင်းခွေးရပါသည်။ ရရှိသောပေါင်းခွေးကို ရေစစ်နှင့် နှစ်ကြိမ် သုံးကြိမ်မျှစစ်ယူ၍ ပုလင်းထဲတွင် လေလုံစွာ ထည့်ထားပါလေ။

လေဖြတ်ခံရသူပါးရွဲ့သွားသူ၊ အကြောအားနည်းသူတို့ကို နံနက်ထမင်းစားဇွန်းနှစ်ဇွန်း၊ ညနေ(၂)ဇွန်းတိုက်ပါ။ ပါးရွဲ့သွားသူ ခြေလက်လှုပ်မရသူများ လောလောလတ်လတ် တိုက်ကျွေး ကုသခွင့်ရပါက လျင်မြန်စွာ ပျောက်ကင်း၍ တစ်လနှစ်လကြာလျှင် တစ်လ နှစ်လလောက်ကြာအောင် တိုက်ကျွေး ကုသယူရပါသည်။ ကြာလျှင် ကြာသလို ကုယူရပါသည်။ )

## 'လေဖြတ်ခံရခြင်း အကြောင်းရင်း'

ခြေလက်လှုပ်မရ။ ကိုယ်တစ်ခြမ်း လှုပ်မရ။ပါးရွဲ့သွားခြင်းတို့ကို လေဖြတ်ခံရသည်ဟု ဆိုပါ၏။ အမျိုးသားများ လက်ဝဲဘက်အဖြစ်များ၍ အမျိုးသမီးများ လကျာ်ဘက် အဖြစ်များပါသည်။

## 'အသေးစားလေဖြတ်ခံရခြင်း'

စာရှုသူအဆွေ ကြုံဖူးပါလိမ့်မည်။ နွေကာလ အိုက်စပ်သည်ဟုဆို ကာ ပြတင်းတံခါးဖွင့်၍ အိပ်လိုက်၏။ တပေါင်းတန်ခူးလသည် နေ့မှာပူ၍ ညပိုင်းမှာ အေးပါသည်။ ညဦးမှာ ပူအိုက်သော်လည်း

မိုးလင်းခါနီးတွင် အေးလှ၏။ ညဥ့်ဦးမှာ လေငြိမ်ပြီး မိုးလင်းပိုင်းတွင် လေတဟူးဟူး တိုက်တတ်ပါသည်။

ခန္ဓာကိုယ်သည် အရိုး အရေထူအရေပါး၊ အကြောများဖြင့် တည်ဆောက်ထားပါသည်။ အကြောများ၏ သဘောသဘာဝမှာ ပူလျှင် ကျယ်ပြန့်၍ အေးလျှင်ကျဉ်းမြောင်းပါသည်။ လည်ဂုတ်ရိုး တစ်လျှောက်၌ အာရုံကြောမျှင်ကလေးများ၊ ဆံချည်မျှင်သွေးကြော ကလေးများ လေအေးပတ်ဖွဲ့ခံရပြီး နံနက် အိပ်ရာထသောအခါ ဇက်ကြီးလှည့်မရဘဲ ခိုင်သွားသည်ကို ကြုံဖူးကြပါလိမ့်မည်။ ထိုသည်မှာ အသေးစား လေဖြတ်ခံရခြင်းပင် ဖြစ်ပါသည်။

ရှေးက လူကြီးများကတော့–

'ဟဲ့ အဲ့ဒါ အနန်းလွဲတယ်လို့ ခေါ်တယ်ဟဲ့၊ ခေါင်းအုံးနေလှမ်းပေး' ဟု ညွှန်းကြ၏။

မှန်ပါသည် ။ ခေါင်းအုံး နေလှန်းရပါသည်။ တစ်နေကုန် နေလှမ်းထားသော ခေါင်းအုံးပေါ်သို့ အိပ်စက်သောအခါ ခေါင်းအုံးတွင်းမှ နေလှမ်းထားသော အပူငွေ့များသည် ဖြည်းဖြည်းချင်း ထွက်လာပြီး ဂုတ်ရိုးတစ်လျှောက်ရှိ သွေးကြောကလေးများ နွေးထွေးစေပါသည်။ နွေးထွေးလာသောအခါ ကျုံ့သွားသော သွေးကြောကလေးများ ကျယ်ပြန့်သွားပြီး 'ဖွဲ့စည်း'နေသော သွေးခြည်ဥကလေးများလည်း အကြောများတစ်လျှောက် ပုံမှန် စီးဆင်းသွားသောအခါ ခိုင်နေ သောဇက် လှည့်နိုင်သွားပါသည်။

## ပူလျှင်ကျယ်၍ အေးလျှင်ကျုံ့

မြန်မာ့ဆေးပညာသည် အပူနှင့်အအေးကို အဓိက ထားပါသည်။ အပူနာ အအေးနာခွဲခြားကြရပါသည်။ တရုတ်တိုင်းရင်းဆေးပညာမှာလည်း အလင်းနာနှင့် အမှောင်နာဟု ခွဲခြားထားသည်။ သဘောတရားခြင်းတူညီပါသည်။

နေ့နှင့်ည။ နေနှင့်လ။ အပူနှင့်အအေး။ သဘာဝတရားကြီးက

ဖန်တီးထားပါသည်။ မည်မျှပင် ဤလောက၌ ရောဂါဝေဒနာတွေများ များ အပူနာနှင့်အအေးနာ နှစ်မျိုးသာ ရှိပါ၏။

အင်မတန်မာကြောသော မီးရထားသံလမ်းများပင် နေ့အခါ ကျယ်ပြန့်၍ ညအခါ ကျုံ့ပါသည်။ အရိုးအကြော အသွေးအသား တို့ဖြင့် တည်ဆောက်ထားသော ခန္ဓာကိုယ်မှာမူကား ပူလွန်းခြင်း အေးလွန်းခြင်းများ ခံစားရပါက ဆိုဖွယ် မရှိပြီ။

## အာရုံကြောများ ပိတ်ဆို့ခြင်း

သွေးကြောများအတွင်း၌ သွေးများ လှုပ်ရှား သွားလာရန် အတွက် နှလုံးသည် လွန်စွာ အရေးကြီး၏။ လူအသက်ရှင်နေသမျှ ကာလပတ်လုံး နှလုံးသည် လှုပ်ရှားနေရ၏။ လူအိပ်ပျော်နေသော် လည်း နှလုံးသည် ရပ်နားမရ။ ပုံမှန် သွေးများလည်ပတ်ရန် ညှစ် ထုတ်နေရသည်။ နှလုံးမှ ညှစ်ထုတ်လိုက်သော သွေးများသည် ခန္ဓာကိုယ်နေရာအနှံ့သို့ ပို့ပေးရ၏။ အစာအိမ်ထဲလည်းသွားရ၏။ ကျောက်ကပ်ထဲလည်း သွားရ၏။ ဦးနှောက်ဆီသို့လည်း သွားရ၏။ သွေးလွှတ်ကြောမကြီးမှတစ်ဆင့် ခန္ဓာကိုယ်တစ်ကိုယ်လုံးရှိ ရှုပ် ထွေးပွေလီသော ဆံခြည်မျှင်သွေးကြောကလေးများမှ တစ်ဆင့် တစ်ကိုယ်လုံး နေရာအနှံ့ သွားရသည်။ သွေးသည် ခန္ဓာကိုယ်၌ မရှိလျှင် မဖြစ်ပါ။ သွေးမရှိပါက မည်သည့် ခန္ဓာကိုယ် အစိတ် အပိုင်းမှ အလုပ် မလုပ်နိုင်ပါ။ ထို့ကြောင့်လည်း '**သွေးသည် အသက်၊ အသက်သည် သွေး**'ဟု ခေါ်ကြ ပြောကြခြင်း ဖြစ်၏။ အေးသော တိုင်းပြည်များတွင် ခန္ဓာကိုယ်အစိတ်အပိုင်းဆီသို့ သွေးများရောက်စေရန် ကိုယ်လက်လှုပ်ရှားမှုများ ပြုလုပ်ကြရ၏။ ဝန်ရိုးစွန်းအရပ်ဒေသများ၌ အေးလွန်းပြီး သွေးမရောက်သော နားရွက်များပြတ်ကြောင်း မှတ်ရ ဖူးပါ၏။

ပူသောဒေသဖြစ်သော ကျွန်တော်တို့ မြန်မာနိုင်ငံမှာပင် ပန်ကာအောက် ဇိမ်ရစ်နေသူများ၊ အဆီအဆိမ့်တွေစားပြီး လေးလံထိုင်းမှိုင်းနေသူများသည် ကိုယ်လက် မအီမသာဖြစ်ခြင်း၊ ခြေလက်များ ထုံကျင်ခြင်း၊ အာရုံကြောများအားနည်းလာခြင်းများ ဆင့်ကဲဆင့်ကဲ ရောဂါတွေ ထူပြောလာ၏။ ထို့ကြောင့်လည်း ရှေးက ဆရာမြတ်တို့က ကိုယ်လက်လှုပ်ရှားခြင်းလည်း မရှိ၊ အထိုင် အအိပ်များပြီး ခန္ဓာကိုယ် ဝဖြိုးလာသူများကို သေမင်းနှင့် အမြဲဆက်သွယ်နေသူများဟု ဆိုမိန့်ခဲ့ကြပါသည်။

ဤရွေ့ ဤမျှ အရေးပါ အရာရောက်သော သွေးလည်ပတ်မှုကို မထိခိုက်စေရန် ခန္ဓာကိုယ် ငြိမ်ကုပ်ပြီး ဇိမ်လုပ်မနေပါနှင့်။ လွန်စွာအေးလွန်းသော ရေအေး ဦးခေါင်းမှစ၍ လောင်းမချိုးပါနှင့်။ လေအေး ရေအေး မကြိုက်ပါနှင့်။ အကယ်၍ လွန်စွာအေးသောရေကို မကြာခဏချိုးခြင်း၊ ပန်ကာလေ ကြိုက်နှစ်သက်ခြင်းများ ပြုဖန်များသော် ခန္ဓာကိုယ်၌ သွေးများ လှည့်ပတ်သွားလာရန် သဘာဝကပေးထားသော သွေးကြောများ ဆံခြည်မျှင် သွေးကြောကလေးများ ကျုံ့တွန့်သည်ရှိသော် ခန္ဓာကိုယ် တစ်ကိုယ်လုံး ညောင်းညာ တောင့်တင်းခြင်း၊ ဇက်ကြောများ နောက်ကြောများ တက်ခြင်း ဝေဒနာများ ခံစားကြရပါမည်။

## 'ဦးနှောက်နှင့်အာရုံကြော'

ဦးနှောက်မှတစ်ဆင့် လည်တိုင်ကျောရိုးမကြီးတစ်လျှောက်သို့ ဖြာဆင်းသွားသော အာရုံကြောများသည် ကွန်ယက်သဖွယ် တစ်ကိုယ်လုံးနှင့်ဆက်သွယ်ထားရကား ခန္ဓာကိုယ်အစိတ်အပိုင်းများဖြစ်သော ခြေလှမ်းခြင်း၊ မြှောက်ခြင်း၊ ကွေးခြင်း၊ လက်လှုပ်ခြင်းကိုင်တွယ်ခြင်းများ ခိုင်းစေနိုင်ပြီး အပူအအေး၊ အတွေ့အထိ၊ နာကျင်မှု

ဝေဒနာများ သိ၏။ အာရုံကြော စိတ္တဇဝါယောများက ခြေကြွခြင်း၊ မြှောက်ခြင်း၊ လက်လှုပ်ခြင်း စသည်တို့ကို ဦးနှောက်က တစ်ဆင့် လျှင်မြန်စွာစေခိုင်းခြင်း ဖြစ်ပါသည်။

ထိုအာရုံကြောများ စုဝေးရာအရပ်ဖြစ်သော ဂုတ်ရိုးကျောရိုး တစ်လျှောက်ကို အထူး သတိထားရပါသည်။ နွေကာလ အိုက်စပ်ပူလောင်သည်ဟုဆိုကာ အုတ်ကန်ထဲ၌ လှောင်ထားသော ရေအေးကို ချိုးလိုက်မိပါက ပူနွေးနေသော ခန္ဓာကိုယ်အကြောများ အအေးနှင့်တွေ့ထိလိုက်သည်နှင့် ရုတ်ချည်းကျုံ့တွန့်သွားနိုင်ပါသည်။

ထိုအချိန်မှာပင် နှလုံးအိမ်မှ ညှစ်ထုတ်လိုက်သော သွေးများ သွေးလွှတ်ကြောမှတစ်ဆင့် ရုတ်ချည်း ဦးခေါင်းပိုင်းသို့ တက်လာသောအခါ အာရုံကြောမျှင်ကလေးများ ကျည်းမြောင်းတွန့်သွားခိုက်နှင့် ကြုံရပါက သွေးခြည်ဥသွားပါမည်။ အာရုံကြောများ ပြတ်တောက်သွားသော် လက်လှုပ်မရ၊ ခြေလှုပ်မရ ဖြစ်သွား၏။ ထိုအရာကို လေဖြတ်သည်ဟု ဆိုကြ၏။

ထိုအခါ လက်မြှောက် မရကောင်းလား၊ လက်ချောင်းကလေးများ ဆုပ်မရကောင်းလားဟုဆိုကာ ဆေးတွေ တွင်တွင် လိမ်း၏။ မမှန်ပါ။

ဦးနှောက်မှ ဖြာဆင်းလာသော အာရုံကြောကလေးများ(စိတ္တဇဝါယောအကြော)က ရပ်ခြင်း၊ သွားခြင်း၊ လက်လှုပ်၊ ခြေလှုပ်၊ ပါးစပ်လှုပ်ခြင်းတို့ကို စေခိုင်းခြင်းဖြစ်၏။ ဂုတ်ပိုင်းတစ်လျှောက်ရှိ အာရုံကြောကလေးများကို တွန့်သွားရာမှ ဆန့်လာအောင် ကျဉ်းသွားရာမှ ကျယ်ပြန့်လာအောင် ညင်သာပူနွေးသော ဆေးများ လိမ်းမှသာ သက်သာပျောက်ကင်းပါမည်။

ရှေးကလူကြီးများက ဦးခေါင်းပိုင်းနှင့် လည်ပင်းတို့ကို လွှန်စွာ အရေးထား၏။ ခေါင်းပေါင်း ပေါင်း၏။ လည်ဂုတ်အအေးမပတ်စေရန် သိုးမွေး မာဖလာကလေး ပတ်၏။လေအေး ရေအေးကို ရှောင်၏။ လေဖြတ်ခြင်းအန္တရာယ်ကို ကာကွယ်ရာတွင် အလွန်ထိရောက်သော 'ကာကွယ်ခြင်းနည်းကောင်း' ဖြစ်ပါသတည်း။

* * *

## အအေး မကြိုက်ပါနှင့်

အေးချိုဆိမ့်အစာများ အလွန်အကျွံ မစားပါနှင့်။ အေးသော အရသာ ချိုဆိမ့်သော အရသာများကို လွန်စွာစားက ခန္ဓာကိုယ် ဝဖြိုးလာမည်။ ခန္ဓာကိုယ် ဝဖြိုးလာသည်နှင့်အမျှ သွေးကြောများ အဆီ ပိလာပါမည်။ အုန်းနို့ခေါက်ဆွဲ၊ ဒညင်းသီး၊ ရေခဲမုန့်၊ ငါးသလောက်၊ ဝက်သား၊ ဘဲသားများကြောင့် သွေးကြောနံရံများ ကျဉ်းမြောင်းလာ၏။ ထိုအခါ သွေးသွားလာမှု လှုပ်ရှားမှု များလာ၏။ ခေါင်းပိုင်း၌ မူးဝေလာ၏။ ထိုသို့ဖြစ်ခြင်းကို သွေးတိုးသည်ဟု အမည်ပေး၏။ တဆက်တည်းမှာပင် အဆီအဆိမ့် အစားများခြင်းကြောင့် နှလုံးသွေးကြောများ အဆီပိတ်ဖုံးလာ၏။ နှလုံးညှစ်အား လွန်စွာ အသုံးပြုလာသောအခါ နှလုံးရောဂါ ရလာပြန်၏။ သွေးတိုးနှင့် နှလုံးရောဂါ ဆက်စပ်မှုကို အကျဉ်းမျှ အစီရင်ခံခြင်း ဖြစ်ပါသည်။

ထိုပုဂ္ဂိုလ်များသည် ပူလောင်အိုက်စပ်ခြင်းဒဏ်ကိုလည်း မခံနိုင်ကြ။ နွေကာလ၌ ပူအိုက်လှသည်ဆိုကာ ကြမ်းခင်းကို ရေဖြန်း ပန်ကာအောက်မှာ ပက်လက်အိပ်ပျော်သွားပါတော့သည်။ အချို့ မနိုးသော အိပ်ခြင်းမျိုးဖြင့် အိပ်ပျော်သွားကြသည်ကို ကြားဖူးကြပါလိမ့်မည်။ အလွန်သတိထား ရှောင်ရှားသင့်ပါသည်။

## အမျိုးသမီးများနှင့် ရေ

များဖွာသော အမျိုးသမီးများတို့သည် မိုးလင်းအိပ်ရာမှ ထသည်မှ နေဝင်မိုးချုပ် အိပ်ရာဝင်သည့်အထိ ရေနှင့်ထိတွေ့နေကြရသည်။ မျက်နှာသစ်တော့လည်း ရေကိုင်ရ၏။ အိုးခွက်ပန်းကန်ဆေးတော့လည်း ရေကိုင်ရ၏။ ထမင်းချက်တော့လည်း ရေ။ ခေါင်းလျှော်ရေချိုး အချိန်ကြာမြင့်စွာ အဝတ်လျှော်ကြရသောကြောင့် အအေးပတ်ဖွဲ့ကာ ခမ္မတာထိန်ခြင်း ငုပ်ခြင်း အဆုပ်အအေးမိခြင်း၊ အူရောင်ငန်းဖျားဖြစ်ခြင်း၊ ဆင့်ကဲဆင့်ကဲ ရောဂါများ ထွေပြားလာသည်။

မသဘာဝအရ ရာသီပန်း ပွင့်အုံဆဲဆဲအချိန်တွင် အမှုမဲ့အမှတ်မဲ့ ခေါင်းလျှော်ရေချိုးမိသော် ပြင်းထန်စွာ ဝေဒနာခံစားရပါသည်။

ယခုလည်း မချိုဟုခေါ်သော မိန်းကလေးတစ်ယောက်သည ရေချိုး အဝတ်လျှော် ၃နာရီကျော်မျှ ပြုလုပ်သောကြောင့် လေဖြတ်ခံရမြင်း ဒုက္ခဝေဒနာခံစားနေရပါပြီ။

အကယ်၍သာ မချိုသည် အချိန်ကြာမြင့်စွာ အဝတ်လျှော်ရေချိုးခဲ့သော ညက ခင်ပွန်းဖြစ်သူ ကိုမျိုးမြင့်နှင့်အတူ အိပ်ရာထက်၌ အိမ်ထောင်ရှင်တို့ သဘာဝအတိုင်း ကြည်ကြည်နူးနူး နေခဲ့ထိုင်ခဲ့လျှင် ယခုကဲ့သို့ လေဖြတ်ခံရသော ဘဝ မရောက်ဟု ကျွန်တော် ပြောဝံ့ပါသည်။

အဘယ့်ကြောင့်ဆိုသော် ထိုနေ့ညနေပိုင်းက မချိုသည်ခင်ပွန်းဖြစ်သူက ဆူရ ငေါက်ရကောင်းလားဟုဆိုကာ ထမင်းပင်မစား ဝမ်းနည်းစိတ်အားငယ်စွာဖြင့် အိပ်ရာထက်မှာ ခွေခွေကလေးအိပ်နေသည် မဟုတ်ပါလား။ ဝမ်းနည်းခြင်း စိတ်အားငယ်ခြင်းတို့သည် လူကို နွမ်းခွေ၍ ခန္ဓာကိုယ် အခိုးအာကာသ ပိတ်ဆို့စေပါသည်။

ပျော်ရွှင် ဝမ်းမြောက်ဝမ်းသာဖြစ်သော စိတ်သည် ခန္ဓာကိုယ် ပေါ့ပါးသွက်လက်စေပြီး တက်ကြွသော စိတ်ကို ဖြစ်စေပါသည်။

ရောဂါဝေဒနာဖြစ်ခြင်းသည် ကံစိတ်ဥတု အာဟာရ အကြောင်းတရား လေးပါး ပါဝင်ပါသည်။

အကယ်တန္တု မချိုသည် အပျိုစင်တစ်ယောက်ဖြစ်ခဲ့သော် ရေချိုးခေါင်းလျှော်ပြီးသည်နှင့် တစ်ပြိုင်နက် သွေးဆေးစားပါ။ သွေးဆေးမရှိခဲ့သော် ရေနွေးပူပူတစ်ခွက်သောက်၍ သင့်တော်သော ကိုယ်ကာယ လှုပ်ရှားမှုများ ပြုလုပ်ရပါမည်။

သို့မှသာ အအေးတို့ဖြင့် ဖွဲ့စည်းခြင်းခံရသော ခန္ဓာကိုယ်သည် ချွေးတို့ဖြင့် စိုလာလျှက် ပွင့်လင်းမှုရပါမည်။ ဆေးပညာ သဘောတရားအရ ဖွဲ့စည်းပိတ်ဆို့လျှင် ပွင့်အောင်၊ အခိုးအာကာသရသော အပြုအမူ၊ ဆေး အစာတို့ကို တိုက်ကျွေးရပါသည်။ ခန္ဓာကိုယ်သည် အအေးဖွဲ့စည်းခြင်းခံရပါက ဖက်ကြောနှင့်နောက်ကြောများတက်ခြင်း၊ ကိုယ်လက်မအီမသာဖြစ်ခြင်း၊ လေအကျဉ်းမိ၍ ဗိုက်အောင့်ခြင်းတို့ ဖြစ်တတ်ပါသည်။ ပိတ်ဆို့သည်ကို ပွင့်အောင် ဖွင့်ပေးရပါသည်။ နွေရာသီမိုး၊ရာသီတို့၌ ချွေးကလေးစိုစို ဖြစ်နေရန်လို၏။

များစွာသော အမျိုးသမီးတို့သည် ချွေးထွက်လျှင် အလှပျက်သည်ဟု ယူဆကာ ချွေးမထွက်အောင် ရေခဲရေ သောက်၏။ လေပန်ကာအနီး အမြဲနေ၏။ ရေခဏခဏ ချိုး၏။ အန္တရာယ်များလှ၏။ ထို့ကြောင့်ရှေးက သမားတော်များက လေအေး ရေအေး အသုံးများသော အမျိုးသမီးများ စားသုံးရန်အတွက် သွေးဆေးများ စီမံဖော်စပ်ခဲ့ကြခြင်းဖြစ်၏။

'ဆေးစားတဲ့နေရာမှာ မိန်းမတွေ နံပါတ်တစ်ပဲဗျ' ဟု အချို့သော ယောကျ်ားများက ကဲ့ရဲ့ပြစ်တင် စကားတင်းဆိုကြပါသည်။

အပြစ်မတင်သင့်ပါ။ အမျိုးသမီးများနှင့် အမျိုးသား ကိုယ်ခန္ဓာဖွဲ့စည်းပုံခြင်း မတူပါ။ လုပ်ရကိုင်ရသော အလုပ်များလည်း မတူပါ။ သူတို့မှာ 'သားအိမ်'ပါ၏။ တစ်လတစ်ကြိမ် အာဝေနိက ဒုက္ခခံစား ရ၏။ ထိုကာလအတွင်း ရေအေးချိုးမိလျှင် လေအေးအဖွဲ့ခံရလျှင် အချဉ်စားသုံးမိလျှင် ပြင်းစွာ ဝေဒနာ ခံစားရပါသည်။ မီးယပ်သွေးငုပ်သွားလျှင် အသားအရေ ခြောက်ခမ်းသွားနိုင်၏။ ထို့ကြောင့် သူတို့ 'သွေးဆေး'ကို မစားမဖြစ် စားနေကြရခြင်း ဖြစ်ပါသည်။

နောက်တစ်ခုရှိသေး၏။ အိမ်ထောင်ရှင် အမျိုးသမီးများတို့သည် သားငယ် သမီးငယ်များအတွက် ကျောင်းချိန်အမီချက်ရ ပြုတ်ရ၊ နေ့လယ်နေ့ခင်း အဝတ်လျှော်ရ။ တစ်ဖန်ညနေကျပြန်တော့ ညနေစာ ချက်ရပြုတ်ရ ချွေးတလုံးလုံးနှင့်။

မိမိခင်ပွန်းအလုပ်ကပြန်လာလျှင် လှလှပပကလေးမြင်နိုင်ရန် အတွက် ညနေစောင်း ရေမချိုး သင့်ကြောင်းသိပါလျက် အချို့ကြိတ် မှိတ် ချိုးကြ၏။ တချို့မှာမူ အလှပြင်ဆိုင်သို့ပင် ပြေး၍ ဆံပင်အလှ ပြင်ကြ၏။ ခေါင်းလျှော်လိုက်၊ ခေါင်းက ဆံပင်အမြန်ခြောက်အောင် အပူတွေပေးလိုက်နှင့်။ ကြာတော့ ဆံပင်တွေကျွတ်ကာ မလှသည့် အပြင် စာကလေးအမွေးနှုတ် နဖူးပြောင် ဦးခေါင်းပြောင်ကလေးနှင့် ဖြစ်တော့၏။

ရှေးခေတ်က အမျိုးသမီးများနှင့် ယခုခေတ် အမျိုးသမီးများ ကွာလှ၏။ ရှေးခေတ်က ခေါင်းတစ်ကြိမ်လျှော်ဖို့အရေး အချိန်ယူ၍ ပြင်ဆင်ရ၏။ ကင်ပွန်းသီး၊ တရော်တို့ကို ပြုတ်ရ၏။ နေ့ကောင်း ရက်မြတ်ရွေးရ၏။ 'တရင်သားမွေး ခေါင်းမဆေးနှင့်' 'အိုးစည်တီး ပြီးအောင်လျှော်' ရှေးက လူကြီးသူမများက ခနခန ခေါင်းလျှော် ခြင်းအမှု မပြုလုပ်ရန် ခေါင်းမလျှော်အပ်သောရက်၊ ခေါင်းလျှော်ရ သောရက်ဟူ၍ အထက်ပါအတိုင်း လင်္ကာများနှင့် ထားရစ်ခဲ့၏။

ယခုအခါမှာတော့ အရင်ကလို မဟုတ်တော့ပြီ။ အချိန်မရွေး လျှော်၏။ ဟိုနိုင်ငံသည်နိုင်ငံကလာသော ခေါင်းလျှော်ဆေးရည်တွေ ကလည်း ပေါပါဘိခြင်း။ လှချင်တာဘဲ ကြည့်၏။ အန္တရာယ်ကို မမြင်။

ဦးခေါင်းကို ခနခန ရေအေးနှင့် လျှော်ခြင်းသည် မိမိ၏ အဝတ်အစားကို ခနခန လျှော်ဖွပ်သည်နှင့် တူ၏။ ပြုဖန်များသော် အရောင်အဆင်းမွဲလျက် ရိဆွေးခြင်းဖြစ်ရ၏။

ယခု ဦးခေါင်းပိုင်း ဦးရေ ဦးနှောက်နှင့် အာရုံကြောများ ထိခိုက်အောင် အပူပေးလိုက်၊ ရေအေးနှင့်ခေါင်းလောင်းလိုက်၊ ဆံပင် များ မြန်မြန်ခြောက်စေရန် လေပန်ကာက တစီးစီး သဘာဝကို ဆန့်ကျင်လျက် ခေတ်မီဆန်းပြားသော အသုံးအဆောင်ပစ္စည်းတွေ

များများ သုံးလာသောအခါ နိယာမ စကားတစ်ခုရှိ၏။ ထိုနိယာမ စကားမှာ 'သဘာဝတရားကို ဆန့်ကျင်သောသူသည် သဘာဝတရားက ပြန်လည် ဒဏ်ခတ်ခြင်းကို ခံရသည်' ဟူ၏။

အမျိုးသမီးများ ကျန်းမာရေးအတွက် တင်ပြစရာတွေ အများ အပြားရှိပါ၏။ ကဲ ... မချိုအကြောင်းကို ဆက်ကြပါဦးစို့။

မချိုကို ကျန်းမာရေးအတွက် ကာကွယ်ရေးကိစ္စတွေ ပြော ရန် မလိုတော့ပြီ။ လေဖြတ်ခံထားရသည့် ဘဝရောက်မှတော့ လွန်ကုန်ပြီပေါ့။ ထားပါတော့၊ ယခု ကျွန်တော့်တာဝန်မှာ မချိုဝေဒနာ ပျောက်ကင်းရေးအတွက်ဆေးပေးကုသရန်သာလိုတော့သည်။

(၃)

မချိုသည် ကိုယ်ဝန် ခုနစ်လရှိနေ၍ သိပ်ပူသောဆေးပေး၍ မရပါ။ သင့်တင့်လျှော့က်ပတ်သော ရှောက်ပေါင်းရည် နှင့် လျှာ ပွတ်ဆေးသာ ပေးခဲ့ပါသည်။

သည်လိုနှင့် သုံးလခန့်ကြာသောအခါ ကိုမျိုးမြင့်ထံမှ စာတစ် စောင် ရောက်လာပါသည်။ ထိုစာကို ကျွန်တော်အသေးစိပ် မဖော်ပြ လိုပါ။အဘယ့်ကြောင့်ဆိုသော် ကျွန်တော့်ကို ချီးမွမ်း ထောပနာပြု ထားသော အကြောင်းအရာ များများ နေသောကြောင့်ဖြစ်ပါ၏။

ဆိုလိုရင်း အတိုချုပ်မှာ မချိုသည် ကလေးငယ်ချောမောအောင် မြင်စွာ မွေးဖွားကြောင်း တစ်လခန့်အကြာ ကလေးငယ်သေဆုံးသွား ကြောင်း၊ ကျွန်တော် ရန်ကုန်သို့ရောက်လျှင် ဆက်ဆက်လာရောက် စေချင်ကြောင်း ကျေးဇူးဆပ်ရန်ရှိကြောင်းတို့ ဖြစ်၏။

ကိုမျိုးမြင့်စာဖတ်ပြီး ကျွန်တော်ဝမ်းသာနေစဉ်မှာပင်ကိုမျိုး မြင့် မချိုတို့ ငှားရမ်းသော အိမ်ရှင် ဦးကျော်အေး၊(အမှတ် ၊ ပန်းဆိုးတန်း၊ ရန်ကုန်)က ညကြီးမင်းကြီး ကျွန်တော့်ထံ ဖုန်းဆက် ပါတော့သည်။ မချိုသည် နေထိုင်ကောင်းနေရာမှ ရုတ်ချည်း လျှာတို ဝင်သွားကြောင်း၊ ဟောလစ်သောက်လိုက်၍ ဖြစ်ကြောင်း၊ ယခု ဆေးရုံတင် လိုက်ရကြောင်း အရေးတကြီး ဖုန်းဆက်ပါသည်။

ကျွန်တော်က ဤသို့ဖြစ်လျှင်၊ အမှတ် ၁၆၂၊ ၃၂ လမ်း ဦးသောင်းဖေ+ဒေါ်ခင်ပြုံးတို့ထံတွင် ကျွန်တော် အသင့်ဖော်ထားသော ၄၀ဒေဝ ဆေးရှိကြောင်း၊ ၎င်းဆေးကို အမှုန့်ပြု၍ လျှာပွတ်ရန်ပြန်ကြားလိုက်ပါသည်။ ရှောက်ပေါင်းရည်တစ်ပုလင်းကိုလည်း လူကြုံနှင့်ပို့လိုက်၏။ တစ်လခန့်အကြာတွင် ကိုမျိုးမြင့်ထံမှ စာတစ်စောင်ရောက်လာပါသည်။

၂၂-၁၀-၉၁

*ဆရာခင်ဗျား*

*ရိုသေစွာဖြင့် စာရေးလိုက်ပါသည်။ ဆရာတို့မိသားစု ကျန်းမာ၍ ချမ်းသာကြပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ပါသည်။*

*မချိုလည်းနေကောင်းနေပါပြီ။ ရှောက်ပေါင်းရည် ပို့ပေးပါဦး။ ကုန်ခါနီးနေပါပြီ။ ဆရာ ရန်ကုန်လာမည့်ရက်ကို ကျွန်တော်တို့မျှော်နေကြပါသည်။*

*မောင်မျိုးမြင့်+မချို*
*ရန်ကုန်။*

ရက်များမကြာမီမှာ ကျွန်တော် ရန်ကုန်ရောက်၏။ မချိုတို့ ဇနီးမောင်နှံ ငှားရမ်းနေထိုင်သော ပန်းဆိုးတန်းလမ်းအိမ်သို့ သွား၏။ သူတို့ ဇနီးမောင်နှံသည် ပြုံးပျော်နေကြသည်။

ကျွန်တော့်ကို ဖွယ်ဖွယ်ရာရာ ဟင်းလျာများဖြင့် အထူး ပြုစုကျွေးမွေးပါသည်။ ကျွန်တော်သည် သူတို့ကျွေးသော ထမင်းကို မြိန်ရည်ယှက်ရည်စားရာမှ မချို ကျန်းမာရေးကောင်းလာပုံကို အကဲခတ်တွေးတော ဝမ်းသာနေပါသည်။ မချိုကလည်း လမ်းလျှောက်ပြ၏။ လက်ကို မြှောက်ပြ၏။ စကားလည်း ပီသလာ၏။

'ဆရာရယ် ...ကျွန်တော်တို့မှာ ဆရာပေါင်း ၂၀ ကျော်ပါပြီ၊ ဆရာလိမ် ဆရာညာ အသပြာ ဆရာတွေနဲ့ချည်း တွေ့ရပါတယ်၊ ဆရာ့လို ဆရာမျိုး မကြုံဖူးပါ၊ ဆရာ့ကျေးဇူးကို ကျွန်တော်တို့

ဆပ်ပါရစေ...'

သူတို့တတ်စွမ်းသမျှငွေကြေးကလေးဖြင့် ကျွန်တော်ဝတ်ဆင်ရန် လုံချည်တစ်ထည်ကန်တော့ပါသည်။

'ဆရာ ကျွန်မ အလုပ် လုပ်နိုင်တဲ့အထိ ကုပေးပါနော်'

'ဒါပေါ့တူမလေးရယ်...ဒေါင်ဒေါင်မြည်ကျန်းမာလာရင် အလုပ်လုပ်နိုင်မှာပေါ့ ...အထူးသတိထားရမှာက အစားအသောက်ဆင်ခြင်ပါ၊ နောက်ထပ် အမှားမခံဘူးနော်'

*ကျွန်တော်သည်* မချိုစားသုံးရန်အတွက် အစားအစာများနှင့် ရှောင်ရန် အစားအစာများကို ရေးပေးခဲ့ပါသည်။

မချိုက–

'ဆရာ... ရန်ကုန်ကို မကြာမကြာ လာပါနော်'

'ဆရာ... မကွေးပြန်သွားရင် ကျွန်မ သိပ်အားငယ်တာပဲ'

'အေးပါ တူမလေးရာ...ဦးလေး မကြာ မကြာ လာမှာပေါ့' ဟု အားပေးစကားပြောခဲ့ပါ၏။

(၄)

ကျွန်တော်သည် ဆေးကုသခြင်းကို ဝါသနာပါ၏။ သို့သော် ကုခြင်းထက် မဖြစ်မီက ကာကွယ်ခြင်းကို အလေးထားသူဖြစ်ပါသည်။ ထို့ကြောင့် လူအများတို့သည် မိမိတို့ ကျန်းမာရေး မိမိစောင့်ရှောက်နိုင်ရေး၊ အသေးအဖွဲ့ကိစ္စကလေးများကို မလိုက်နာမကျင့်သုံး၍ ရောဂါကြီးများ မဖြစ်စေရေးအတွက် ကျန်းမာရေးအသိပညာပေး စာတိုပေစကလေးများ ရေးနေရခြင်း ဖြစ်ပါသည်။

ကျန်းမာရေး အသိပညာပေး စာကို ဖတ်ရုံနှင့် မပြီးပါ။ လိုက်နာကျင့်သုံးဖို့လည်း အရေးကြီးပါ၏။ တစ်ဖန်ဆေးကုသရသောအခါတွင်လည်း မသင့်တာမစားပါနှင့်ဟု ဆိုသော်လည်း လူနာက မလိုက်နာလျှင် ရောဂါပျောက်ကင်းရေး နှောင့်နှေး၏။

ယခုလည်း ကျွန်တော်ဆေးကုသနေသော မချိုမြည်သော မိန်းကလေးသည် နေထိုင်ကောင်းနေရာမှ ရုတ်ချည်းဖောက်ပြန်ပြီး ကွယ်လွန်သွားကြောင်း ကိုမျိုးမြင့်ထံမှ စာတစ်စောင် ရောက်ရှိလာပါတော့သည်။

၃-၂-၆၂

*ဆရာခင်ဗျား*

*ရှိသေလေးစားစွာဖြင့် စာရေးလိုက်ပါသည်။ ဆရာ၏ တူမလေး မချို (၁၁-၁-၆၂)နေ့က မောပြီး ကျပ်၍ အသက်ရှူမဝပါသောကြောင့် ဆေးရုံတင်ရပါသည်။ (၂၉-၁-၆၂) နေ့တွင် ရန်ကုန်ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ဝမ်းနည်းစွာဖြင့် စာရေးအကြောင်းကြားပါသည်။*

*မကွယ်လွန်ခင် ဆရာ့ကို တဖွဖွ ပြောနေမေးနေပါသည်။ ဆရာ့ကိုလည်း ရန်ကုန်သို့လာရန်ဖိတ်ခိုင်းနေပါသည်။ ဆရာဟာ အမြဲရှိသေ လေးစားစရာကောင်းကြောင်း တွေ့ချင်ကြောင်း ပြောပါသည်။*

*ဆရာရန်ကုန်ရောက်လျှင် ကျွန်တော်၏မိဘများနေအိမ်(ဂုဏ်ထူး ဦးသိန်းနိုင်)၏အောက်ထပ်တွင် ဝင်ခဲ့စေလိုပါသည်။ ကျွန်တော် မျှော်နေပါမည်။*

*မောင်မျိုးမြင့်*
*အမှတ် ၁၈၈၊ ဆိပ်ကမ်းသာလမ်း၊*
*ပထမထပ်၊ ရန်ကုန်။*

'ဘယ်လိုဖြစ်တာလဲမချိုရယ်'

ကျွန်တော်သည် ကိုမျိုးမြင့်စာဖတ်အပြီး-

ဤသို့စိတ်ထဲမှ ငြီးမိပါသည်။

လူ့အသက်တစ်ချောင်းကို ခက်ခက်ခဲခဲ ကယ်တင်ခဲ့ရပြီးမှ ယခုလို ဖြစ်ရခြင်းကို ကျွန်တော် မချင့်မရဲဖြစ်ရပါ၏။

ရက်များမကြာမီမှာပင် ကျွန်တော် ရန်ကုန်ရောက်၏။ ကိုမျိုးမြင့် မိဘများအိမ်ရှိရာ အမှတ် ၁၈၈၊ ဆိပ်ကမ်းသာလမ်းသို့ရောက်သော အခါ ကိုမျိုးမြင့်သည် မျက်ရည်စက်လက်နှင့် ဤသို့ပြောပါသည်။

'ဆရာရယ် ...ဆရာ ခက်ခက်ခဲခဲ ကုသလို့ပျောက်ကင်းခဲ့ပြီး မိသားစု ပျော်တပြုံးပြုံး ဖြစ်နေတုန်းမှာ အစားမှားသွားတယ်ဆရာ။ အဲဒီအစားကတော့ ဟောလစ်နဲ့ ငှက်ပျောသီး အားရှိအောင်ဆိုပြီး စားလဲပြီးရော မောတယ် ...မောတယ် ဆိုပြီး ဆေးရုံတင်လိုက်ရတယ်။ ဆေးရုံရောကတော့လဲဆရာ့ကို တဖွဖွ မှာဖို့ ပြောတယ်ဆရာ မချို မရှိတော့ပေမယ့် ကျွန်တော်တို့ဆီကို လာလယ်ပါဆရာရယ်၊ အရှုံးထဲက အမြတ်ဆိုသလို ကျွန်တော့်ညီမတွေ တူမတွေလဲ မချိုလို လေဖြတ်ခံရမှာ ကြောက်ပြီး မချိုလို အအေးမကြိုက်ဖို့ မချိုလိုအစား အသောက် မမက်မောဖို့ သင်ခန်းစာ ကောင်းကောင်းရသွား ကြတယ် ဆရာ...'

'အင်း... ဟုတ်ပေသားပဲ'

ထိုအခါကျမှ ကျွန်တော်သတိရ၏။

မချိုကဲ့သို့ သွက်ချာပါဒ လေဖြတ်မခံရရေးအတွက် စာဖတ်သူများကို အမှန်အတိုင်း အသိပေးတင်ပြ အစီရင်ခံရဦးမည် မဟုတ်ပါလား။

* * *

## လေဖြတ်ခံရတော့မည့်လက္ခဏာများ

၁။ ခြေဖဝါးအလယ်ခေါင် ခြောက်သွေ့လာခြင်း။
၂။ ခြေဖမိုး အခုံး၊ လက်ပခုံး အရေထူလာခြင်း။
၃။ ဝမ်းချုပ်၊ ဝမ်းကျန်ဖြစ်လာခြင်း။
၄။ နှာခေါင်း အရိုးပေါ်မှ အရေထူလာခြင်း။
၅။ မြီးညှောင့်ရိုး အထက်ရှိ အသားဆိုင်များ ထူလာခြင်း။
၆။ ခြေသလုံးအပေါ် ဘေးသားပွလာခြင်း၊ ကိုက်ခဲခြင်း၊ နားအုံ၏ နောက်နားသည်ဆီမှ 'စစ်ကနဲ' 'စစ်ကနဲ' ပွလာလျှင် လေဖြတ်ခံရတော့မည်ဟု မှတ်ပါ။

အထက်ပါ လက္ခဏာများ ဖြစ်ပေါ်လာပါက ထိုသူသည် တစ်နှစ်အတွင်း လေဖြတ်ခံရတော့မည်ဟု မှတ်ရာ၏။

## လေမဖြတ်ရေး ဤသို့လေ့ကျင့်ပေး

၁။ နံနက် အိပ်ရာထလျှင် ခန္ဓာကိုယ်ကို မတ်မတ်ရပ်လျက် ဒူးကို မကွေးဘဲ လက်များကိုဖြန့်၍ ခြေမကို ထိသည်အထိ အောက်သို့ ဆန့်ပါ။ ဆယ်ကြိမ်အထိ ပြုလုပ်ပေးပါ။

၂။ အပေါ်ထုပ်တန်းတစ်ခုခုကို လက်နှစ်ဖက်နှင့် ဆွဲ၍ ခန္ဓာကိုယ်အဆစ်များအားလုံးဆန့်အောင် ဆယ်ကြိမ်ထက်နည်း ပြုလုပ်ပါ။
၃။ လမ်းများများ လျှောက်ပါ။
၄။ မိမိခြေထောက်ကို ထွေးထွေးနွေးနွေးထားပါ။ ရေခဲကာ ခဏခြေ မဆေးရပါ။
၅။ သဘာဝနှင့်ဆန့်ကျင်သော ရေခဲရေ၊ ရေခဲသေတ္တာထဲမှ ရေ၊ နို့အေး၊ နို့အေးချောင်း၊ ရေခဲမုန့်၊ ဖာလူဒါ၊ ပန်ကာလေ၊ လေအေး စက်တို့ကို အတတ်နိုင်ဆုံးရှောင်ပါ။
၆။ ဘိလပ်မြေနှင့် ခင်းထားသော အုတ်ခုံပေါ်တွင် ဖိနပ်မပါဘဲ လမ်းမလျှောက်ရ။၎င်းအပေါ် အဝတ်ပါးပါးခင်း၍ လဲလျောင်းအိပ်စက်ခြင်း မပြုရပါ။
၇။ အုတ်ကန်၊ သံကန်များထဲ၌ အချိန် ကြာမြင့်စွာ လှောင်ထားသော ရေအေးများကို မချိုးရပါ။ အထူးရှောင်ရပါမည်။
၈။ ထိုင်းမှိုင်းစေတတ်သော အုန်းနို့ခေါက်ဆွဲ၊ ငါးသလောက်၊ ငါးသေတ္တာ၊ ဘဲသား၊ ပုဇွန် ဝက်သားတို့ကို အထူးရှောင်ပါ။

လေဖြတ်ခံရလျှင် မိမိ အတွက်လည်း မကောင်း။ မိမိ၏ အိမ်သူ အိမ်သား ဆွေမျိုး ဉာတိများပါ ဒုက္ခ ပိုစေသောကြောင့် အနေအထိုင် အစားအသောက်တို့ကို ဆင်ခြင်ခြင်းဖြင့် ကာကွယ်နိုင်ပါသည်။

* * *

## အအိုင်ဒီအက်စ်ရောဂါအပေါ် ကျွန်တော့်အမြင်

(၁)

ဒီဇင်ဘာ တစ်နံနက်ခင်း။

ကျွန်တော်နှင့် အင်မတန်ရင်းနှီးကျွမ်းဝင်လှသော ပင်စင်စား ဦးလေးကြီးတစ်ယောက်သည် လမ်းလျှောက်ရာမှအပြန် ကျွန်တော့်အိမ် ဝင်လာပါသည်။

ထိုဦးလေးကြီးသည် ဌာနတစ်ခုမှ အရာရှိကြီးပီပီ အကြောင်း အရာ တစ်ခုချင်း အပေါ် ဆွေးနွေးပြောဆိုတာရာတွင် စေ့စေ့စပ်စပ် တွေးခေါ်တတ်သလို အမေးအမြန်းလည်း ထူပါသည်။

ထိုဦးလေးကြီး၏ နောက်တစ်ခု အရည်အချင်း တစ်ခုမှာ တိုင်းရင်းမြန်မာဆေးဝါးများကို အလေးထား ယုံကြည်သူတစ်ဦးလည်း ဖြစ်ပါသတည်း။

'ဪ... ဦးလေးပါလား လမ်းလျှောက် ပြန်လာတာလား ထိုင်ပါခင်ဗျ ရေနွေးကြမ်းသုံးဆောင်ပါဦး'

ကျွန်တော်သည် ထိုဦးလေးကြီးအား ပျာပျာသလဲ ရေနွေးကြမ်း တစ်ခွက် ငှဲ့ယူပေးလိုက်ပါသည်။

'အေးဗျာ ... အခုလို လမ်းလျှောက်တာက မောမောနဲ့

ပြန်အလာမှာ ရေနွေးကြမ်းကျကျတစ်ခွက် သောက်လိုက်ရတာ အမောကို ပြေသွားတာပဲ၊ ဪ ဒါနဲ့ ခုတလော မောင် ဘာစာတွေ ရေးနေသတုန်း'

'ထုံးစံအတိုင်းပေါ့ ဦးလေးရယ်၊ အများသူငါ ကျန်းမာရေး အတွက် လွယ်လွယ်နဲ့ သဘောပေါက်လွယ်တဲ့ တိုင်းရင်းဆေး အကြောင်းပေါ့'

'ကောင်းပါလေ့ မောင်ရယ်၊ ဒါနဲ့ ကျုပ်တို့နိုင်ငံ အေအိုင်ဒီ အက်စ် ရောဂါပိုးတွေ့သူရှိနေပြီဆို'

'ဟုတ်ကဲ့ ခင်ဗျ'

'အေအိုင်ဒီအက်စ်လို့ခေါ်တဲ့ ခုခံအား ကျဆင်းရောဂါကို မောင်တို့ တိုင်းရင်းဆေးဆရာတွေကကော ဘယ်လိုသဘောထားတုန်း'

'ကျွန်တော့်အမြင်လား ဦးလေး'

'မောင့်အမြင် ကြားစမ်းပါရစေ'

'အေအိုင်ဒီအက်စ်အပေါ် ကျွန်တော့်အမြင်က ဒီလိုခင်ဗျ'

## ( ၂ )

လူ၏ ခန္ဓာကိုယ်သည် အရိုးအကြော အသွေးအသားတို့ဖြင့် တည်ဆောက်ထားပါသည်။

လူ၏ အရိုးများသည် ခန္ဓာကိုယ်ကို ဘောင်သဖွယ် တည် ဆောက်ထားသည်။ အရိုးပေါ်တွင် အသားက ဖုံးအုပ်ထား၍ အသား ပေါ်တွင် အဆီက ဖုံးအုပ်ထားသည်။ တဖန် အဆီပေါ်တွင် အရေ ပြားက ဖုံးအုပ်ထားသည်။

တစ်ဆင့်တက်၍ တင်ပြရသော် လူ၏ခန္ဓာကိုယ်သည် ရသရည်၊ အသွေး၊ အသား၊ အဆီ၊ အရိုး၊ ချဉ်ဆီ၊ သုတ်ဓာတ်တို့ဖြင့် တည်ဆောက်ထား၍ မျက်ရည်၊ မျက်ချေး၊ နဖာချေး၊ ချွေး၊ အဆီ၊ သုက်၊ ချဉ်စီ၊ အသား၊ ကျင်ကြီး၊ ကျင်ငယ်၊ ခြေသည်းလက်သည်း မလတို့ဖြင့် ဖွဲ့စည်းထားပါသည်။

## ခန္ဓာငါးပါး

ထိုခန္ဓာကိုယ်တွင် မျက်စိ၊ နား၊နှာခေါင်း၊ လျှာ၊ ကိုယ်၊ ပသာဒရုပ်ငါးပါး အမြင်အကြား ၎င်းတို့နှင့် သက်ဆိုင်ရာ အာရုံများဖြစ်ကြသော အနံ့အရသာ အတွေ့အထိ ကြံစည်စိတ်ကူးတို့ ဖြစ်ပါသည်။

ခန္ဓာကိုယ်သည် အံ့ဖွယ်စက်ရုံကြီး ဖြစ်ပါသည်။ သူ့အပိုင်းနှင့် သူ အံ့ဖွယ်ဘနန်း အလိုအလျှောက် ဆောင်ရွက်ကြသည်။ ခန္ဓာကိုယ် သည် အာရုံခံစားရာ၌ ဦးနှောက်၊ နှလုံးသား၊ ဘဝင်စိတ်တို့သည် မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်းတွင် လျင်မြန်စွာ လှုပ်ရှား နိုင်သည်။

လူက ပန်းသီးတစ်လုံးကို မြင်သည်။ ပန်းသီး၏ အရောင် အသွေးအဆင်းတို့ကို ချက်ချင်း အာရုံကသိလိုက်၏။ အနံ့နှင့်အရသာ ကိုလည်း ချက်ချင်း ခံစားသိ၏။

အဆင်း၊ အသံ၊ အနံ့၊ အရသာ၊ အတွေ့အထိ အာရုံခံစားတတ် သော ခန္ဓာကိုယ်ပါတကား။ ထိုခန္ဓာကိုယ်သည် ငါးမိနစ်မျှ အာရုံ ခံစားရမည့်ကိစ္စကို ငါးနာရီကြာမျှ အာရုံခံစားချင်၏။ လောဘ ရမ္မက်ဇောက အတောမသတ်။

ခန္ဓာကိုယ်က ပင်ပန်း နွမ်းနယ်နေပါပြီ။ အိပ်စက် အနားယူ လိုပြီဖြစ်ကြောင်း ငိုက်မျဉ်းသန်းဝေသောအခါ အိပ်ငိုက်ခြင်း မပြုလို၍ စိတ်ကြွဆေးတွေ အသုံးပြုပါတော့သည်။

ကာမဂုဏ်အာရုံခံစားကြရာတွင် သဘာဝက ခွင့်ပြုထားသည် ထက် အလွန်အကျူးပြုကျင့်ကြသည်။ သဘာဝတရားကို ဆန့်ကျင်လျက် ခံစားမှုပြီးဆုံးသွားစေရန် ထိန်းချုပ်ဆေးတွေ အသုံးပြုတော့၏။

လူသားတို့ သဘာဝတရားအရ ဖိုနှင့်မ သံဝါသ ပြုကြရာတွင် ဖဿဓေါ် အတွေ့အထိ သာယာမှု ခန္ဓာကိုယ်တစ်ကိုယ်လုံး၌ရှိသော ဆံချည်မျှင်သွေးကြော အာရုံကြောမျှင်များမှတစ်ဆင့် ဖိန်းတိန်းတိန်း ရှိန်းတိန်းတိန်းခံစားမှုအာရုံ အထွတ်အထိပ်သို့ ရောက်ရှိလာသည်။

သို့သော် ခံစားမှု အာရုံ တင်းမတိမ် မရောင့်ရဲရကား ခေတ်မီဆေးဝါးများ အကူအညီဖြင့် သုက်ထိန်းဆေးတွေ အသုံးပြုလာကြသည်။ ခန္ဓာကိုယ် အနံ့အပြားမှ ရွေ့လျားလာသော သုက်ဓာတ်များကို ရပ်တန့်မှုပြု၏။ ချုပ်တည်းထားကြသည်။ ထိုကဲ့သို့ သုက်ဓာတ်များ ချုပ်တည်းဖန်များလာသောအခါ အာရုံကြောများ အတွင်း၌ သုက်ဓာတ်များ ဆို့ပိတ်လာပါတော့သည်။

အာရုံကြောများနှင့်ဆက်သွယ်ထားသော ခန္ဓာကိုယ်၏ နောက်ကြောရှိ အာရုံကြောမကြီးသည် စားသောက်သော အာဟာရရသရည်ဓာတ်များ သွေးကြောများထဲသို့ ပို့ဆောင်ရာ၌ အပိတ်အဆို့များကြောင့် လိုအပ်သလောက် ရောက်ရှိမလာဘဲ၊ စားသမျှ အာဟာရတို့ (သဲထဲရေသွန်သည့်နှယ်) အစာအိမ်မှတစ်ဆင့် ဆီးဝမ်းသွားရာနောက်သို့ ပါသွားတော့၏။

လူတို့သည် အစာအိမ်မှတစ်ဆင့် ရေနှင့် အာဟာရများကို နေ့စဉ်စားကြရသည်၊ အစာအိမ်ဝမ်းမီးမှ ချက်လုပ်၍ သွေးကြောများမှတစ်ဆင့် ခွန်သစ် အားသစ်ဖြစ်စေသော ရသရည်ဓာတ်များ ခန္ဓာကိုယ်တစ်ခုလုံးသို့ ပို့ဆောင်ပေးရသည်။

ထိုကဲ့သို့ ပို့ဆောင်ပေးသော လမ်းကြောင်း၌ သဘာဝကို ဖီလာပြု၍ မမှန်မကန်ပြုလုပ်မှုများကြောင့် သုက်ဓာတ်တို့ပိတ်ဆို့ခြင်း အခြားသော ဓာတ်မလတို့ ပိတ်ဆို့မှုများရှိလာသောအခါ ခွန်သစ် အားသစ်ဖြစ်စေသော ရသရည်ဓာတ် (အနောက်တိုင်းအခေါ် ဗီတာမင်ဓာတ်များ) လိုအပ်ရာသို့ မပို့နိုင်တော့ချေ။ ထိုအခါ ခွန်အားတဖြည်းဖြည်း ဆုတ်ယုတ်ကျဆင်း လာတော့သည်။ ထိုအရာကို ကိုယ်ခံအားကျဆင်းရောဂါဟု ခေါ်ပါသတည်း။

(၃)

'အေအိုင်ဒီအက်စ်ကိုယ်ခံအားကျဆင်းရောဂါအပေါ် ကျွန်တော့်အမြင် အဲဒါပါပဲဦးလေး၊ တိုင်းရင်းဆေးဆရာတစ်ယောက်အနေနဲ့ ကျွန်တော်တစ်ဦးတည်းအမြင်ကိုပြောတာပါ။ AIDS ရူးစမ်းလေ့လာ

သူများကတော့ လိင်တူလိင်ကွဲဆက်ဆံသူ၊ သွေးကြောထဲမူးယစ်ဆေး ထိုးသွင်းသူများ အများဆုံးရောဂါပိုးတွေ့ရတယ်လို့ ပြောပါတယ်။ အဲဒီလိုဆိုရင် ကာမဂုဏ်အာရုံမွေ့လျော်ရာမှာ အလွန်အကျွံပြုလုပ်သူ၊ ခေတ် မီဆေးဝါးတွေကြောင့် မူလ သဘာဝအတိုင်း ပုံမှန်ရွေ့လျားတဲ့ သုက်ဓာတ်တွေ လမ်းကြောင်း ပျက်ယွင်း ဆို့ပိတ်တာ နှသချာတာ ပေါ့နော်'

'အင်း…ပြောစမ်းပါဦးမောင်'

'အေအိုင်ဒီအက်စ် စူးစမ်းလေ့လာ သုတေသန ပြုသူများက တညီတညွတ်တည်း ဆိုမိန့်တာကတော့ မူးယစ်ဆေးသုံးစွဲသူတွေ၊ အကြောထဲမူးယစ်ဆေးသွင်းသူတွေဟာ အေအိုင်ဒီအက်စ်ရောဂါ ဖြစ် ကြတယ်လို့ ပြောဖါတယ်၊ အဲဒါ ကျွန်တော် ထောက်ခံပါတယ်။ ဦးလေး စဉ်းစားကြည့်ပါ၊ မူးယစ်ထုံထိုင်းတို့ သဘာဝအတိုင်း၊ ခန္ဓာကိုယ်မှာရှိတဲ့ ခံစားမှုအာရုံတွေ ထုံထိုင်းသွားတော့ ချို့ယွင်းပျက် စီးရတော့တာပါပဲ။ ခန္ဓာကိုယ်မှာရှိကြတဲ့ မျက်စိ၊ နား၊ နှာ၊ လျှာ၊ ကိုယ်၊ စိတ်တို့ဟာ အလိုအလျှောက် အလုပ်လုပ်ကြတာခင်ဗျ၊ အဲဒါတွေ ချို့ယွင်းလာတာပေါ့၊ အေအိုင်ဒီအက်စ်ရောဂါနဲ့ ပတ်သက် ပြီး ဟောပြောပွဲတွေ အတော်များများ နားထောင် မှတ်သားရဖူးပါ တယ်။ အေအိုင်ဒီအက်စ်ရောဂါဟာ လေထဲမှာ မပျံ့နှံ့ပါဘူး။ ရေမှတစ်ဆင့် မကူးစက်ပါဘူး။ အစားအသောက်များနှင့်လည်း မဆိုင် ပါဘူး။ ခြင်၊ ယင်၊ ကြွက်တို့ဖြင့်လည်း မပတ်သက်ပါဘူး။ ရောဂါ ပိုးရှိသူနဲ့ လက်ဆွဲနှုတ်ဆက်ခြင်း၊ ချောင်းဆိုးနှာချေ၊ အတူစား၊ အတူကစားခြင်းကြောင့်လည်း မကူးစက်ပါဘူးလို့ ပြောပါတယ်။ ကူးစက်နိုင်တာကတော့ လိင်ဆက်ဆံမှုအမျိုးမျိုးတဲ့။ သွေးကြောထဲ မူးယစ်ဆေးထိုးသွင်းမှုကြောင့်လို့ ဆိုပါတယ်။ ဒီတော့ ဒီကနေ့ လိင် ဆက်ဆံမှုပွင့်လင်းတဲ့သူတွေ၊ အားမရ တင်းမတိမ်နိုင်တဲ့လူတွေ၊ဆေး ဝါးတွေ အမျိုးမျိုး သုံးစွဲသူတွေ မူးယစ်ဆေး သုက်ထိန်းဈေး၊ အေ အိုင်ဒီအက်စ်ရောဂါ ဖြစ်ကြတာပါပဲခင်ဗျ'

ပင်စင်စားဦးလေးကြီးသည် သူ့ထုံးစံအတိုင်း စဉ်းစဉ်းစားစား ခေါင်းတငြိမ့်ငြိမ့် နားထောင်နေရာမှ –

'ဒါနဲ့မောင် အဲဒီလို ခုခံအားကျဆင်းတဲ့ရောဂါရှင်ကို မောင် ဆေးကုပေးနိုင်မလား'

'မကုနိုင်ပါဘူး ခင်ဗျာ၊ ဥပမာပြောရရင် အစားအစာတစ်ခု ကြော်လှော်သလိုပါပဲ။ လိုတာထက်ပိုပြီး မီးပြင်းပြင်းထိုးမိရင် တူးခြစ်ပြီး ကျွမ်းသွားသလို၊ အဲဒီလို တူးခြစ်သွားတာကို ပြုပြင်လို့ မရနိုင် သလိုပါဘဲ။ ခုဟာက ခန္ဓာကိုယ်မှာရှိတဲ့ သွေးကြော လေကြော အာရုံကြောတွေဟာ ဖောက်ပြန်ပြီး ပိတ်ဆို့သွားတာပါ။ အကောင်း ပကတိပြန်ဖြစ်ဖို့ မလွယ်ပါဘူးခင်ဗျ'

'ကာကွယ်ဆေးကောမောင်'

'ကာကွယ်ဆေးကတော့ တစ်လင်တစ်မယား စနစ်ပါပဲ။ လိင် ကိစ္စ မသောင်းကျန်းနဲ့။ စိတ်ကြွဆေးတွေ၊ မူးယစ်ဆေးတွေ မသုံးရင် မဖြစ်ပါဘူး ခင်ဗျ၊ ကျွန်တော်တို့ မြန်မာဗိန္ဓောဆေးပညာမှာ ကိုယ် စောင့်ဓာတ်မီးဆိုတာ ရှိပါတယ်။ 'ဝမ်းမီး' လို့လဲခေါ်ပါတယ်။ ခုခံအား ကိုယ်ခံအားလို့လဲပြောလို့ရပါတယ်။ အဲဒီဝမ်းမီးဟာ စား သောက်တဲ့ အဟာရတွေ ကြေညက်စေပါတယ်။ ကျင်ကြီးကျင်ငယ် တွေကိုလဲ ပယ်စွန့်နိုင်ပါတယ်။ခန္ဓာကိုယ်စက်ရုံကြီးထဲမှာ လေအား လဲရှင်၊ လေအားလဲကြွ၊ အကြောအားလည်းရှိ။ အညစ်အကြေးတွေကို လဲပယ်စွန့်နိုင်သွားရင် ကျန်းမာရေးမှာ ဒေါင်ဒေါင်မြည် ကောင်းစေ ပါတယ်ခင်ဗျ၊ ရောဂါရောက်ရာ အစိတ်အပိုင်းတစ်ခုတည်းကိုသာ မကြည့်သင့်ပါဘူး။ တခြား အစိတ်အပိုင်းများစွာနဲ့ ဆက်နွယ်နေ ပါတယ်။ ဒါ့ကြောင့် သဘာဝကျကျကြည့်မယ်ဆိုရင် ခုခံအားကျ ဆင်းရောဂါဟာ ခန္ဓာကိုယ်စက်ရုံကြီးထဲမှာရှိတဲ့ အာရုံကြောတွေ ဖောက်ပြန်ပျက်ယွင်းခြင်းကြောင့်လို့ ဖြေရပါမယ် ခင်ဗျ'

'မောင့်အယူအဆကို ကျုပ်သဘောတူပါတယ်၊ လူမှာ သဘာဝ တရားက ဖန်တီးထားတာရှိတယ်လေ၊ လေသက်ခြင်း၊ ကျင်ကြီး ကျင်ငယ်စွန့်ခြင်း၊ နှာချေဆပ်ခြင်း၊ သမ်းဝေခြင်း၊ လေချဉ်တက် ခြင်း၊ ချောင်းဆိုးခြင်း၊ အိပ်ငိုက်ခြင်း၊ ငိုကျွေးခြင်း၊ အော့အန်ခြင်း၊ ကြို့ထိုးခြင်း နောက်တစ်ခုက မောင်ပြောတဲ့ သုက်လွှတ်ခြင်းကိစ္စ အဲဒါတွေကို မချုပ်တည်းအပ်ဘူး၊ မတားမြစ်အပ်ဘူး။ မဖိနှိပ်အပ်တဲ့

သဘောတရားတွေဖြစ်ကြောင်း ရှေးက ဆေးကျမ်းတွေထဲမှာ အတိအလင်း ဆိုထားခဲ့ကြတာပဲ'

'ဟုတ်ကဲ့ ခင်ဗျ ခု အေအိုင်ဒီအက်စ်ရောဂါဖြစ်ကြတာက သုက်အဟုန်ချုပ်တည်းလို့ ဖြစ်တာကိုး၊ ချုပ်တည်းပါများရင် ဖျားမယ်၊ သုက်မှာ ကျောက်တည်မယ်၊ ဖောရောင်အားနည်းလာ မယ်၊ လိင်ဥရောင်လာမယ်'

'အင်း ဒါပေါ့လေ လူ့လောဘ အတောမသတ်နိုင်ကြတာကိုး အဓိကတရားခံကတော့ ခေတ်မီသုက်ထိန်းဆေးဝါးနဲ့မွေးယစ်ဆေးဝါး အန္တရာယ်ကြောင့်ပေါ့နော်'

'ဟုတ်ပါတယ်ခင်ဗျ'

'ကိုင်း မောင်နဲ့ စကားပြောရတာ ကောင်းပါရဲ့ ရေနွေး တစ်ကရားလဲ ကုန်ပြီပြန်တော့မယ်နော်'

'ဟုတ်ကဲ့ ခင်ဗျ'

* * *

## အင်ဒရင်းကို အန်တုသူ

မြင်းခြံမြို့ ၁၅ ရပ်ကွက်၊ အိမ်အမှတ် (၁၀၄)နေ ဦးမြသန်း၏ သား ကိုသန်းဆွေဦးသည် ညက အိပ်ရာထဲ၌ အိပ်၍ မရလောက်အောင် ကြမ်းပိုးကိုက်လှသောကြောင့် ပိုးသတ်ဆေးဘူးကြီးထဲသို့ ဝါ ပိုးသတ်ဆေး အင်ဒရင်း အရည်များနှင့် ရေနံဆီရော၍ ထည့်ရသည်။ ပြီးတော့ ပိုးသတ်ဆေးဘူးကြီးထဲသို့ လေအပြည့်ထိုးသည် ထို့နောက် အိပ်ရာကြမ်းခင်းများကို ရွဲရွဲစိုအောင် ဖျန်းပါတော့သည်။

ထိုသို့ ဖျန်းနေစဉ် ပိုက်ခေါင်းပိတ်သွားရော့ထင့် ပိုးသတ်ဆေးရည်များ ထွက်မလာသောကြောင့် ပိုက်ခေါင်းကို ပင်အပ်တစ်ချောင်းနှင့် ထိုးသွင်းဖျန်းကြည့်၏။ ထွက်မလာ။ ထို့ကြောင့် ပိုက်ခေါင်းကို ပါးမပ်နှင့်ငုံ၍ မှုတ်ရန်ပြင်စဉ် ပိုက်ခေါင်းကလစ်လည်သွားပြီး 'ရှူးကနဲ' အသံနှင့်အတူ ပါးစပ်ထဲသို့ပိုးသတ်ဆေးရည်များ ရုတ်တရက် ဝင်လာ၏။ ကိုသန်းဆွေဦးသည် ထိတ်ထိတ်ပျာပျာနှင့်ပိုးသတ်ဆေးရည်များကို ပါးစပ်အတွင်းမှ ထွေးထုတ်လိုက်ပါတော့သည်။

ထို့နောက် ကိုသန်းဆွေဦးသည် ကုတင်သုံးလုံးဖျာငါးချပ်ကို ပိုးသတ်ဆေးများ ဖျန်းပက်ပြီး ရေချိုးသည်။ ရေချိုးပြီး၍ နာရီကြည့်လိုက်သောအခါ ၉ နာရီခွဲလုပြီ။ ထို့ကြောင့် ကိုသန်းဆွေဦး တာဝန်ထမ်းဆောင်ရသော မြို့နယ်သမဝါယမရုံးသို့ ထွက်ခွာခဲ့ပါသည်။

ကိုသန်းဆွေဦး ရုံးရောက်၍ ၁၅ မိနစ်မျှအကြာ ရင်ထဲမှ

မခံမရပ်နိုင်အောင် ပူလောင်လာပြီး မေ့မြောသွားသည်။ ရုံးဝန်ထမ်းများ က ကိုသန်းဆွေဦးကို ဆေးရုံသို့ ဝိုင်းဝန်းပို့လိုက်ကြသည်။

* * *

ကိုသန်းဆွေဦးတစ်ယောက် မူးမေ့မြောသွား၍ ရုံးမှဆေးရုံသို့ ပို့လိုက်ရပြီဖြစ်ကြောင်း ကိုသန်းဆွေဦး၏ဖခင်ဦးမြသန်းထံအကြောင်း ကြားကြသည်။

ဖခင်ဖြစ်သူ ဦးမြသန်းသည် ဆေးရုံသို့ အပြေးအလွှား ထွက်လာခဲ့၏။ ဆေးရုံရောက်သောအခါ ကိုသန်းဆွေဦးသည် ဆေးရုံကုတင်ပေါ်၌ သတိလက်လွတ်ဖြစ်ပြီး လက်နှစ်ဖက်စလုံး ကွေးကောက်လျက် မျက်ဖြူလန်လျက် တွေ့ရ၏။ အသက်ကတော့ငွေ့ငွေ့ပဲရှိနေသေးသည်။

ဆေးရုံမှ ကိုသန်းဆွေဦးကို အန်ဆေးတိုက်ရန် စီစဉ်ခဲ့သော်လည်း မေ့မြောနေသူဖြစ်၍ ဘယ်လိုမှ မရဖြစ်နေ၏။ ဆေးရုံကုတင်ဘေးဝယ် ကိုသန်းဆွေဦး၏ ဆွေမျိုးသားချင်းများ ဝိုင်းဝိုင်းလည်ဖြစ်နေပါသည်။

အင်ဒရင်း ပိုးသတ်ဆေးသည် အလွန်ပြင်းထန်သော အဆိပ်ဖြစ်ပါသည်။ တစ်ခါက မြင်းခြံမြို့နယ်မှအမျိုးသမီးတစ်ယောက်သည် သူ့ခေါင်းက ဆံပင်၌ သန်းနှင့်ဘောက်များကြောင့် ခေါင်းလျှော်ရည်အထဲသို့ အင်ဒရင်း နှစ်စက်မျှထည့်၍ ခေါင်းလျှော်ရာ တစ်နာရီအတွင်း မူးမေ့သေဆုံးသွားသည်ကို တွေ့ရဖူးပါသည်။

ဤ၍ ဤမျှ ပြင်းထန်လှသော အင်ဒရင်းကို နှုတ်ခမ်းထဲဝင်သည်ဆိုပါက မလွယ်တော့ကြောင်း အားလုံးသိထားနှင့်ကြပါသည်။

ကိုသန်းဆွေဦး မုချသေတော့မည်ကို သိကြရသော ညီအစ်ကိုမောင်နှမ မိဘဆွေမျိုးများသည် ရှိုက်ကြီးတငင်ငင် စုပ်တသပ်သပ်ရင်တမမ ဖြစ်နေကြပါသည်။

ဆေးရုံပေါ်တွင် ကိုသန်းဆွေဦး၏ ဆွေမျိုးသားချင်းများ

စုဝေး ရောက်ရှိနေကြသည့်အထဲတွင်၊ မြင်းခြံနှင့် ၁၆ မိုင်မျှ ဝေးသော ကန်နီကျေးရွာမူလတန်းကျောင်း၌ ကျောင်းဆရာမ လုပ်နေသော ဆရာမ ဒေါ်ရီရီခိုင် တစ်ယောက်တော့ ရောက်မလာသေးပါ။

'ဟော့...ရီရီကို ဘယ်သူသွားခေါ်လဲဟေ့'

'အစ်ကိုလေး သွားခေါ်နေပါတယ် အဖေ'

'နာရီဝက်ခန့်အကြာတွင် ဆရာမ ဒေါ်ရီရီခိုင်ဆေးရုံသို့ အပြေးအလွှား ရောက်ရှိလာပါသည်။ သူမလက်ထဲတွင် ဆေးမြစ်ကလေးလည်း ပါလာ၏။

'အဖေ သမီးတို့ ကျောင်းအုပ်ဆရာကြီး ဦးစိန်ဝင်းက မှာလိုက်တယ် အဖေ၊ ဆရာမမောင်ဟာ အင်ဒရင်းသောက်မိရိုးမှန်ရင် ဟောဒီဆေးမြစ်ကို သွေးတိုက်ပါတဲ့အဖေ ဆက်ဆက်တိုက်ဖြစ်အောင် တိုက်ပါတဲ့အဖေ'

ဦးမြသန်းသည် သမီးယူလာသော ဆေးမြစ်ကလေးကို ကိုင်ကြည့်ရင်းမှ–

'သူ့ချည်း သွေးတိုက်ရမှာပေါ့နော်'

'ဟုတ်ပါတယ် အဖေ'

'သူက သတိလစ်မေ့မြောနေတာ သမီးရဲ့ ဘယ်လိုလုပ်တိုက်ရမှာလဲ'

ဆရာမ ဒေါ်ရီရီခိုင် ခေတ္တမျှ တွေဝေသွားသည်။ ပြီးမှ–

'သူ့ကို သွေးပြီး လျှာပွတ်ပေးရင် မကောင်းဘူးလားဟင်'

'အေး...ဒါလဲ ကောင်းသားပဲ'

'ဒါဖြင့်ရင် အိမ်ပြန်ကျောက်ပျဉ်မှာသွေးချေ'

'အိမ်ပြန် သွေးစရာ မလိုပါဘူး အဖေရဲ့ သူနာပြုတန်းလျားမှာ ကျွန်မသူငယ်ချင်းတွေ ရှိပါတယ်၊ သူတို့ဆီကျွန်မ သွားသွေးမယ်'

'အေး...ကောင်းသားပဲ၊ သွားသမီး မြန်မြန်သွားသွေးချေ'

ဆရာမဒေါ်ရီရီခိုင်သည် သွက်လက်ချက်ချာစွာ ဆရာမများတန်းလျားသို့ အပြေးထွက်သွားပါသည်။

မကြာမီ ပန်းကန်တစ်လုံးနှင့် ဆေးမြစ်သွေးရည်များထည့်၍ ယူ ဆောင်လာပါသည်။

'ရော့... အဖေ'

ဦးမြသန်းသည် သမီးပေးလာသော ဆေးရည်ကို လှမ်းသာ ယူလိုက်ရသည်။ သူ့စိတ်ထဲမှာတော့ မျှော်လင့်ချက် မရှိတော့ကြောင်း ကောင်းကောင်းသိနေပါသည်။

သို့သော် ရင်သွေးဆိုတော့လည်း သည်အတိုင်းထိုင်ကြည့်နေမည့်အစား 'ရလိုရငြား' လုပ်သင့်လုပ်ထိုက်တာ လုပ်ရဦးမည်ဟူသော အသိဖြင့် သားဖြစ်သူနုတ်ခမ်းကို ဖြလျက် လျှာပွတ်လိုက်ပါတော့သည်။

ဦးမြသန်းစိတ်ထဲမှာတော့ အသက်မထွက်မီ အိမ်သို့ ပြန်သယ်ရကောင်းမလားဟု စဉ်းစားနေ၏။ ဦးမြသန်းသည် ငါးမိနစ်မျှအကြာ နောက်ထပ်တစ်ကြိမ် လျှာပွတ်ပေးလိုက်ပြန်၏။

ထိုသို့ ပွတ်လိုက်စဉ် မေ့မြောနေသော ကိုသန်းဆွေဦးသည် လွန့်လူးလာ၏။ ကွေးကောက်နေသော လက်များလည်း ဆန့်လာ၏။

'အဖေ များများလေး ထပ်ပွတ်ပါဦးအဖေ'

ဘေးမှ သမီးဖြစ်သူက သတိပေး၍ ဦးမြသန်းသည် ထပ်၍ ပွတ်ပြန်၏။

ဟော ယခု တစ်ကြိမ်မှာတော့ ကိုသန်းဆွေဦးသည် မျက်လုံးပွင့်လာ၏။ ပြီးတော့ ကုတင်ပေါ်မှ ငေါက်ကနဲထထိုင်ပါတော့သည်။

'အဖေ...အဖေ ကျွန်တော် ဘယ်ရောက်နေတာလဲဟင်'

'ဟဲ့ လူကလေး... သား မထနဲ့လေ'

'ဘာဖြစ်လို့လဲအဖေ'

'သား မေ့မြောသွားတာ'

'ဗျာ'

'မောင်လေး ဘယ်နယ်နေသေးလဲ ခေါင်းမူးသေးလား'

'ဟင့်အင်း..... မမူးပါဘူး'

'ဟယ် .. သန်းဆွေဦး မသေတော့ဘူးဟေ့'

ကိုသန်းဆွေဦး၏ မိဘဆွေမျိုးသားချင်းများ၊ လုပ်ဖော်ကိုင်ဘက်များက အားရဝမ်းသာ အော်ဟစ်ပြောကြရာ၊ ဆေးရုံပေါ်၌ ဟိန်းထွက်သွားပါတော့သည်။ ပျော်မဆုံး မော်မဆုံး။ ဆရာဝန်များနှင့်

သူနာပြုဆရာမများလည်း အံ့သြဝမ်းသာနေကြပါသည်။ ပို၍ ဝမ်းသာ အံ့သြနေသူကတော့ ဖခင် ဦးမြသန်း၊ ဦးမြသန်း အံ့သြဝမ်းသာသည့်မှာ ဆိုဖွယ်မရှိပြီ။

* * *

'အဲဒါပါပဲ ဆရာဦးဝင်းမြင့်ရယ်၊ ဆရာက အရပ်တကာ နယ်တကာလှည့်နေတဲ့ 'ခရီးသွားဆေးသမား' ဆိုတော့ ရောက်တဲ့ အရပ်မှာ မတော်တဆ အင်ဒရင်း အဆိပ်သင့်သူများတွေ့ရင် အသက် ကယ်နိုင်အောင် ခုလို ကျွန်တော့်သားကိုယ်တွေ့ဖြစ်ရပ်ကလေး ရှည် ရှည်ဝေးဝေး ပြောပြတာပါ'

'ဟုတ်ကဲ့ ပါခင်ဗျား အခုလိုပြောပြတာ ကျေးဇူးတင်ပါတယ်။ စိတ်ချပါဗျား၊ ကျွန်တော်က အသက်ကယ်ချင်တဲ့ လူပါ'

'ယုံပါတယ် ဆရာ ဆရာ့စိတ်ရင်းကို ကျွန်တော်တို့ သိထား ပြီးသားပါ၊ အဲဒီအင်ဒရင်းကို နိုင်တဲ့ဆေးမြစ်က ဟင်းကွတ်မြစ်ပဲ ဆရာ၊ ကျွန်တော်တို့ မြင်းခြံကတော့ 'ဟင်းဂွတ်' လို့ အသံထွက် ပါတယ်၊ မူလ စတွေ့တဲ့ ဆရာကြီးကတော့ မြင်းခြံမြို့နယ် အင်းကန် ရွာ၊ အမက ကျောင်းအုပ်ဆရာကြီး ဦးစိန်ဝင်းဖြစ်ပါတယ်၊ ဆရာကြီး ဦးစိန်ဝင်းမြင်းခြံပညာရေးမှူးရုံးကို လဆန်းရက်တိုင်း လခလာထုတ် ပါတယ်။ ဆရာ ဦးဝင်းမြင့်နဲ့ တွေ့ပေးပါဦးမယ်။ အဲဒီ ဟင်းဂွတ်မြစ် ကို ကျွန်တော်တို့ အမြဲဆောင်ထားပါတယ်။ ကုန်ရင်လဲ ဆရာကြီးဆီ မှာရပါတယ်။ ဆရာသွားလေရာ အဲဒီဟင်းဂွတ်မြစ်ကလေးယူသွားပါ နော် ၊ ကျွန်တော် ပေးလိုက်ပါ့မယ်'

ဦးမြသန်းသည် တစ်ချိန်က မြို့နယ်အဆင့်၊ တရားသူကြီး အဖွဲ့ဝင် တစ်ဦးအဖြစ် တာဝန်ထမ်းဆောင်ခဲ့ဖူးသူဖြစ်ပါသည်။ စနစ်တကျ မှတ်တမ်းမှတ်ရပ်များဖြင့် ဟင်းဂွတ်ဖြစ်ကို တရိုတသေ သိမ်းဆီးထားရာမှ ကျွန်တော့်ကို ပေးပါသည်။

'အင်ဒရင်း ပိုးသတ်ဆေးကို နိုင်တဲ့နေရာမှာတော့ ကိုယ်တွေ့ပါ ပဲခင်ဗျာ၊ အဲကျွန်တော်တို့ မြင်းခြံမှာ အင်ဒရင်းပိုးသတ်ဆေးသောက်

ပြမယ်၊ မသေစေရဘူး သောက်ဝံ့သူရှိရင် ထွက်ခဲ့ဆိုပြီး ဒီလို အလောင်းအစား လုပ်ကြပါတယ်၊ ဘယ်သူမှ မသောက်ဝံ့ဘူး မဟုတ်လား။ အေး ငါသောက်ပြမယ်။ ငွေ ၅ဝိ ပေးမလားပေးမယ်၊ သောက်စမ်းဆိုပြီး ငွေငါးဆယ် ထုတ်ပေးတယ်။ ကဲမင်း အင်ဒရင်းပေ့စမ်းဆိုပြီး တစ်ခါတည်းသောက်ပြတာပေါ့။ သောက်လဲပြီးတော့ ဟင်္ဂနွတ်သွေးရည် အဆင်သင့်ရှိထားတာကို သောက်တော့တာပဲ။ မသေဘူး ဆရာ။ ဘာမှမဖြစ်ဘူး။ ခဏခဏ မယုံသူတွေ လာလာ စမ်းကြတယ်။ ခုဆိုရင် သောက်ပြတဲ့ လူတွေ များနေပြီ။ မလောင်းဝံ့တော့ဘူး' ဟူ၏။

'ဦးမြသန်းရယ် ငွေကလေးငါးဆယ်နဲ့ သောက်ပြတဲ့လူကလဲ သောက်ရတယ်လို့ဗျာ'

'ဟင်းနွတ် အားကိုးနဲ့ မိုက်နေတာ ဆရာရေ့'

* * * *

## စိတ်ထားဖြူစင်သူ အဘိုးအိုတစ်ယောက်အကြောင်း

ကျန်းကျန်းမာမာ အသက်ရှည်ရှည်နေရရေးအတွက် ခန္ဓာကိုယ်ကို မည်မျှပင် ကောင်းမွန်သော အစာအာဟာရတွေ ပေးသွင်း ပေးသွင်း။ ပေးသွင်းရုံမျှနှင့် မလုံလောက်ပါ။ စိတ်ကိုလည်း အစာအာဟာရပေးသွင်းရပါဦးမည်။

တစ်စုံတစ်ယောက်သောသူသည် မည်မျှပင် အစားကောင်း အသောက်ကောင်းတွေ စားနေရစေကာမူလောဘဒေါသနှင့်ယှဉ်သော သောကစိတ်တွေ ဖိစီးနေပါက ခန္ဓာကိုယ် မကျန်းမာနိုင်ပါ။

မိမိစိတ်ကို သတိနှင့်ယှဉ်၍ စိတ်ကောင်းစေတနာကောင်း ကြည်လင်သောစိတ်များ မွေးမြူထားမှသာ ခန္ဓာကိုယ်ပေါ့ပါး ကျန်းမာနေပါမည်။

စိတ်ကောင်း စေတနာကောင်း ကြည်လင်သော စိတ်ထားရှိခြင်းသည် စိတ်ကို အာဟာရကျွေးခြင်း ဖြစ်ပါသတည်း။

စိတ်ကို အေးချမ်းကြည်လင်အောင် ထားရှိ၍ ယနေ့အထိ သက်ရှည်ကျန်းမာနေသော ပုဂ္ဂိုလ်များကို လိုက်လံရှာဖွေလိုက်သော အခါ ကျွန်တော့်ဆရာကြီး၊ စာရေးဆရာကြီး ဦးရန်အောင်ကို တွေ့ရပါသည်။

## ဆရာဦးရန်အောင်

ဘာလိုလိုနှင့် ၁၉၉၃ ခုနှစ်ဆိုလျှင် ဆရာ့အသက် ၈၉ နှစ် ရှိတော့မည်။ ၉၀ နီးပြီ။ နှစ်ပေါင်း ၉၀ သည် ပေါ့သေးသေးမဟုတ်။ ဆရာနှင့် ကျွန်တော်သည် လွန်ခဲ့သော နှစ်ပေါင်း ၃၀ ကျော်မှ ယနေ့အထိ အမြဲမပြတ် ဆည်းကပ်နေထိုင်ခဲ့ရာ ဆရာဒေါသထွက် စိတ်ဆိုး စိတ်တိုခြင်း လုံးဝ မတွေ့ရပါ။ ဆရာသည် မကွေးတိုင်း ဆင်ပေါင်ဝဲဇာတိဖြစ်၍ မကွေးသား ကျွန်တော့်ကို ပို၍ ခင်မင်ရှာ သည်။

## စာရင်း မပိတ်သေးဘူးလား

လွန်ခဲ့သော ၁၉၈၀ ခုနှစ်လောက်က ဆရာဦးရန်အောင်သည် သားဖြစ်သူကိုတင်အောင် (ယခုဆေးသုတေသနအရာရှိ)နှင့်အတူ မကွေး မြို့ ကျွန်တော်နေထိုင်ရာအိမ်သို့ ဆိုက်ဆိုက်မြိုက်မြိုက် ရောက်ချလာ၏။

'ဟေ့ ကိုဝင်းမြင့် မင်းမှာရှိသမျှ ပစ္စည်းတွေ အကုန်ထုတ် ပြစမ်း'

'ပထမကျွန်တော် ကြောင်သွား၏။ ပြီးမှ သဘောပေါက်ကာ-

'သားတို့ သမီးတို့ အိမ်ရှေ့ဧည့်ခန်းကို အကုန်လာခဲ့ကြစမ်း ဟေ့...'ဟု အော်ပြောလိုက်ရ၏။

ထိုအခါ အိမ်သူနှင့်တကွ သားသမီး (၇)ယောက်ထွက်လာ ကြ၏။ တစ်ဦးချင်း တန်းစီစေ၍ အမည်၊ အသက်၊ ကျောင်းပညာ အရည်အချင်းတို့ကို ပြောပြစေရ၏။ တစ်မိနစ်အတွင်းမှာပင် ဆရာ ဦးရန်အောင်နှင့် ကျွန်တော့်သားသမီးများတို့သည် 'မိမိတို့၏ အဘိုး အရင်းအချာတစ်ဦး' ရောက်လာသည့်ပမာ တဝါးဝါး တဟားဟား ပျော်ရွှင်နေကြပါသည်။

'ဟဲ့ ဟဲ့ ကိုဝင်းမြင့်ရဲ့ နင့်မှာ သားသမီးတွေ ဒါလောက်

များလှတာ စာရင်းကော မပိတ်သေးဘူးလားဟဲ့...' ဟူ၏။

## ပေးမှရတာကွ

တစ်နေ့သောအခါ။

ရေစကြိုမြို့မှ စာပေဟောပြောပွဲ၊ ဆရာနှင့် ကျွန်တော့်ကို ဖိတ်၍ သွားကြရ၏။ ရေစကြိုမြို့ပေါ်မှာ တစ်ပွဲ။ အမှတ်(၁) အထကမှာ တစ်ပွဲ။ ရေစကြိုမြို့နယ် ကျက်ဆူကျင်းကျေးရွာမှာ တစ်ပွဲ စုစုပေါင်း(၃)ပွဲဟောရ၏။ ရေစကြိုမြို့နယ် စာပေဟောပြော ပွဲကျင်းပရေးကော်မတီက သက်ကြီးရွယ်အိုစာရေးဆရာကြီး ဖြစ်၍ နိုင်ငံခြားဖြစ် ပြည်တွင်းဖြစ် အိမ်သုံးဆေးဝါး ကာလတန်ဖိုး ကျပ် တစ် ထောင်ဖိုးခန့် ဆရာဦးရန်အောင်ကို ကန်တော့လိုက်ကြပါသည်။

ကျွန်တော်က ဆရာ့တပည့်ပီပီဆရာနောက်ပါးမှ လွယ်အိတ် ကြီးတစ်လုံးကို လွယ်၍ ကန်တော့လိုက်သော ဆေးဝါးပစ္စည်းများ သယ်ဆောင်လာခဲ့ကြပါသည်။ ဆရာဦးရန်အောင် သက်တောင့် သက်သာ ဖြစ်စေရေးအတွက် အပြန်ခရီးကို ရေဝတီသင်္ဘောနှင့် တင်ပေးလိုက်ပါသည်။

သင်္ဘောပေါ်ရောက်သောအခါ ဆရာသည် သူနှင့် မလှမ်း မကမ်း၌ ချောင်းတဟွတ်ဟွတ်ဆိုးနေသော အဘွားအို တစ်ဦးကို တွေ့လိုက်ရ၍

'ဟဲ့ ကိုဝင်းမြင့်ရဲ့ ဒီအဘွားကြီး ချောင်းဆိုးလှသကွယ်၊ ချောင်းဆိုးပျောက်ဆေး တစ်ပုလင်းပေးလိုက်ပါဟဲ့'

ကျွန်တော်က လွယ်အိတ်ကြီးထဲမှ ချောင်းဆိုးပျောက်ဆေး တစ်ပုလင်းထုတ်ပေးလိုက်၏။

တစ်ဖန် ချောင်းဆိုးနေသော အဘွားကြီးနှင့် မလှမ်းမကမ်း၌ ကြုံလိုက်နေသော အသက် ၇၀ ကျော် အဘိုးကြီး တစ်ဦးကို မြင်သွား ပြန်၏။

'ကိုဝင်းမြင့်ရေ ...ဟောဟိုအဘိုးကြီးကို ဘားပလက် အား ဆေးတစ်ဘူးပေးလိုက်ပါကွယ်'

'ဟုတ်ကဲ့ ဆရာ...'

ကျွန်တော်က ဘားပလက် တစ်ဘူး ထုတ်ပေးလိုက်၏။ ဆရာသည် ထိုအဘိုးကြီးနားကပ်၍ စားရေးသောက်ရေး ကျန်းမာရေးအကြောင်းပြောနေရာမှ နို့တိုက်နေသော ကလေးအမေကို မြင်တွေ့သွားပြန်၏။

'ဟဲ့– ကိုဝင်းမြင့် ဟောဟိုကလေးအမေကို ဂလူးကို့စ် တစ်ထုပ် ပေးလိုက်ပါဟဲ့'

ထို့ကြောင့် နို့တိုက်နေသောကလေးအမေကို ဂလူးကို့စ်တစ်ထုပ် ပေးလိုက်ရ၏။

သည်လိုနှင့် လမ်းတစ်လျှောက် 'ပေးဟဲ့' 'ပေး လိုက်ပါဟဲ့' ဆို၍ ပေးလာခဲ့ရာ မကွေးဆိပ်ကမ်းရောက်တော့လွယ် အိတ်ထဲတွင် ပရုပ်ဆီနှစ် ဘူးနှင့် ပျားရည်တစ်ပုလင်းသာ ကျန်တော့၏။

'ဆရာ ဆေးတွေ ကုန်ပြီဆရာ ပရုပ်ဆီနဲ့ ပျားရည်ပဲကျန်တော့တယ်'

'ဟေ– ဟုတ်လား ပရုပ်ဆီကျန်သေးလား၊ ဒါဖြင့်ရင် ဟောဟိုအဘွားကြီးခေါင်းခဲ ခေါင်းအုံနေတယ်ထင်ပါရဲ့ကွယ်၊ ပရုပ်ဆီ တစ်ဘူး ပေးလိုက်ပါဦးဟဲ့'

'ဗျာ ...'

'ဟဲ့ ...ကိုဝင်းမြင့်ရဲ့ သူတစ်ပါးကို ပေးကမ်းခြင်းဟာ အကောင်းဆုံးပဲကွဲ့၊ သူလည်း စိတ်ချမ်းသာတာပေါ့။ အဲ...ပေး မှလဲ ရတာကွ' ဟူ၏။

## သင်းကျူ့ဗရီး

တစ်ခါသော်...။

ကျွန်တော်သည် ရန်ကုန်သို့ရောက်၏။ သုခချမ်းသာမဂ္ဂဇင်းမှ စာမူခကလေး မြိုးမြိုးမြက်မြက်ကလေးရ၍ ဆရာ့အား ဦးဦး ဖျား

ဖျား ကန်တော့အပြီး ကျွန်တော်တည်းခိုသော ရန်ကုန် ပုစွန်တောင် မြသိန်းတန်ကျောင်းတိုက်သို့ ပြန်လာခဲ့၏။ နောက်တစ်နေ့ရောက်သော အခါ တရားမဝင်ငွေ ဖြစ်သွားတော့၏။ လက်ထဲ၌ ၂၅ တန် ၇၅ တန်များကိုင်၍ မကွေးသို့ မပြန်နိုင်ဘဲရန်ကုန်မှာ 'သောင်တင်နေ ပါတော့သည်။

နံနက်စာကို ဘုန်းကြီးကျောင်းမှာ စား၍ ညစာကို ဆရာ ဦးရန်အောင် အိမ်မှာ စားပါသည်။ ရက် ၂၀ ခန့်ကြာသောအခါ ...။

'ကိုဝင်းမြင့်ရေ...နင့်ကြည့်ရတာ ငါစိတ်မချမ်းသာလိုက်တာ မကွေးကို စရိတ်မရှိလို့ မပြန်နိုင်ဘူးပေါ့လေ'

ဟုတ်ကဲ့ဆရာ'

'အေး...ငါ့မှာလဲမရှိဘူးဟဲ့ ဒီလိုလုပ်ပါ လေ...မင်းစာမူတစ်ပုဒ် ရေးကွယ့် ဒေါက်တာ တင်ထွန်းဦးဆီသွားချေ၊ သူတစ္ဆယ်စုံမဂ္ဂဇင်း ပေါ့'

ကျွန်တော်သည် ငွေရဖို့အရေး အပြေးအလွှား စာရေးတတ်သူ မဟုတ်ရကား ခေတ္တမျှ တွေဝေသွား၏။

'ရေးစမ်းပါဟယ်...မင်းခေါင်းထဲမှာ ဆေးအသိ ဆေးပညာတွေ အများကြီးပါ၊ ကဲ...သွေးတို့အကြောင်းရေး ငါးမျက်နှာလောက်ရေး'

ကျွန်တော်သည် ဆရာ့ စာရေးစားပွဲမှ စက္ကူများကို အသုံး ပြုလျက် ဆေးဆောင်ပါး တစ်ပုဒ်ရေးလိုက်ပါသည်။

'ဆရာ...ရေးပြီးပြီဆရာ'

'အေးပြီးရင်သွားပို့ချည် ငါမိတ်ဆက်စာရေးပေးလိုက်မယ်'

ပြောပြောဆိုဆိုနှင့် ဆရာသည် ဗလာစာရွက်ကလေးတစ် ရွက်ပေါ်၌ အောက်ပါအတိုင်း ဒေါက်တာ တင်ထွန်းဦးထံ လက်တန်း ကဗျာ မိတ်ဆက်စာကလေးရေးပေးလိုက်ပါသည်။

*တင်ထွန်းဦး*
*ကြည်နူးဖွယ် ဒေါက်တာ။ ။*
*ဝင်းမြင့်မောင် စာမူကလေးကို*
*ချေးပါ့ခင်ဗျာ။ ။*

ပြီးတော့ကာ
ပေးပါတော့မန်းနီး
ဝင်းမြင့်ကို ကြည့်ကာရှုလိုက်ပါ
သင်းကျူ့ဗဲရီး။ ။
ရန်အောင်
၁၅-၉-၈၇

## ကံတူအကျိုးပေး

ဆရာနှင့်ကျွန်တော် အသက်အရွယ်ချင်းရော၊ ဉာဏ်ပညာရော၊ သီလသမာဓိရော တခြားစီပါ။ သို့သော် တူညီတာလေးတစ်ခုတော့ တင်ပြချင်ပါ၏။ ဆရာဦးရန်အောင်သည် မည်သူက ဘာပြောပြော သည်းခံခွင့်လွှတ်နိုင်၏၊ ကျွန်တော်သည်လည်း ဆရာ့တပည့်ပီပီဆရာ့ ခြေရာနင်းကာ ကြိုးစား၍ သည်းခံစိတ်မွေးမြူခဲ့ပါသည်။ ဆရာသည် ငွေရေး၊ ကြေးရေး၊ ဆင်းရဲနွမ်းပါးခဲ့၏။ သို့သော် စိတ်စေတနာ ကား မဆင်းရဲ။ မည်မျှပင် ငွေကို ပုံပေးစေကာမူအပြစ်မကင်းသော အလုပ်ကို မလုပ်။ သီလစောင့်ထိန်းခဲ့၏။ ဖြူစင်သောစိတ် မွေးမြူ ခဲ့ကြပါသတည်း။

၁၉၈၈ ခုနှစ်နောက်ပိုင်းသို့ ရောက်ရှိလာသောအခါ ဆရာ ၏နေအိမ်၌ ရသေ့သူတော်စင်ရုပ်ထုကို အကြောင်းပြု၍ ဟိုမှသည်မှ လာရောက်၍ ဆုတောင်းကြ၏။ တစ်ချို့ဆုတောင်းသည့်အတိုင်း ပြည့်စုံသဖြင့် ဆရာ့ကို ငွေ ၃၀၀ဝ လှူသွား၏။ တစ်ချို့ သိန်းဆု ကြီးပေါက်၍ ငွေ ၅၀၀ဝ/ ဆရာ့ကို ကန်တော့သွား၏။ ဆရာသည် ရရှိသော ငွေများကို အနုပညာလောကအထူးသဖြင့် စာပေလောကမှ ဆင်းရဲသူများ၊ မကျန်းမာသူများကို ငွေကြေး ထောက်ပံ့ကူညီ၏။

အသက် ၈၀ အရွယ်ရှိ အဘိုး အဘွားများကို ဆေးဖိုးဝါးခ ငွေ ၁၀၀ ကျပ် ပေးလှူ၏။ ယခုဆိုလျှင် အသက် ၈၀ ကျော် အဘိုး အဘွားများ ငွေ ၁၀၀ ကျပ်စီပေးလှူခဲ့ရာ ဦးရေ ၁၀၀၀ ကျော်ပင်

ရှိသွားပြီဖြစ်၏။

ဆရာ့ဘဝ စိုပြည်လာသလို၊ တပည့်ဖြစ်သူ ကျွန်တော်သည်လည်း ဟိုမှ သည်မှ ဆေးဖော်ခိုင်း၍ ဆေးဖော်ခဲ့ရာ 'လူသတင်းလူချင်းဆောင်' ဆိုစကားအတိုင်း ရန်ကုန် မန္တလေးမြို့ကြီးများ၌ ဆေးအရောင်းဌာန များ ဖွင့်လှစ်နိုင်ခဲ့ပါသည်။ ရန်ကုန်ရောက်တိုင်း ရောဂါဝေဒနာရှင်များ ဝိုင်းဝိုင်းလည် ဆေးပေးဆေးကုနေရ၏။ ထို့ကြောင့် ဆရာ ဦးရန်အောင်ထံ ကျွန်တော်မရောက်သည်မှာ တစ်နှစ်နီးပါး ကြာသွားပါသည်။

အစားကောင်း အသောက်ကောင်းကလေးများ စားရသောအခါ ချစ်သူခင်သူသတိရ'ဆိုသလို ဆရာသည် ငွေကြေးချမ်းသာလာသောအခါတပည့်တပန်း ကျွန်တော့်ကို သတိရရှာ၏။

ဟိုတုန်းက ဆင်းဆင်းရဲရဲနှင့် အတူသွား အတူစားနေခဲ့ကြပြီး ခု ပေးနိုင်ကမ်းနိုင်ကျွေးနိုင်တဲ့ဘဝ ရောက်နေတာကို–

ကိုဝင်းမြင့်တစ်ယောက် မသိရှာ့ထင့်ဟူသော စိတ်ကူးဖြင့် ဆရာသည် လူကြုံတိုင်း–

'ကိုဝင်းမြင့်ကို ပြောလိုက်ပါဟယ်၊ ရန်ကုန်ရောက်ရင် ငါ့ဆီဝင်ဖြစ်အောင် ဝင်ခဲ့ပါဦးလို့ တဖွဖွမှာရှာသည်။

ထို့ကြောင့် ကျွန်တော်သည် မအားလပ်သည့်ကြားမှ အပြေးအလွှား ဆရာနေထိုင်ရာ ရန်ကင်းတိုက်တန်းသို့ ရောက်ခဲ့ပါသည်။

ဆရာ့အိမ်သည် ယခင်ကလို ခြောက်သွေ့သွေ့ မဟုတ်ပါ။ သူတော်စင်ရသေ့ကြီးကို ၃ ဦးတစ်သုတ်၊ ၅ဦးတစ်သုတ်၊ တန်းစီ၍ ဖူးကြ၏။ ဆုတောင်းကြ၏။ ဆုတောင်းပြီး ငွေကြေးလှူဒါန်းသွားကြ၏။

'ဆရာ ...မင်္ဂလာပါ...ခင်ဗျာ...'

ကျွန်တော့်အသံလည်း ကြားရော ဆရာသည် ထုံးစံအတိုင်း နဖူးပေါ်လက်ဝါးကလေးကာ၍

'ဟဲ့...ဟဲ့...ကိုဝင်းမြင့်လားဟဲ့ ပေါ်တော်မူခဲကိုးကွယ့်၊ မင်းကို လူကြုံတိုင်းမှာရတာ အမောပါပဲဟယ်'

ဆရာသည် ဝမ်းသာအားရဖြင့် ရှိသမျှ အစားအစာတွေ

ချကျွေး၏။ ဟိုတုန်းက ရှေးဟောင်းနှောင်းဟောင်းတွေ ပြော၏။ အထူးသဖြင့် မကွေး ဘုရားပွဲတော်မှာ ဆရာငယ်စဉ်က စျေးရောင်းခဲ့ရပုံ၊ ညောင်ဦးသူအချောအလှနှင့် ဘုရားပွဲတော်မှာ ရည်းစားဖြစ်ခဲ့ပုံများ၊ ရယ်ရယ်မောမောပြော်ပြလေ့ရှိပါသည်။ ညနေစောင်းသောအခါ...

'ကဲ...ကိုဝင်းမြင့်...ဘာလိုချင်တုန်း...ပြော'

ကျွန်တော်သည် စာရွက်တစ်ရွက်ပေါ်၌ အောက်ပါအတိုင်း လက်တန်းကဗျာကလေး ရေး၍ ဆရာ့ကို ပြလိုက်၏။

*ဆရာခင်ဗျား...*
*အညာမှာ အေးလိုက်ပုံ*
*မေးခိုက်ခိုက်တုန်တယ်လေး။*
*ကလေးတွေကများ*
*ထွေးစရာ ရှားတာကြောင့်*
*အနွေး တစ်ထည်လောက်*
*ပေးတော့မနှေး။ ။*

**မကွေးဝင်းမြင့်**
၂၇-၁-၉၂

ဆရာသည် ကျွန်တော့်လက်တန်းကဗျာကလေးကို ဖတ်၍ တဟားဟားရယ်၏။ ပြီးတော့ ခေါင်းအုံးအောက်၌ လက်ကိုင်ပဝါနှင့် ထုတ်ထားသော ပိုက်ဆံထုတ်ကို ယူ၍ တစ်ရွက်ချင်း ရေတွက်၏။ ကျွန်တော့်လက်ထဲငွေ ငါးရာ ထည့်ပြီး စာရွက်တစ်ရွက်ပေါ် အောက်ပါအတိုင်း လက်တန်းကဗျာကလေးရေးပါတော့သည်။

*မကွေးဆရာ*
*တောင်းပါတဲ့ ထည်အနွေး။*
*ယနေ့ရာသီ*

နွေးလာပြီ ချိန်ခါမို့
ငါဆရာ သပြာပေးမယ်
စိတ်ဝယ် ကျေနပ်၍
မှတ်တော့ လူလေး။ ။

ရန်အောင်
၂၇-၁-၉၂

'ရော ...ငွေငါးရာ...တော်ပြီလား'

'တော်ပြီဆရာ ...ဆရာ ကုသိုလ်ရအောင် ကျွန်တော် တောင်းတာ'

'အောင်မာ အောင်မာ...ငါကုသိုလ်ရအောင် တောင်းတာ ဟုတ်လား...ဟား ...ဟား'

ကျွန်တော်က ပြုံး၍ ခေါင်းညိတ်ပြလိုက်၏။

'ကိုဝင်းမြင့်ရေ...နင်ဘယ်မှာ တည်းသတုန်း'

'၃၂ လမ်းမှာ ဆရာ...'

'အေး...ငါ့ကားနဲ့ လိုက်ပို့ပေးမယ်'

'ဆရာ့မှာ ကားရှိလို့လား'

'ရှိတာပေါ့ကွ မင်းကိုယ့်ဆီ မရောက်တာ တစ်နှစ်နီးပါး ရှိသွား ပြီမဟုတ်လား..အဲဒီအတောအတွင်းမှာ ငါ ကားတစ်စီး ဝယ်နိုင်တယ်။ ၈၀ ကျော် အဘိုးအဘွားတွေကို ဆေးဖိုးဝါးခ လှူတာ ဦးရေ ၁၀၀၀ ကျော်ရှိသွားပြီ။ ခုလဲ လှူတုန်းပဲကွဲ ...ကဲသွားကြစို့'

ဆရာနှင့်အတူ မြေညီထပ်သို့ ဆင်းလာသောအခါ အောက်မှာ ကားအဆင်သင့်စောင့်နေပါပြီ။ ဆရာ့ကားက တိုယိုတာ ကိုရိုလာကား ပါလား။

'ဆရာတို့ကတော့ ကြီးပွားနေတာပေါ့လေ'

'ဟား...ဟား စိတ်စေတနာ အကျိုးပေးပေါ့ဟယ်၊ စေတနာဟံ ဘိက္ခဝေ ကမ္မံဝဒါမိတဲ့ကွ။ တို့မြတ်စွာဘုရား ဟောခဲ့တာ၊ စေတနာ သည် ကံဖြစ်သည်တဲ့။ စေတနာကောင်းနဲ့ ကြံစည်ပြောဆို ပြုလုပ်ရင်

ကံကောင်းပြီး ကောင်းသောအကျိုး ခံစားရတယ်ကွယ့်။ အဲ စေတနာဆိုးနဲ့ ကြံစည်ပြောဆိုရင် ကံဆိုးဖြစ်ပြီး မကောင်းတဲ့ အကျိုးပေးမှာကဲကွ။ ကိုယ်ငယ်ငယ်ကတိုင် သူများအကျိုး အများ ကြီး ဆောင်ရွက်ပေးခဲ့တယ်၊ ခု အသက်ကြီးလာတော့လဲ သက် ကြီး ရွယ်အိုတွေ၊ ဆင်းရဲနွမ်းပါးသူတွေ ဆေးချင်ကမ်းချင်တယ်။ မင်းလဲကိုယ့်လိုပါပဲလေ...စေတနာအရင်းခံထားပြီးဆေးပညာနဲ့အဆင်း ရဲခံတယ်၊ အပင်ပန်းခံတယ်၊ ငွေအသပြာမမက်ဘူး၊ စေတနာ သက် သက်နဲ့ ဆေးကုတာ မင်းလဲ တစ်နေ့ ကောင်းတဲ့ အကျိုးထူးခံစားရ မှာပါပဲဟယ်...'

ဆရာပြောလိုက်သော စကားကြောင့် ကျွန်တော့်ရင်ထဲစိမ့် ကနဲ အေးမြသွားပါ၏။

'ကားဆရာရေ ၃၂ လမ်း မောင်းကွယ်...မြဝတီမှာ ကိုယ့်သမီး ချယ်ရီအောင်ကို အပြန်ဝင်ခေါ်ခဲ့ရမယ်ကွဲ့.'

'အခု...ဆရာ ကျန်းမာနေတာ အစားကောင်း အာဟာရ ကောင်းတွေ စားတာကြောင့် သက်သက်မဟုတ်ဘူးနော်၊ စိတ်ထား အမြဲဖြူစင်ကြည်လင်နေလို့ ကျန်းမာတာပေါ့...ဟုတ်လား ...ဆရာ'

'ဒါပေါ့ကွယ် စိတ်ထောင်းတော့ ကိုယ်ကြေတဲ့ကွ၊ စိတ်ပျို့ မှ စိတ်ဟာ လန်းဆန်းမှာ ကိုယ်ခန္ဓာကျန်းမာတာပေါ့။ ကိုယ်လဲ အသက် ၉၀ နီးနေပါပြီ ကိုဝင်းမြင့်ရယ်၊ သေခါနီးပြီ၊ ငွေထုပ် ကလေး ပိုက်ပြီး မသေချင်ဘူး၊ ကုသိုလ်ထုပ်ပိုက်ပြီး သေချင်ပါတယ်။ ဒါ့ကြောင့် အမြဲပေးလှူနေတာ မင်းလဲလှူကွဲ့.'

'ဟုတ်ကဲ့ ဆရာ'

ပြောပြောဆိုဆိုနှင့် ၃၂ လမ်းထိပ်သို့ ရောက်ခဲ့ကြပါသည်။

'ကဲကိုဝင်းမြင့်ရေ ရန်ကုန်ရောက်တဲ့အခါ အရင်လိုပဲကိုယ့်ဆီ ကို ဝင်ဖြစ်အောင် ဝင်ပါကွယ်'

ကျွန်တော်သည် ကားပေါ်မှ ဆင်း၍ ဆရာ့ကို လက်အုပ်ချီ နှုတ်ဆက်လိုက်ပါသည်။ ဆရာ ဦးရန်အောင် သက်တော်ရာကျော် ရှည်ပါစေဟုလည်း နှုတ်မှ ဆုတောင်းမေတ္တာပို့လိုက်ပါသတည်း။

* * *

'ဘဝဟူသည် ရယူခြင်း မဟုတ် ပေးဆပ်နေရခြင်း ဖြစ်သည်' ဟု ဒဿနိက ဆရာတို့က မိန့်ဆိုကြပါသည်။

'လူ့ဘဝဆိုတာ ဒီကနေ့ ထမင်းစားပြီးတော့လဲနောက်နေ့ စားကြရသေးတာဘဲ၊ ဒီကနေ့ ရေချိုးပြီးတော့လဲ နောက်နေ့ နောက်နေ့တွေမှာ ရေချိုးကြရသေးတာဘဲ၊ တစ်ခါတည်း ဝပါပြီပြီးပါပြီ ရယ်လို့ မရှိဘူး၊ ခပ်ရိုင်းရိုင်းပြောရရင် ခွေးများ အမဲရိုးဝါးနေရသလို ပါပဲ၊ ကိုယ့်သွားရည်နဲ့ကိုယ် ကောင်းနေကြတာ'ဟု မိုးကုတ်ဆရာ တော်ဘုရားကြီးက မိန့်ဆိုပါသည်။

တစ်နေ့လာလည်း ဒီဆေးတွေအကြောင်း၊ တစ်ခါလာလည်း ဒီရောဂါဝေဒနာတွေအကြောင်း၊ တစ်နေ့တစ်နေ့ ဂိလာန ရောဂါ ဝေဒနာရှင်တွေ ဆေးပေးဆေးကုနဲ့ သူမို့ မငြီးငွေ့တယ်'ဟု'အိမ်သူ' က ကျွန်တော့်ကိုပြောသည်။ ပြုံးနေရုံမှတစ်ပါး ဘာမျှ ပြန်မပြော မိပါ။

ဩော်...တို့များလူတွေ ဘယ်အချိန်မှာဘယ်သူနှင့်တွေ့ရမည်။ ဘယ်နေ့ဘယ်အရပ်ဒေသ သွားရမည်၊ စသည်ဖြင့် စား ဝတ်နေရေးအတွက် ငွေကြေးရဖို့အရေး မိုးလင်းမှ မိုးချုပ်သည်အထိ လုံးပန်းလှုပ်ရှားနေကြရသည်။ တကယ်ဆိုတော့ ကျွန်တော်တို့တစ် တွေသည် 'အချိန်၏ကျေးကျွန်'၊'ငွေ၏ကျေးကျွန်'၊ 'သားမယား၏ ကျေးကျွန်'တွေပါတကား။

တစ်နေ့က မုံရွာမြို့သို့ရောက်သွား၏။ မုံရွာကျောက်ကာ လမ်းရှိ ရန်ကင်းကျောင်းတိုက်သို့ ရောက်ရှိသွားပါသည်။ ထိုကျောင်း ၌ ဒွိပိဋကဆရာတော် ဦးပညာဝံသ သီတင်းသုံးနေထိုင်တော်မူသည်။ ဆရာတော်သည် သက်တော် ၄၀ ပင် မပြည့်သေးပါ။ ပိဋက(၂) ပုံ အောင်မြင်တော်မူပြီ။ ကျနံတစ်ပုံ ဖြေအံ့ဆဲဆဲအခါ ကျန်းမာရေး ချို့ယွင်းလာ၍ ရပ်နေရ၏။

ဆရာတော်သည် ၁၉၉၂ ခုနှစ် ဧပြီလထဲက မကွေး မင်းဘူး

ရွှေစက်တော်ဘုရားသို့ ဘုရားဖူးကြွရောက်လာသည်။ ဆရာ တော်က ဒကာကြီး မုံရွာရောက်ရင် ဘုန်းကြီးဆီ ဝင်ဖြစ်အောင် ဝင်ခဲ့ပါဦး'ဟု အမိန့်ရှိသဖြင့်၊ ကျွန်တော် မုံရွာသို့ ခရီးကြုံခိုက် ဆရာတော်ကို ဝင်ရောက် ဖူးမျှော်ရခြင်းဖြစ်ပါသည်။

ဆရာတော်သည် ဒွိပိဋကဆရာတော်ပီပီစာပေ ပရိယတ္တိ နှံ့စပ်ရကား တစ်နာရီခွဲနှစ်နာရီကြာမျှ စာပေအကြောင်း ဆေးဝါးများ အကြောင်း တရားဘာဝနာများအကြောင်း မိန့်ကြားပါသည်။

'ဘုန်းကြီးတို့ ဒကာ ဒကာမတွေဟာ စားဝတ်နေရေးအတွက် တစ်နေကုန် လုံးပမ်းနေကြရတယ်။သူတို့မှာ တွေးခေါ်ချိန် သိပ်မရဘူး။ ဒါကြောင့် ကျန်းမာရေးအတွက် အတွေးအခေါ်ကလေးပဲဖြစ်ဖြစ် ဘဝချမ်းသာရေးအတွက် အတွေးအခေါ်ကလေးတစ်ခုပဲဖြစ်ဖြစ် တစ်ခုမဟုတ်တစ်ခုခုတော့ ဒကာကြီးတို့ စာရေးဆရာတွေက ပေးကြတယ် မဟုတ်လား...အဲဒါကို ဘုန်းကြီးသဘောကျနေတာ၊ ဒါ့ကြောင့် ဒကာ ဒကာမတွေကို စာများများ ဖတ်ကြစေချင်တယ်ဗျာ'ဟု မိန့်ဆို၏။

ကျွန်တော်တို့ စာရေးဆရာများသည် စာဖတ်သူများအတွက် စာရေးနေခြင်း ဖြစ်ပါသည်။ ထို့ကြောင့် စာဖတ်သူအတွက် အတွေးအခေါ်ကောင်းကောင်းကလေးတွေ ပေးကြရပါမည်၊ စာဖတ်သူ နည်းလည်အောင်လည်း ရေးသားပြုစုကြရပါမည်။ ယခု ကျွန်တော်သည် စာဖတ်သူများ ကျန်းမာချမ်းသာရေးအတွက် ဆေးဝါးများ အကြောင်း ပြုစုတင်ပြနေခြင်း ဖြစ်ပါသည်။

ထိုသို့ အားထုတ်ရသောအခါ တစ်နေ့တစ်ရက် တစ်လ တစ်လ တစ်နှစ်နှင့် မလုံလောက်ပါ။ အချိန်ရှိသရွေ့ နှစ်လပေါင်းများစွာ ကြိုးစားအားထုတ်နေရပါသည်။

တိုင်းရင်းဆေးပညာ ဝင်္ကဘာကန္တာရထဲမှာ မငြီးငွေ့တမ်း လျှောက်လှမ်းနေသည်ကို ကြည့်ရင်း အိမ်သူက ရင်မောနေဟန် တူ၏။

ဆေးပင်ဆေးဝါးနှင့်ရောဂါဝေဒနာရှင်များကုသမှု သုတေသန ပြုမှုသည် ပြီးပြည့်စုံပါပြီဟုမရှိပါ၊ တစ်မျိုးပြီးတစ်မျိုး လေ့လာစရာတွေ

သိစရာတွေ အနန္တ ဖြစ်လာပါသည်။

လွယ်အိတ်တစ်လုံးဖြင့် ခရီးသွားဆေးသမားဘဝကို ကျွန်တော် ခုံမင်မြတ်နိုးပါသည်။ မစွန့်လွှတ်နိုင်ပါ။ ဆေးပညာနောက်သို့ တကောက်ကောက် လိုက်ရပါဦးမည်။ ဆေးပညာဆိုတာကလည်း လိုက်၍ မဆုံး နှိုက်၍ မဆုံးနိုင်ပါ။

ထို့ကြောင့် ဆေးပညာရှင်များက 'လူ့ဘဝသည် တိုတောင်းသည်၊ သို့သော် ဆေးပညာကား ရှည်လျားသည်'ဟု ဆိုမိန့်ကြခြင်း ဖြစ်ပါသည်။

ယခု တစ်လော ကျွန်တော်သည် ဆေးပညာရှာရတာက တစ်ပိုင်း၊ ဆေးကုသရတာက တစ်ပိုင်း၊ နှစ်ပိုင်းသော တာဝန်ကို ထမ်းဆောင်နေရပါသည်။

ဆေးကုသသည်ဆိုရာ၌ 'ပညာ' ရပါသည်။ ဆေးဆရာသည် လူနာနှင့် စကားများများ ပြောရလေလေ ပညာရလေလေဖြစ်သည်။

တစ်ခါတုန်းက လူနာတစ်ဦးထံမှ ပညာတစ်ခုရလိုက်၏။ ကျွန်တော်စာရေးဆရာသည်ပင်လျှင် သူ့လို ပေါလွင်အောင် သရုပ်ပေါ်အောင် ရေးတတ်မည်မဟုတ်ပါ။ သူပြောတာ နားဆင်ကြည့်ပါဦး။

'ဆရာ...ကျွန်တော်က မုန့်ဖုတ်သမားပါ။ မင်္ဂလာဆောင်တစ်ခုမှာ မုန့်အော်ဒါရလို့ မုန့်ဖုတ်ရပါတယ်၊ တစ်နေကုန်ပေါ့ဆရာ။ အဲညနေစောင်းတော့ ကျွန်တော်ရေချိုးပါတယ်၊ နောက်နေ့လည်းကျရော ကိုယ်တွေ ရောင်လာတယ်ဆရာ၊ မျက်နှာတွေ ရောင်တယ်၊ ဝမ်းဗိုက်တွေ ရောင်တယ်။ ကန်တော့ဆရာ၊ အဲ...တစ်ကိုယ်လုံး ရောင်တယ်ဆရာ' ဟူ၏။ ကဲဘယ့်နှယ်ရှိပါစ။ သူ့ခန္ဓာကိုယ်မှာ ရှိရှိသမျှတွေ အကုန်ရောင်နေကြောင်း ကျွန်တော် ကွက်ကနဲ ပြေးမြင်လိုက်မိ၏။

တစ်ခါတစ်ရံ၌လည်း ဆေးဆရာသည် မိမိ၏ဝေဒနာရှင်ကို မသိမသာကလေး ပညာပေးရပါသည်။ ပညာပေးပုံက သည်လိုပါ။

'အစ်မကြီး ...ဆီးကော ...'

'ဆီးလားဆရာ ...ဆီးကောင်းပါတယ်'

'ဘယ်လိုကောင်းတာလဲ အစ်မကြီး'

'ကောင်းပါတယ် ဆရာရဲ့'

'ကျွန်တော်သိချင်တာက ဆီးနည်းလား များလားဆိုတာ'

'ဆီးများတယ်ဆရာ၊ ဖြူလဲဖြူတယ်...ဒါကြောင့်ဆရာ့ကို ဆီးကောင်းပါတယ်လို့ ပြောတာပေါ့'

'အဲဒီလို ဆီးများပြီး ဖြူတာမကောင်းဘူး အစ်မကြီး၊ အခုလို နွေရာသီမှာ ဆီးနည်းရမယ်၊ ဆီးဝါရမယ်'

'ဟုတ်လား...ဆရာ'

'ဟုတ်တယ်...မိုးတွင်းဆောင်းတွင်း အချိန်ဆိုရင် ဆီးဖြူဆီးများမှ ကောင်းတာ အစ်မကြီးရဲ့'

ဝေဒနာရှင်များနှင့် တွေ့ရတိုင်း သူတို့ထံမှ ပညာရသလို ၊ ကျွန်တော်ကလည်း သူတို့အား ကျန်းမာရေးအသိပညာကလေး ပေးလိုက်ရတတ်၏။ ဆေးပစ္စည်းများ၊ ဝေဒနာရှင်များနှင့်တွေ့နေရလျှင် ကျွန်တော်ပျော်ပါသည်။ အများက ဆေးပညာဆိုတာ ပျင်းရိငြီးငွေ့စရာကြီး ဆိုပေမယ့် ကျွန်တော်ကတော့ မငြီးငွေ့ပါ။

ယခုလည်း ရန်ကုန်မြို့ အမှတ် (၁၆၂)၊ ၃၂ လမ်းရှိ အစ်ကိုကြီး ဦးသောင်းဖေ+အစ်မကြီး ဒေါ်ခင်ပြုံးတို့နေအိမ်သို့ ရောက်ရှိနေပြန်ပါပြီ။

ကျွန်တော်ရောက်လာသံကြားလျှင် ဟိုမှသည်မှ မိတ်ဆွေများ အပြေးအလွှား ရောက်လာတတ်ပါသည်။ မိမိတို့၏ ဆွေမျိုးသားချင်းများ ကျန်းမာရေး ပျောက်ကင်းချမ်းသာ၍ ဝမ်းသာစကားပြောလာသူများလည်း ပါ၏။ နံနက်မှ မိုးချုပ်အထိ ဆေးပေးဆေးကုကျန်းမာရေးအကြောင်း သိကောင်းစရာ အဖြာဖြာ ပြောရသည့်အလုပ်မှာ ကျွန်တော့်တာဝန်ဖြစ်ပါသည်။

ဆေးဆရာက မမောတမ်း ပြောနိုင်သော်လည်း နားထောင်မည့်သူက ကြာကြာနားမထောင်နိုင်ပါ။ ဝမ်းစာရေးအတွက် ရုံးသို့ကျောင်းသို့ လုပ်ငန်းခွင်သို့ သွားကြရဦးမည် မဟုတ်ပါလား။

ညနေစောင်း၍ မိတ်ဆွေများ ပြန်သွားကြသောအခါ အိမ်ရှင်အစ်ကိုကြီး ဦးသောင်းဖေနှင့် အစ်မကြီး ဒေါ်ခင်ပြုံး၊ ကျွန်တော်တို့

သုံးဦးသာ ကျန်ရစ်၏။ အစ်ကိုကြီး ဦးသောင်းဖေက မြန်မာ၊ အစ်မကြီး ဒေါ်ခင်ပြုံးက တရုတ်မစစ်စစ် ဖြစ်ပါ၏။ သူတို့ ဇနီးမောင်နှံသည် တိုင်းရင်းဆေးကို အားကိုး၏။ သူတစ်ပါးရောဂါဝေဒနာ ရလျှင် မနေတတ် မထိုင်တတ်။ ကူညီချင်၏။ ထို့ကြောင့်လည်း ကျွန်တော့်ကို သူတို့အိမ်မှာ တည်းခိုနေထိုင်စေပြီး သူတို့ဆွေမျိုးသားချင်းများ ဆေးပေးဆေးကုရာမှ နီးနွယ်ကာ အသိမိတ်ဆွေများအထိ ကျယ်ပြန့်သွားရခြင်း ဖြစ်ပါသည်။

ကျွန်တော်တို့ သုံးယောက်သား အတွေးကိုယ်စီနှင့် ထိုင်နေကြတုန်း တံခါးခေါက်သံကြားရ၍ ဖွင့်ပေးလိုက်သောအခါ အသက် ၅၀ ကျော် ၆၀ ခန့် လူတစ်ယောက် ဝင်လာပါ၏။

'မကွေးက ဆရာ ဦးဝင်းမြင့်နဲ့ တွေ့ချင်လို့ပါ'

'ဪ...လာပါ... ဆရာဦးဝင်းမြင့်ဆိုတာ ကျွန်တော်ပါပဲ ထိုင်ပါခင်ဗျ...'

'ဆရာနဲ့ ခုလို တိုက်တိုက်ဆိုင်ဆိုင် တွေ့ရတာ ဝမ်းသာပါတယ်၊ ကျွန်တော်က ကလေးမြို့ကပါ၊ ထင်းရှူးဆီစက်ရုံ မန်နေဂျာပါ။ ပင်စင်ယူပါပြီ၊ ကျွန်တော့်နာမည်ဦးတင်အေးလို့ ခေါ်ပါတယ်'

ကျွန်တော် ဘာအကူအညီပေးရမလဲ ဦးတင်အေး'

'ကျွန် တော်က ဆရာ့စာတွေဖတ်ပြီး ဆရာ့ကို သဘောကျနေတာပါ။ အဲဒါကဘာလဲဆိုရင် ကျွန်တော်တို့ အမှတ်မထင်တဲ့ ဆေးပစ္စည်းတွေဟာ ရောဂါဝေဒနာတွေ ပျောက်ကင်းကြောင်း ဆရာ့ကိုယ်တွေ့ ရေးထားတာတွေ သဘောကျလို့ပါ၊ ခုလဲ ကျွန်တော်လေဖြတ်ခံရပါတယ်။ ကျွန်တော့် ကိုယ်တွေ့ လေဖြတ်တာ ပျောက်သွားတဲ့ ဆေးကောင်းပေးချင်လို့ပါ၊ ဆရာ့ကို ကျွန်တော်ပေးလိုက်ရင် ဆရာက တစ်ဆင့် စာအုပ်ထဲရေးလိုက်ရင် တစ်နိုင်ငံလုံးသိစေမှာကိုး၊ ဒါကြောင့် ဆရာနဲ့တွေ့အောင် ကြိုးစားမယ်ဆိုပြီး၊ လာခဲ့တာပါ'

'ကျွန်တော်က မကွေးမှာနေတာခင်ဗျ၊ မနေ့ကမှ ရန်ကုန်ရောက်တာ၊ ရန်ကုန်မှာ တစ်ပတ်လောက်တော့ နေပါတယ်လေ'

'ဟုတ်ကဲ့ ခင်ဗျ၊ ဆရာ မကြာခန ရန်ကုန်လာလေ့ရှိတယ်၊ အမှတ် ၁၆၂၊ ၃၂ လမ်းအိမ်မှာ တည်းလေ့ရှိကြောင်း သိရလို့ ဆရာ့

ကို တွေ့လို တွေ့ငြား ဝင်လာတာပါ၊ ကျွန်တော်လဲ ခုညရထားနဲ့ ကလောပြန်မှာဆရာ'

'သြော်...ခုညပြန်မှာကိုး...ဒါဖြင့်ပြောပါဦးဗျာ၊ ဦးတင်အေး လေဖြတ်ခံရတာ ဘာဆေးတွေနဲ့ပျောက်တုန်းဗျ'

'ဒီလိုပါဆရာ ကျွန်တော်ကလော ထင်းရှူးဆီစက်ရုံမှာ မန်နေဂျာ တာဝန်ထမ်းဆောင်တုန်းက မိတ်ဆွေတစ်ယောက် ရောက်လာပါတယ်။ သူက ဆင်တုံးမနွယ် တစ်ဆယ်သားလောက်ကို ပါးပါးလှီးတဲ့၊ အရက်ပုလင်းထဲထည့်စိမ်ထားတဲ့ဗျ၊ အဲဒါကို လိမ်းပေး သောက်ပေးရင် လေဖြတ်တာတွေ ပျောက်သတဲ့ဗျ၊ ဒါနဲ့ ကျွန်တော်လဲ သူပြောတဲ့အတိုင်း ဆင်တုံးမနွယ်ကို ပါးပါးလှီးပြီး အရက်ပုလင်းထဲ ထည့်စိမ်ထားလိုက်ပါတယ်၊ အရက်က ပုလင်း တစ်ဝက်သာသာထည့်ထားရမှာပေါ့ ဆရာရယ်။ အဲ...တစ်လလောက် ကြာတော့ ဆင်တုံးမနွယ်ကော အရက်ပါ နီရဲလာတယ်'

'ဟုတ်ကဲ့ခင်ဗျ'

'ကျွန်တော်လဲ လိုရမယ်ရ လုပ်ထားတာပါ။ အသုံးမပြုဖြစ်ဘူးဆရာ၊ ကျွန်တော့်ဝန်းကျင်မှာလဲ လေဖြတ်ခံရတဲ့လူမတွေ့ဘဲကိုး၊ ဒီလိုနဲ့ ၃တစ်နှစ်ခွဲလောက်ကြာတော့ ကျွန်တော့်အိမ်ကို ငယ်ငယ်တုန်းက ကွဲသွားတဲ့ ငယ်သူငယ်ချင်းရောက်လာတယ်။ သူနဲ့အတူ ဝက်သားတွေနဲ့ အရက်သောက်မိတယ်။ နောက်တစ်နေ့ မိုးလင်းပြန်တော့ ဝက်သားနဲ့ ထမင်းကြော် စားကြတယ်။ အဲ...၁၀ နာရီလောက်ရှိတော့ အုတ်ကန်မှာ ရေချိုးပါတယ်။ ရေချိုးနေတုန်း ကျွန်တော့်လက်တွေ ခြေတွေ လှုပ်မရတော့ဘူး၊ လေဖြတ်ခံရပါတော့တယ်။ စကားပြောရတာလဲလျှာလေးအာလေးကြီး ဆရာရဲ့၊ ဒါနဲ့ ကျွန်တော် ဆင်တုံးမနွယ်ကို အရက်နဲ့ စိမ်ထားတာ အမှတ်ရလို့ လိုက်ရှာခိုင်းတော့ အဆင်သင့် တွေ့ရတယ်။ အဲဒီဆင်တုံးမနွယ် အရက်နဲ့ စိမ်ထားတာကို တစ်ကိုယ်လုံး အလိမ်းခိုင်းတယ်။ သောက်လဲသောက်တယ်၊ ၇ ရက်လောက်ဘဲ သောက်လိုက် လိမ်းလိုက်နဲ့။ ခုလို အကောင်းပကတိဘဝပြန်ရောက်တာပဲဆရာ၊ အဲဒါ ဆရာက တစ်ဆင့် အဲဒီနည်းကလေး လက်ဆင့်ကမ်းပေးပါဆရာ၊ ကျွန်တော်

လဲ ကုသိုလ်ရတာပေါ့'

'ဟုတ်ကဲ့ခင်ဗျာ၊ ဦးတင်အေး ပြောပြတဲ့အတိုင်း အများသိအောင် လက်ဆင့်ကမ်းပေးပါမယ် ခင်ဗျာ၊ ဒါနဲ့ ...ဦးတင်အေး လေဖြတ်ခံရတာ ဘာကြောင့်လဲဆိုတာ သဘောပေါက်မှာပေါ့နော်'

'ဟုတ်ကဲ့ဆရာ ကျွန်တော်လဲရောဂါ ဝေဒနာရမှ ဆေးပညာသဘောတရားတွေ လေ့လာမိပါတယ်။ ကျွန်တော် ဝက်သားနဲ့အရက်သောက်တယ်။ ဝက်သားနဲ့ထမင်းကြော်စားတယ်။ အုတ်ကန်ထဲက ရေအေးချိုးပစ်တာတွေဟာ ပွင့်လင်းနေတာတွေကို ပိတ်ဆို့သွားစေတဲ့ အချက်ကြောင့်ပေါ့ဆရာ'

'ဟုတ်တာပေါ့ဗျာ။ သိပ်ဟုတ်တာပေါ့၊ အခိုးအာကာသပွင့်နေတာကို၊ ပိတ်မပစ်ရဘူးဗျ၊ ဦးတင်အေး စားတာတွေဟာ ပိတ်ဖွဲ့စေတာတွေချည်းပဲလေ၊ ဥပမာဗျာ လူတစ်ယောက် မောကြီးပန်းချွေးဒီးဒီးကျ ပြေးလွှားရောက်လာသူကို ငှက်ပျောသီး ကျွေးကြည့်ပါလား။ မိုင်းကနဲ ဖြစ်သွားပြီး ဖျားနာသွားနိုင်တယ်။ လောကကြီးမှာ အပူနဲ့အအေး အဓိကပါဘဲဗျာ၊ အဲ...တစ်ကိုယ်လုံးခြစ်ခြစ်တောက်ပူပြီးဖျားနာနေသူကို အပူခိုးတွေ ထွက်ပေါက်ပေးကုမှ သဘာဝကျတယ်ဗျ၊ အပြင် ထွက်ပေါက်ပေး ကုတယ်ဆိုတာက ချွေးထွက်စေတဲ့ဆေးတိုက်ကျွေးရပါတယ်။ ဆီးဝမ်းလေကိုလည်း ဒွါရပေါက်တွေကထွက်စေရတယ်ဗျ၊ ဒါမှ ခန္ဓာကိုယ်ထဲမှာရှိတဲ့ အပူခိုး အပုပ်ဆောင်တဲ့ အခိုးတွေ ထွက်ကုန်မှာပါ။ အဲဒါဟာ တိုင်းရင်းဆေးပညာ့ကုထုံးကုကွက်ပဲ။ အနောက်တိုင်းဆေးကုထုံးကတော့ ခြစ်ခြစ်တောက်ကိုယ်ပူပြင်းနေရင် နဖူးပေါ် ရေခဲတင်မယ်၊ မရရင် ရေခဲရေချိုးပစ်မယ်၊ အပူကို ဆန့်ကျင်ဘက် အအေးအင်အား သုံးတော့ အပူခိုးတွေဟာထွက်ပေါက်က ထွက်ခွင့်မရဘဲတရကြမ်းထွက်ပြေး ကြရတော့အဲဒီအပူတွေဟာ အူသိမ်အူမ အသည်းအဆုပ် ကျောက် ကပ်အရိုးအဆစ်တွေထဲ စူးဝင်ကုန်တော့တာပေါ့ဗျာ၊ အဲဒီ စူးဝင်ခြင်းခံရတဲ့ အပူခိုးဒဏ်ချက်ကြောင့် အဲဒီကလေး ကြီးပြင်းလာတဲ့ အခါမှာအဆစ်ရောင် ရောဂါရတယ်။ ကျောက်ကပ်မြွေးရောင်တယ်။ အဆစ်အမြစ်တွေ ကိုက်ခဲတဲ့ ဝေဒနာခံစားရတယ်။ ကျွန်တော်တို့လူတွေဟာ

သည်းခံရမယ့် ကိစ္စတစ်ခု ရှိသေးသဗျ။ အဲဒါက ပူလောင်အိုက်စပ်တာကို သည်းမခံချင်ကြဘူးဗျ။ ပူလိုက်တာ၊ အိုက်လိုက်တာနဲ့ တငြီးငြီး တငြူငြူနဲ့ သဘောမပေါက်လို့ဗျ၊ သူ့ခန္ဓာကိုယ်ပူလောင်အိုက်စပ်နေတာကိုက ကျန်းမာနေလို့ ပူလောင်အိုက်စပ်နေတာ။ အဲဒါကို သည်းမခံနိုင်ကြဘူး။ ဘာလုပ်လဲဆိုတော့ ရေခဏခဏချိုးတယ်၊ ပန်ကာလေခံတယ်။ ရေခဲရေတွေ ခဏခဏ သောက်တယ်။ အဲဒါ ရောဂါမျိုးစုံဝင်တော့တာပဲ။ စဉ်းစားကြည့်ပါ။ နွေအခါဆိုတာ ပူတာပဲ။ ပူရင် အိုက်မှာပဲ။ မအိုက်ဘဲ ခန္ဓာကိုယ် ချမ်းစိမ့်စိမ့်ကြီး ဖြစ်နေရင် ဘယ်မှာ ကျန်းမာတော့မှာလဲ'

ကျွန်တော်သည် ကျန်းမရေးနှင့်ပတ်သက်၍ စပ်မိစပ်ရာကလေးများကို ရှည်ရှည်ဝေးဝေးကလေးပြောလိုက်မိပါသည်။ သတိရ၍ ပတ်ဝန်းကျင် အကဲခတ်လိုက်သောအခါ အိမ်ရှင် အစ်ကိုကြီး ဦးသောင်းဖေသည် ထိုင်လျက်နှင့် တခေါခေါ အိပ်မောကျနေ၏။ အစ်မကြီး ဒေါ်ခင်ပြုံးသည် ယပ်တောင်ကလေးတစ်ချောင်းနှင့် မျက်နှာကို ကွယ်၍ ငိုက်မျဉ်းနေပါသည်။

ကလောမှ ဦးတင်အေးကလည်း လက်မှ နာရီကို ငုံ့ကြည့်ရင်း 'ကဲ..ဆရာ ကျွန်တော်လဲ ကလောပြန်မယ်၊ ရထားဆင်းတော့မယ်ဆရာ' ခတ်သုတ်သုတ်ကလေး နှုတ်ဆက်ထွက်သွား၏။

ကျွန်တော် တစ်ယောက်တည်း ငေါင်းစင်းစင်းကြီး ကျန်ရစ်၏။ ပြီးတော့ အမောပြေ အေးစက်စက် လက်ဖက်ရည်ကြမ်း တစ်ခွက်ကို ကောက်သောက်မိပါသည်။

ဩော်...ဆေးဝက်ဘာထဲမှာ မမောတမ်း မငြီးငွေ့စတမ်း လျှောက်လှမ်းရဦးမှာပါတကား။

## အတတ်ပညာရယူကြရာ၀ယ်

(၁)

အတတ်ပညာ တစ်ခုခု။ သို့မဟုတ် အနုပညာတစ်ရပ်ရပ်ကို လက်ဆင့်ကမ်း၍ ရယူကြရာ၀ယ် ပေးသူကပေးသော်လည်း ရယူသူက ယူတတ်မှ ရ၏။

အတတ်ပညာယူသူသည် အထုံ၀ါသနာပါသူဖြစ်ရမည်။ ပြီးတော့ ဖွဲလုံ့လလည်း လို၏။ နောက်တစ်ခုက 'ပါရမီ' ရှိသူဖြစ်ရပါမည်။

ဖခင်က ဆေးဆရာဖြစ်သော် သားဖြစ်သူ ဆေးဆရာဖြစ်လိမ့်မည် မဟုတ်ပါ။ အထုံ၀ါသနာနှင့် ဘ၀ပါရမီပါမှ ဖြစ်၏။

သာဓကတစ်ခုဆောင်ပါမည်။ ကျွန်တော်၏သားကြီးသည် အသက် ၂၈ နှစ် ရှိပါပြီ။ ကျွန်တော်က သူ့ကို ဆေးပညာသင်ပေး၏။ သို့သော် သူသည် ဆေးပညာကို လုံး၀ ၀ါသနာမပါ။

အသက်မွေး၀မ်းကြောင်းပညာ တစ်ခုခုတော့ တတ်ထားမှ ဖြစ်မည်။ ဆေးပညာ ၀ါသနာမပါလျှင် ဓာတ်ပုံပညာ သင်စေရ၏။ ဓာတ်ပုံပညာကို ကာလာ ရောင်စုံဆေးကူးချဲ့ ကျွမ်းကျွမ်းကျင်ကျင် တတ်မြောက်သွားပါ၏။ မြန်မာပြည်ဓာတ်ပုံပညာရှင်များ အသင်း၀င်ပင်ဖြစ်၏။ သို့သော် သူသည် ဓာတ်ပုံပညာကို ဟက်ဟက်ပက်ပက် မရှိလှပါ။

သူ့၀ါသနာပါသည်က ဂီတ။ ဂီတာတီးမည်။ သီချင်းဆိုမည်။ ကဲ– ဒီလိုဆိုလျှင် ဟေးဂီတဘက်လိုက်ပေရော့ဟု အားပေးရတော့၏။

ကျွန်တော့်သားကြီးသည် အဆိုတော် ဂျေမောင်မောင်ကို အားကျသည်။ ဂျေမောင်မောင်နှင့်လည်း ညီရင်းအစ်ကိုလို ရင်းနှီး၏။ ကျွန်တော်ကလည်း ဂျေမောင်မောင်၏ ဖခင် ဦးခင်မောင်အုန်းနှင့် ရင်းနှီး၏။ ဦးခင်မောင်အုန်းသည် မကွေးမြို့၌ တိုင်းအခွန်ဦးစီးမှူး အဖြစ် ထမ်းဆောင်ရ၏။ ထို့ကြောင့် ဂျေမောင်မောင်တို့မိသားစု မကွေး၌ အနေကြာ၏။

'အချစ်ရေ့ နေလို့မှကောင်းရဲ့လား အိပ်လို့ပျော်ပါစေ' ဟူသော တေးသီချင်းစာသားကလေးကို ဂျေမောင်မောင် ကိုယ်တိုင်ရေး၍ သူ ကိုယ်တိုင် သီဆိုခဲ့သည်။

ဂျေမောင်မောင်၏ အမည်သည် တစ်ဟုန်ထိုး နာမည်ကြီးသွားပါသည်။ သူ့ညီဂျေညီညီကလည်း သီချင်းဆိုသည်။ နာမည်ရ၏။ ကျွန်တော့်သားကြီးသည်လည်း သူတို့နှင့်အတူ ကြိုးစားပါ၏။ ဘာမှ ဖြစ်မလာပါ။

ဂျေမောင်မောင်၏ ဖခင် ဦးခင်မောင်အုန်းသည် အစိုးရဝန်ထမ်းပီပီ၊ မကွေးမှတစ်ဆင့် ရန်ကုန်သို့ ပြောင်းရွှေ့သွားရပါသည်။ ယခုတော့ ပင်စင်အငြိမ်းစား။

တစ်နှစ်လျှင် တစ်ခေါက် နှစ်ခေါက်ဆိုသလို ဂျေမောင်မောင်သည် မကွေးသို့ ရောက်လာတတ်ပါသည်။ ရောက်လာတိုင်း ကျွန်တော့်အိမ်မှာတည်းပါသည်။

တစ်နေ့သ၌။ ဂျေမောင်မောင်သည် ကျွန်တော်တို့ မကွေးမြို့၊ မဲထီးလမ်း အိမ်ရှေ့ ကွပ်ပျစ်ပေါ်ဝယ် လရောင်မှိန်မှိန်အောက်၌ ဂီတာတစ်လက်ဖြင့် သီချင်းဆိုပါတော့၏။ ကျွန်တော်က လူကြီးပီပီ သူတို့နှင့် ခပ်ဝေးဝေး တစ်နေရာ၌ ပက်လက်ကုလားထိုင်တစ်လုံးဖြင့် အကဲခတ်နေပါသည်။

ဂျေမောင်မောင်နှင့် ကျွန်တော့်သားများသည် စိတ်ပါလက်ပါ တီးကြဆိုကြပါသည်။ ကျွန်တော့်သားများက ဂီတာတီးသက်သက်ပါ။ ဂျေမောင်မောင်ကသာ ဆိုပါသည်။ ဂျေမောင်မောင်သည် စိတ်ပါလက်ပါ သီချင်းဆို၏။ လမ်းသွားလမ်းလာလူငယ်များ ဂျေမောင်မောင် သီချင်းသံကြောင့် ရပ်၍ နားထောင်ကြ၏။ တချို့ကထိုင်၍။

တချို့က ခပ်လှမ်းလှမ်း ပလက်ဖောင်းပေါ်မှာ ခတ်တတ်ရပ်၍ နားထောင်ကြ သည်။ မျက်နှာချင်းဆိုင်မှ အိမ်နီးနားချင်းများ၊ အရှေ့ခုနှစ်အိမ်၊ အနောက်ခုနှစ်အိမ် ဆိုသလို အိမ်ရှေ့ထွက်၍ နားထောင်နေကြပါသည်။ သူတို့ နားထောင်နေကြသည်မှာ ရန်ကုန်မှ အဆိုတော်ဂျေမောင်မောင် သီဆိုနေတာဟု သိ၍မဟုတ်ပါ။ နားထောင်ကောင်း၍ နားထောင်နေကြခြင်း ဖြစ်ပါသည်။

လရောင်မှုန်မှုန်ကြားဝယ် မည်သူမည်ဝါ မျက်နှာ မသဲကွဲပါ။ ညနေ ၇ နာရီလောက်မှ စ၍ တစ်ပုဒ်ပြီး တစ်ပုဒ်သီဆိုရာ ည ၉နာရီခွဲလုမှ ရပ်တော့၏။

အဆိုလည်းရပ်၊ အတီးလည်းရပ်မှ ရပ်၍ ထိုင်၍ နားထောင်နေကြသော ပရိသတ်ထ၍ အသီးသီး ပြန်သွားကြပါသည်။

တချို့က ဤသို့ပင် မှတ်ချက်ချသွားသေး၏။

'ကိုဝင်းမြင့်သားလေးတွေ၊ အဆိုကော၊ ဂီတာတီးရော မဆိုးဘူးဟေ့' ဟူ၏။

ကျွန်တော့်သားကြီး အချောင် နာမည်ရလိုက်၏။

ကျွန်တော်ဆိုလိုသည်မှာ အတတ်ပညာတစ်ခုကို လေ့လာလိုက်စားကြရာဝယ် ဘဝပါရမီများစွာ လိုအပ်ကြောင်း တင်ပြလိုရင်းဖြစ်ပါသည်။

ဂျေမောင်မောင်သည် ဘဝပါရမီပါ၏။ တကယ်လည်းတော်၏။ တကယ်တော်၍ နာမည်ကြီးရခြင်းဖြစ်၏။ သာမန်ဆိုတတ်တီးတတ်ရုံနှင့် နာမည်မကြီးနိုင်ပါ။

ကျွန်တော့်သားကြီးသည် ဂီတာလည်း တီးတတ်၏၊ အသံလည်း သင့်၏။ အဆိုတော် ဂျေမောင်မောင်ကလည်း 'ညီလေးညီလေး' နှင့် သူတတ်သည့် အဆိုပညာကို လက်ဆင့်ကမ်းပေးရှာ၏။ အဆိုတော်ဘဝရောက်အောင် တွန်းပို့ပေးပါ၏။ သို့သော် ဖြစ်မလာပါ။

မဖြစ်သည့်အပြင် ယခုအခါ ကျွန်တော့်သားကြီးသည် စားပြီးသောက်ပြီး စားရိပ်ငြိမ်း တစ်လလျှင် ငွေ ၂၀၀၀ကျပ်နှင့် ကချင်ပြည်နယ် ဖားကန့်သို့ ရောင်စုံခဲတတ်ပုံကူး အလုပ်သမားအဖြစ် လိုက်သွားပါပြီ။ ဖားကန့်မှာ ဂီတာလည်း မတီးဖြစ်။ သီချင်းလည်း မဆိုဖြစ်တော့ပါ။

ဖားကန့်လွှနေမှုအရ

ငွေ သိန်း ၁၀၀၊ သိန်း ၂၀၀ ချမ်းသာသူများကို အားကျပြီး ဓာတ်ပုံ အလုပ်သမားဘဝမှ ထွက်ခါ ကျောက်ရောင်းကျောက်ဝယ် ကျောက်တူးသမား အဖြစ် ဖားကန့်မှာ ကျင်လည်နေပါတော့သည်။ ၁၉၉၀ ခုနှစ်မှစ၍ ယခုစာရေးနေသည်အထိ ဖားကန့်မှာပါပဲ။ သူ့ မိန်းမနှင့် သားသမီး လေးယောက်ကို ကျွန်တော့်အိမ်မှာ ထားပစ်ခဲ့ ပါသည်။ သူ့ဆီမှ ကနေ့အထိ တစ်ပြားတစ်ကျပ်မျှ ရောက်မလာပါ။

(၂)

လူ့ဘဝဆိုတာ ရေရာလှသည် မဟုတ်ပါ။ မည်သည့်အတတ် ပညာနှင့်အသက်မွေးဝမ်းကြောင်းပြုမည်ဟု အားခဲထားသော်လည်း ဖြစ်ချင်မှဖြစ်ပါသည်။

ကျွန်တော့်ကို ကြည့်ပါ။ ကျွန်တော်၏ မိဘများသည် မကွေး မြို့နှင့်(၇)မိုင်ခန့်ဝေးသော သမန်းတောရွာမှာနေကြ၏။ အဖေအမည် က ဦးမောင်ကြီး။ အမေက ဒေါ်ချောတဲ့။ ကျွန်တော့်မိဘနှစ်ပါးသည် ဓားမဦးချ ကျေးရွာမှာနေ၍ တောင်သူယာသမားကြီးဘဝနှင့် နေလို ကြ၏။ သို့သော် တောင်သူလုပ်ခွင့်မရပါ။

ဂျပန်ခေတ်၌ ရွာမှာ ဓားပြခဏခဏအတိုက်ခံရ၏။ ထို့ကြောင့် အဖေနှင့်အမေသည် တောမှယာမြေများကိုပစ်ကာ မကွေးမြို့သို့ပြောင်း ရွှေ့နေခဲ့ရ၏။ ထိုစဉ်က ကျွန်တော်က လေးနှစ်သားပဲ ရှိသေး၏။

လွတ်လပ်ရေးရတော့ အဖေနှင့်အမေသည် ရွာကို မပြန်ဖြစ် တော့ပါ။ မြို့မှာမှင် တောအဆက်အသွယ်ဖြင့် ဆန်ကုန်သည် ဆီ ကုန်သည်ဘဝသို့ ရောက်ရှိပါတော့သည်။

အဖေနှင့်အမေသည် ကုန်သည်ဘဝ ရောက်သောအခါ သား ဖြစ်သူကို သူတို့လို ကုန်သည် မဖြစ်စေချင်ပါ။

ထိုစဉ်က ခေတ်စားနေသော မြို့အုပ် မြို့ပိုင်ဖြစ်စေချင်ပါ သည်။ ပြီးတော့ဆရာဝန်ဖြစ်အောင် ကြိုးစားတဲ့။ အမျိုးမျိုး ကျွန်တော့် ကို ချော့မော့၍ မြို့အုပ်၊ မြို့ပိုင်ဘဝရောက်အောင် နည်းအမျိုးမျိုးနှင့်

ကြိုးစားကြ၏။ သားဖြစ်သူကျွန်တော်က အဖေနှင့်အမေတို့ ဖြစ်စေချင်သော မြို့အုပ် မြို့ပိုင်ဖြစ်မလာဘဲ စာရေးဆရာယောင်ယောင် ဆေးဆရာယောင်ယောင် ဖြစ်လာပါတော့သတည်း။

အကယ်၍သာ ကျွန်တော့်မိဘများ ခားပြကြောင့် မြို့သို့ပြောင်းမလာဖြစ်ခဲ့သော် ယခုလောက်ဆိုလျှင် ကျွန်တော်သည် သမန်းတောရွာ ကျေးတောသားကြီးဖြစ်လျက် တောင်သူယာသမားကြီးဖြစ်နေပြီပေါ့။

မောင်မင်းကြီးသား ဓားပြများကြောင့် ကျွန်တော်တို့ မြို့ရောက်လာရသည်။ အများအကျိုးအတွက်စာတွေရေးသော စာရေးဆရာဘဝ။ အများကျန်းမာရေးကို စောင့်ရှောက်ရသော ဆေးဆရာဘဝ ရောက်လာရခြင်းဖြစ်ပါ၏။

(၃)

ဆေးဆရာဆေးသမား အတတ်ပညာများကို တစိုက်မတ်မတ် လေ့လာမှသာဖြစ်ထွန်းပါ၏။ သာမန်ဆေးကုတတ်ရုံမျှလောက်တော့ စာမဖွဲ့လိုပါ။

ဆေးအတတ်ပညာများကို ဆရာ့ဆရာကြီးများထံမှ လက်ဆင့်ကမ်း ကျွန်တော်တို့ရယူခဲ့ကြပါသည်။ ယခုလည်း အားရတင်းတိမ်ပါပြီ၊ ကျေနပ်ပါပြီမရှိသေးပါ။ ဆရာကြီးများထံ ပျပ်ဝပ်တွား၍ ချဉ်းကပ် နည်းယူရတုန်းဘဝပါ။

ငယ်စဉ်က ယခုအထိ ဆရာကြီးပေါင်းများစွာထံ တပည့်ခံခဲ့ပါသည်။ ထိုဆရာကြီးများသည် ဇရာထောင်း၍ ခေါင်းဖြူစွယ်ကျိုးဘဝရောက်နေပါပြီ။ ထိုဆရာကြီးများထံ ကျွန်တော် မကြာခဏဆိုသလို ရောက်ပါ၏။ ကွမ်းဆေးလက်ဖက် မုန့်ပဲသွားရည်စာကလေးများ သွားရောက်၍ ကန်တော့ပါ၏။

ထိုဆရာကြီးများအထဲတွင် ထူးထူး ချွန်ချွန်ဆရာကြီးတစ်ဦးရှိပါသေး၏။ အသက်ကား ၈၀ နီးပါပြီ။ လွန်ခဲ့သော ၆ နှစ်ခန့်က ဆရာကြီး၏ ငယ်အိမ်ထောင်ဘက် ကွယ်လွန်သွား၏။ 'တစ်ပင်လဲ၍

တစ်ပင်ထူ' ဆိုစကားအတိုင်း ဆရာကြီး၏ဆွေမျိုးနီးစပ်ထံမှ အသက် ၃၀ ကျော်ရှိ အမျိုးသမီးတစ်ဦးကို ကောက်ယူပါတော့သည်။

မကြာမီ ထိုအမျိုးသမီး ကိုယ်ဝန်ရှိတော့၏။ သားတစ်ယောက် မွေး၏၊ မွေးပြီး မကြာမီကိုယ်ဝန်ရှိလာပြန်၏။ သမီးတစ်ယောက်မွေး ၏။ ကျွန်တော်တို့က 'တို့ဆရာကြီး လက်ကွက်စိပ်လှချည်လား'ဟု အောက်မေ့မိ၏။

ကျွန်တော်တို့သည် ဆရာကြီးအိမ်မှာ ဝင်ထွက်သွားလာနေ၍ ကျွန်တော်တို့နှင့် အရွယ်မတိမ်းမယိမ်း 'ဆရာကြီးကတော်လေး'ကို ရိုသေလေးစားရပါ၏။

တစ်နှစ်လျှင် တစ်ယောက်နှုန်းသားပေါက်စေသော ဆရာကြီး အစွမ်းကို ပတ်ဝန်းကျင်က အံ့မခန်း ဖြစ်ကြသလို တပည့်ဖြစ်သူ ကျွန်တော်သည်လည်း မျက်လုံးပြူးရ၏။

ဆရာကြီးအစွမ်းကို မြင်တွေ့ကြသော ကျွန်တော့်မိတ်ဆွေများက ဆရာကြီးထံမှ အားဆေးတောင်းရန် ကျွန်တော့်ကို မြှောက်ပင့်ပေး ကြ၏။ ကျွန်တော်ကလည်း စိတ်ချ။ ဆရာကြီးထံမှ အားဆေး တောင်းပေးမည်ဖြစ်ကြောင်း ကတိပေးလိုက်၏။

တစ်နေ့သောအခါ ကျွန်တော်သည် ဆရာကြီးထံ ရောက်သွား ၏။ကလေးငယ်များနှင့်အလုပ်ရှုပ်နေသော'ဆရာကြီးကတော်ကလေး' အလစ်တွင်

'ဆရာကြီး၊ ဆရာကြီးစားတဲ့ ဟိုဒင်း အားဆေးလိုချင်လို့'

'ဘာကွ'

ဆရာကြီးအသံကြောင့် ကျွန်တော့်ရင်ထဲ ထိတ်ခနဲ ဖြစ်သွား၏။

'အားဆေးလိုချင်လို့ပါဆရာကြီး'

'အားဆေး ဟုတ်လား'

'ဟုတ် ဟုတ်ကဲ့ဆရာကြီး'

'မိုက်ပဲ့ကွာ၊ အားဆေးတောင်းရတယ်လို့'

'ဗျာ'

ဆရာကြီး စကားကို ကျွန်တော်နားမလည်ပါ။

'ဟာ– ဝင်းမြင့်ရ မင်းမှာ ဆေးပညာတွေ အများကြီးသိထား

တတ်ထား လေ့လာထားပြီးပြီပဲ၊ ပြီးတော့ အားဆေးဆိုတာ ဆီးချို ရှိတဲ့လူအားဆေးက တစ်မျိုး၊ သွေးတိုး ရှိတဲ့လူ အားဆေးက တစ်မျိုး၊ ပိန်တဲ့လူစားတဲ့ အားဆေးကတစ်မျိုး၊ ဝတဲ့လူစားတဲ့ အားဆေးက တစ်မျိုး၊ ကျယ်ဝန်းတယ်ဆိုတာလဲမင်းအသိ'

'ဟုတ်ကဲ့ ခင်ဗျ'

'အေး မင်းဆေးဖော်မယ်ဆိုရင် ဖော်နိုင်တဲ့အသိဉာဏ်ရှိပါလျှက်နဲ့ ငါ့ဆီ အားဆေးတောင်းရတယ်လို့ကွာ၊ အေးပေါ့လေ၊ တို့လဲငယ်ငယ်က မင်းလိုပဲ တို့ဆရာတွေဆီ တောင်းခဲ့ဖူးတာပဲ။ လွယ်လွယ်ဆေးနည်းရေးမပေးဘူးကွ၊ ပညာနဲ့ပေးကြတာ။ ပေးပုံနားထောင် ငါဆိုပြမယ်၊ ပဋ္ဌဘူတ၊ သဘာဝကား၊ မုချနက်နဲ၊ မြင်နိုင်ခဲ၏။ ထူးကဲသောဉာဏ်၊ အမြင်သနက်၊ ဆိုရန်မရှိ၊ ဆေးဓာတ်သိ၏။ တဲ့ကွ၊ ဆေးအတတ်ပညာဆိုတာ ပဋ္ဌဘုတ်ငါးပါးကို နိုင်နင်းရတယ်၊ ဘယ်ဆေးက ဘယ်အရသာ၊ ဘယ်ဓာတ်၊ ဘယ်စွမ်းအင်ရှိတယ်ဆိုတာ သိရတယ်ကွ၊ မင်းသိပါတယ်လေ'

'ဟုတ်ကဲ့ သိပါတယ်'

'အေးသိရင် မင်းဖော်ခဲ့။ ဖော်နည်းကားကို လိုချင်တာနော်၊ အားဆေးထားပါတော့၊ အသက် ၆၀ ကျော် ၇၀ ကျော်၊ ငါတို့အရွယ်ကွာ၊ သူ့မှာက မိန်းမငယ်ကလေးလဲရထားတယ်။ အားဆေးလိုမယ်၊ အဲဒါ မင်းဆေးနည်းရေးခဲ့၊ သေသေချာချာ စဉ်းစားရေးခဲ့နော်'

'ဟုတ်ကဲ့ ခင်ဗျ'

ကျွန်တော်သည် ဆရာကြီးကို လက်အုပ်ချီ ဂါရဝပြုပြီး အိမ်အပြင်ထွက်လာခဲ့၏။ ခြံဝင်းတံခါးအထွက်ရောက်တော့ ကျွန်တော့်နောက်မှ ကလေးငယ်ကို ချီလျက် ပြေးလိုက်လာသော'ဆရာကြီးကတော်ကလေး'က

'ကိုဝင်းမြင့် ကိုဝင်းမြင့် ရော့ရော့ ရှင်တို့ဆရာကြီး ဖော်စားတဲ့ ဆေးနည်းပဲ'

တိုးတိုးကလေးပြောပြီး အသင့်ရေးယူလာသော စာရွက်ကလေး ပေးသွား၏။

'ကျေးဇူးပဲဆရာကြီးကတော်''ဟု နုတ်ဆက်ပြီး အိမ်ပြန်ခဲ့၏။

'ဆရာကြီးကတော်ကလေး' ရေးပေးလိုက်သောဆေးနည်းမှာ–

| | | |
|---|---|---|
| ၁။ ကတိုး | ...... | တစ်ရွေးသား။ |
| ၂။ ကုံကုမံ | ...... | ၄ သား။ |
| ၃။ ငှက်သိုက် | ...... | ၄ ။ ။ |
| ၄။ ငါးကြီးအံဖတ် | ...... | ၄ ။ ။ |
| ၅။ ကြံ့သွေး | ...... | ၄ ။ ။ |
| ၆။ ကျောက်သွေး | ..... | ၄ ။ ။ |
| ၇။ ဆတ်ချိုနု | ...... | ၄ ။ ။ |
| ၈။ စပယ်ပွင့် | ...... | ၄ ။ ။ |
| ၉။ ကံရမက် | ...... | ၈ ။ ။ |
| ၁၀။ နံ့သာနီ | ...... | ၁ဝ ။ ။ |
| ၁၁။ နံ့သာဖြူ | ...... | ၁ဝ ။ ။ |
| ၁၂။ ပဒုမ္မာကြာဆံ | ...... | ၁ဝ ၄ ။ |
| ၁၃။ ကုံကော်ဝတ်ဆံ | ..... | ၂ဝ ၈ ။ |
| ၁၄။ ဒိဗ္ဗာလာသကြား | ...... | ၂ဝ ၈ ။ |
| ၁၅။ စက္ကရင်သကြား | ..... | ၈ – ဟူ၏။ |

ဆရာကြီးဖော်စားသော အားဆေးများကို တစ်ခုချင်း ဖတ်ကြည့်၏။ စဉ်းစားရ၏။

ပထမဆုံး ကတိုး။ ကတိုး၏ အာနိသင်မှာ သွေးသားခန်းခြောက်ခြင်းကို ပျောက်ကင်းစေ၍ အသက်ကိုရှည်စေပါသည်။ အာရပ်ကမ္ဘာရှိ ဓော်ဘွားများသည် ကတိုးကို ကာမအားတိုးဆေးများ၌ အသုံးပြုကြ၏။

ကုံကုမံ။ ကုံကုမံ၏ အရသာမှာ ခါး၍ ပူသော သတ္တိရှိသည်။ နှုတ်ကိုမြိန်စေပါသည်။ ဝဖြိုးစေ၏။ ဒေါသသုံးပါးကို နိုင်၍ ကာမကို အားပေး၏။ ကိုယ်၏ အရောင်အဆင်းကို တင့်တယ်စေပါသတဲ့။

ကုံကုမံအတုအစစ် ခွဲခြားနည်းကိုလည်း ကျွန်တော့်ဆရာကြီးများက သွန်သင်ခဲ့ပြီး ဖြစ်၏။ ကုံကုမံအကောင်းစားမှာ နီပြေပြေရှိ၍ အညှာစားမှာ ဝါသည်။

ကုံကုမံကို ရေနှင့် နယ်၍ အဝတ်ဖြူပေါ်တွင် အစက်ချကြည့်က မူလ အနီရောင်တိုင်းရှိနေသော် အစစ်ဖြစ်၏။ အနီရောင်မှ အဝါရောင်ပြောင်းသော် အတုဖြစ်ပါသည်။ ဝါရာမှ နီလျှင်သော်လည်းကောင်း၊ နီရာမှဝါလျှင်သော်လည်းကောင်း အရောင်မမှန်လျှင် ကုံကုမံ အစစ် မဟုတ်ပါ။

နောက်တစ်ခု စမ်းသပ်နည်းမှာ အရက်ပျံနှင့်စိမ်ပါ။ အရောင်မပျက်လျှင် အစစ်ဖြစ်ပြီး အနီရောင်ပေါ်လာပြီးမှ အဝါရောင်ပြောင်းလျှင် အစစ်မဟုတ်ပါ။ အတုသာဖြစ်၏။

ငှက်သိုက်။ ငှက်သိုက်ကို တရုတ်သမားတော်ကြီးများက အားဆေးအဖြစ် အသုံးပြုလေ့ရှိပါသည်။ မြန်မာသမားတော်ကြီးများလည်း အားဆေးထဲထည့်၍ အသုံးပြု၏။ ငှက်သိုက်ကို အားဆေးများ၌သာမက ကိုယ်ရောင်ကိုယ်ဖေါ၊ မီးယပ်ဒူလာနှင့် ပန်းနာရင်ကျပ်မောပန်းခြင်းများကို ပျောက်ကင်းစေသော ဆေးများ၌ ထည့်သွင်းအသုံးပြုကြပါသည်။

ပျံလွှားငှက်ကလေးများမှ ရရှိသော ငှက်သိုက် စိစစ်ဝေဖန်ကြည့်မိပါသေးသည်။ ပျံလွှားငှက်ကလေးများသည် ကောင်းကင်ယံ၌ လျင်မြန်စွာ ပျံလွှားနိုင်၏။ အေးသော ကျောက်တုံးကျောက်ဆောင်ကျောက်လိုဏ်ဂူများအတွင်း၌ နေထိုင်ကြ၏။ ပျံလွှားငှက်ငယ်ကလေးများ၏ အသိုက်သည် ဝမ်းတွင်းမှ အန်ထုတ်ပေးသော အချွဲဓာတ်၊ အစေးဓာတ်၊ အစိုဓာတ်ပစ္စည်းဖြစ်ခြင်းတို့ကြောင့် လူကိုယ် ခိုင်ခန့်စေသော ပထဝီဓာတ်၊ အစိုဓာတ်ဖြစ်သောအာပေါဓာတ်၊ အပူငွေ့ကိုဖြစ်စေသောတေဇောဓာတ်၊ လျင်မြန်ဖျတ်လတ်မှုကို ဖြစ်စေသော ဝါယောဓာတ်၊ ငှက်ကလေးများ ကောင်းကင်သို့ ပျံသောကြောင့် တက်ကြွသော အာကာသဓာတ်၊ ဓာတ်ကြီးငါးပါး အချိုးကျပါဝင်နေပါသည်။

ငှက်သိုက်သည် အသက်ကြီး၍ သတိဖောက်ပြန်ခြင်း၊ သူငယ်ပြန်ခြင်း၊ နားမျက်စီအသံနှင့် အမြင်အားနည်းမှုကို ကာကွယ်ပေးသည်ဟု မှတ်ခဲ့ရ၏။ တစ်ဖန် နှလုံးသွေးကြောကျဉ်းခြင်း၊ ကျယ်ခြင်း၊ အဆီပိတ်ခြင်းများကို အကာအကွယ် ပေးပါသေးသည်။

ငှက်သိုက်သည် ဝမ်းမီးကိုတောက်စေ၍ ဝဖြိုးစေပါသည်။ ခွန်အားတိုးသည်။ သုတ်ဓာတ်ပွားသည်။

ငါးကြီးအန်ဖတ်။ ငါးကြီးအန်ဖတ်နှင့်ပတ်သက်၍ ဆရာကြီးများက အမိန့်ရှိသည်မှာ ဝေလငါးကြီးများ တစ်ကောင်နှင့်တစ်ကောင် မိတ်လိုက်ကြရာတွင် ထွက်လာသော ငါး၏သုက်ရည်ဖြစ်သည်ဟု ပြောပါသည်။ ကာမအားတိုးဆေးများထဲတွင် ထည့်သွင်း အသုံးပြုကြသည်ဟု သိရပါသည်။

ကြံ့သွေး။ ကြံ့သွေးစစ်စစ်ကိုတော့ ရရန် မလွယ်ပါ။ ကြံ့သွေးအစား ကျွဲသွေးကိုသာ အသုံးပြုကြရပါသည်။ စာရေးသူဆေးသမားပေါက်စဘဝက ကြံ့သွေးစစ်စစ်မှရမရလျှင် ဆေးမဖော်ဟု တင်း၍ နေခဲ့၏။ ဘယ်မှာမှ ရှာမရ။ ဆရာကြီးများက

'အေးကွ၊ ကြံ့သွေး အစစ်ရရင်တော့ ကောင်းတာပေါ့၊ ကြံ့သွေးအစစ်က မရနိုင်ဘူးလေ။ ကြံ့နဲ့ကျွဲဟာ သဘောသဘာဝခြင်းတူသကွ။ ဒါကြောင့် ကြံ့သွေးအစား ကျွဲသွေးသုံးရင် ဖြစ်ပါတယ်ကွာ' ဟု အေးဆေးစွာ အမိန့်ရှိပါသည်။

ကြံ့သွေးခေါ် ကျွဲသွေးသည် အပူလွန်၍ အိပ်မပျော်သောရောဂါ၊ သွေးအန်သောရောဂါ၊ မီးယပ်သွေးလွန်ရောဂါတို့ကို ပျောက်ကင်းစေပါသည်။

ထို့အပြင် ကြံ့သွေးကို ပန်းသေ၊ ပန်းညှိုးခြင်းများ ပျောက်ကင်းစေပါ၏။

ကျောက်သွေး။ ကျောက်သွေး၏စွမ်းအင်မှာလည်း မသေးပါ။ ဆီးအောင့်၊ ဂူလုံးနာ၊ မြင်းသရိုက်နာ၊ အဖျားရောဂါတို့ကို ပျောက်ကင်းစေပါသည်။

ကျောက်သွေး၏အရသာမှာ စပ်၍ ခါးဖန်သည်။ ထို့ကြောင့် ခွန်အားဖြစ်စေပါသည်။

စာရှုသူခွေ။

ကျွန်တော့်ဆရာကြီး ဖော်စပ်ထားသော အားတိုးဆေး ဆေးများ၏ တစ်မည်ချင်းစွမ်းရည်များကို တစ်ခုချင်း ဖော်ပြနေရသော် ရှည်လျား ပေများနေပါချိမ့်မည်။

အတွေ့အကြုံရင့်ကျက်သော ဆရာကြီးဖြစ်၍ ဤမွေ့ဤမျှ ကောင်းသောဆေးများကို စီမံဖော်စပ်နိုင်ခြင်း ဖြစ်ပါသည်။

(၄)

ကျွန်တော်သည် 'ဆရာကြီးကတော်ကလေး' ထံမှ ရရှိလာသော ဆေးနည်းစာရွက်ကလေးကို ကျွန်တော့်မိတ်ဆွေများအား ပြသလိုက်သောအခါ–

'သိပ်အရေးကြီးတယ်ဟေ့၊ ဖော်စားမယ်၊ ဘယ်လောက်ကုန်ကုန်'

အသက်ငါးဆယ်ကျော် ပင်စင်ယူခါနီးနေသော ကိုကြီးသွင်ကအားရပါးရ ပြော၏။ မိန်းမနှစ်ယောက် ယူထားမိသော ဦးပန်းစိန်ကလည်း ဘောလ်ပင်တစ်ချောင်းနှင့် ကျကျနနရေးကူးနေပါတော့သည်။

ကျွန်တော့် ဆရာကြီး အသင့်စီမံစီစဉ် ဖော်စပ်ထားသော ဆေးနည်း ကျွန်တော့်လက်ဝယ်ရရှိထားပြီပဲ၊ ဖြည့်စွက်စရာ ပယ်ဖျက်စရာမရှိ။ ထို့ကြောင့် 'ဆေးဆရာကြီးကတော်လေး' ရေးပေးသည့်အတိုင်း တသဝေမတိမ်း ကူးရေးကာ ဆရာကြီးအိမ်သို့ ထွက်လာခဲ့၏။

ဆရာကြီးသည် ကွမ်းအစ်ကြီးကို ရှေ့မှာချ၍ ကျွန်တော့်ကို မော့ကြည့်၏။

'ဘယ့်နှယ်လဲဟေ့၊ မင်း ငါပြောတဲ့ အားဆေး ဖော်ခဲ့ပြီလား'

'ဖော်ခဲ့ပါပြီ ဆရာကြီး'

'ပြစမ်း ပြစမ်း'

ကျွန်တော်သည် ဆရာကြီးလက်ထဲသို့ ဆေးစာရွက်ကလေး ထည့်ပေးလိုက်၏။

ဆရာကြီးသည် ဖြူဖွေးနေသော မျက်ခုံးများ တွန့်ကွေးနေအောင် အားစိုက် ဖတ်ကြည့်နေရာမှ

'ဟော– ချွေးမသား၊ ငါ့တကယ်လားလို့ ကြည့်မိပါတယ်၊ ဒါ ါဖော်ထားတဲ့ ဆေးနည်းပဲ၊ မင်းဘယ်ကရလဲ၊ ဟင် တယ်လေ...... ါ မပြောလိုက်ချင်ဘူး၊ ကိုယ်ပိုင်ဉာဏ်နဲ့ ဖော်ပါလို့ ပြောရက်သား ...... ငါ'

ဆရာကြီးက ဆူငေါက်ပါတော့သည်။

ကျွန်တော်သည် ဆရာကြီးဆူသမျှ ခေါင်းငုံ့ခံနေရပြီး ရှိကလေး ထိုင်လိုက်သောအခါ ကျွန်တော်တို့ ဆရာတပည့်အဖြစ် ကို မလှမ်းမကမ်း စောင့်ကြည့်နေသော 'ဆရာကြီးကတော်ကလေး' သည် ပါးစပ်ကို လက်နှင့်အုပ်၍ ပြုံးရယ်နေပါတော့သတည်း။

## မိုးတား တိုက်ကုန်း
## ဘိုးဆရာမြ၏ ရသာယနဆေး

စာရှုသူအဆွေ......။

ကျွန်တော့်ဆရာကြီး၏။ အားတိုးဆေးကို အထက်၌ ဖော်ပြပြီးခဲ့ပါပြီ။ ကျွန်တော့်ဆရာကြီးသည် ယနေ့ထက်တိုင် သက်ရှိထင်ရှားရှိနေပါသည်။ တွေ့ချင်သပဆိုလျှင် မကွေးသို့ ကြွလှမ်းခဲ့ပါ။

ကျွန်တော့်ဆရာကြီး၏ အားတိုးဆေး ကောင်းပုံမှာ မျက်မြင်လက်တွေ့ ဖြစ်ပါသည်။ ပို၍ ခိုင်မာအောင် နောက်ထပ် ကြုံရပုံကသည်လိုပါ။

၁၉၈၅ ဩဂုတ်လထုတ် တိုင်းရင်းဆေးပညာစာစောင် သတင်းလွှာ အတွဲ(၁)၊ အမှတ်(၈)တွင် ဆရာကြီး မိုးတား ဦးထွန်းရှိန်က အောက်ပါအတိုင်း ရေးသားထားသည်ကို စာရှုသူများ ဖတ်ရှုနိုင်ရန်အတွက် ကူးယူဖော်ပြလိုက်ပါသည်။

တိုက်ကုန်းဆရာမြကား လူပြန်တော် ပညာရှိဖြစ်၏။ အသက် ၄၃ နှစ်အရွယ်တွင် ရဟန်းလူထွက်၏။ ၁၆ နှစ်သမီးနှင့် အိမ်ထောင်ကျ၏။ သားသမီး ၁၂ ယောက်မွေး၏။ အဖိတ်အစင်မရှိ။အဖျားအနာမရှိ။ အလွန်ကျန်းမာ၏။ အသက်(၈၈) နှစ် အရွယ်ထိ ၁၆ ကွက်သိုင်းကို လူငယ်များကဲ့သို့ လျင်မြန်စွာ ကစားနိုင်၏။ ထိုဘိုးဆရာမြ မှီဝဲသော အားတိုးဆေး(ရသာယန) ဆေးကား အောက်ပါအတိုင်း ဖြစ်၏။

| | |
|---|---|
| ၁။ ဂေါဒန် | ၁ ကျပ်။ |
| ၂။ နွယ်ချို | ၁ ကျပ်။ |
| ၃။ ကုံကုမံ | ၁ ကျပ်။ |
| ၄။ ကျောက်သွေး | ၁ ကျပ်။ |
| ၅။ ငှက်သိုက် | ၁ ကျပ်။ |
| ၆။ ငါးကြီးအန်ဖတ် | ၁ ကျပ်။ |
| ၇။ ကြံ့သွေး | ၁ ကျပ်။ |
| ၈။ ဆတ်ချိုနု | ၁ ကျပ်။ |
| ၉။ ကောလိသိန် | ၁ ကျပ်။ |
| ၁၀။ နံ့သာနီ | ၄ ပဲ ။ |
| ၁၁။ ဘိတ်စပယ်ပွင့် | ၄ ပဲ ။ |
| ၁၂။ ကုံကော်ဝတ်ဆံ | ၄ ပဲ ။ |
| ၁၃။ ကတိုး(သွေးကတိုး) | ၄ ပဲ ။ |

(စုစုပေါင်း ဆေးအလေးချိန် ၁၀ ကျပ်သား)

ဆေးအစွမ်းသတ္တိ။

အင်အားဖျော့တော့ မောပန်းနေသူများ၊ မိန်းမယောကျ်ားမြစ်ခြောက်နာ၊ ပန်းသေ ပန်းညှိုး ရှိဖြူ ရီနာဆင်းနေသူများ၊ ရင်တုန်ရင်ပူအမောနာ၊ အရက်နာများကို ပျောက်ကင်းစေပါသည်။ သန္ဓေရလွယ်သည်။ အသားအရေ စိုပြေလှပစေသည်။ သုက်ဓာတ်ကိုပွားစေသည်။ အာရုံကြောကို အားဖြစ်စေသည်။

၎င်းဆေးစားပြီးစတွင် အလွန်သွေးဆူသည်။ စားပြီး သုံးရက်အတွင်း သံဝါသ မပြုရ။ အိမ်ထောင်မရှိသောမိန်းမများ အမြဲမစားရ။ မိန်းမများ ဓမ္မတာငုပ်လျှင် အရက်နှင့်တိုက်ပါ။ အဆိပ်ကိုစားမိသော်သံပုရာရည် ရှောက်ရည်တို့ဖြင့် တိုက်ပါ။

သွေးဆိုး သွေးပုပ်ကြောင့် ဖြစ်သော အနာများ သွေးနာလေနာ သွေးရူး လေရူး ခရသင်း ဒူလာဝမ်း၊ မီးယပ်ဝမ်း၊ သွေးဝမ်းချောင်းဆိုးသွေးပါ။ ကိုယ်ပူမစဲ၊ သလိပ်နာ၊ မြင်းသရိုက်နာ အင်အား ချိနဲ့ သော အနာမှန်သမျှ ဤဆေးနှင့် တော်၏။ သင့်၏။

စားရန်ဆေးပမာဏ

ရွှေးကြီး နှစ်ရွှေးခန့်၊ ရေအေးနှင့်သောက်။ (ရှားစောင်းပျားရည်၊ တန်ဆောင်မုန်းလ တင်လဲရည် နှမ်းဆီစစ်စစ်၊ နွားထောပတ်ဖြင့် ပြုသော စတုမဓူ၊ ဟောလစ်တစ်ပုလင်းလျှင် ၂ ပဲသားခန့် ခပ်ပြီးလျှင် သုံးနိုင်ပါသည်။ စတုမဓူကို အရည်သွက်သွက် ဖော်စပ်ပါ။)

## ဟောတော့

(၁)

သိပ္ပံပညာတွေ မည်မျှပင်ထွန်းကား ထွန်းကား ရုပ်ဝတ္ထုပစ္စည်းတွေ မည်မျှပင် ဆန်းပြားဆန်းပြား။ လူမျိုးမရွေးဘာသာ မရွေး စိတ်အစွဲကလေးတွေ ရှိတတ်ကြပါသည်။

ကျွန်တော့်တွင် စိတ်အစွဲကလေး တစ်ခုရှိ၏။ ထိုအစွဲမှာ ကျွန်တော် ဝတ်ဆင်ရန်အတွက် အင်္ကျီအသစ် တစ်ထည် ချုပ်ပေးပါက ထိုနေ့မှစ၍ ရက်သတ္တပတ်အတွင်း ဟောပြောစင်မြင့်ပေါ်သို့ မုချ တက်ရလေ့ရှိပါသည်။

ဟောကြည့်။ ယနေ့ ကျွန်တော့် အိမ်သူက ကျွန်တော့်အတွက် ရုပ်အင်္ကျီအဖြူကလေးတစ်ထည် ကျွန်တော့်လက်ထဲ လာထည့်၏။

'ဟာ... ဟောပြောပွဲတစ်ခုခုတော့ သွားရတော့မှာပဲဟေ့' ကျွန်တော်က လွှတ်ခနဲပြောလိုက်၏။

'ဘာဟောပြောပွဲမှ သွားစရာ မလိုဘူး၊ နတ်တော်လစာဆိုတော် ရာသီမဟုတ်ဘူးရှင့်'

'ဒါဖြင့်... မင်္ဂလာဆောင် မင်္ဂလာစကားပြောကော'

'ခုလ ဝါခေါင်လရှင့် ဘယ်သူမှာ မင်္ဂလာ မဆောင်ဘူး'

'အင်း... စောင့်ကြည့်ပေါ့ကွာ'

(၂)

'အစ်ကိုရေ ... ဟောသည်မှာ ပခုက္ကူက ဧည့်သည်လာလို့'
အိမ်သူက ဧည့်ခန်းမှ အသံပြု၏။

ကျွန်တော်သည် စာရေးစားပွဲမှ ဧည့်ခန်း ထဲသို့ ထလာခဲ့၏။ ပခုက္ကူမြို့မှ တိုင်းရင်းဆေးဆရာ ဦးမင်းဒင် ဖြစ်ပါသည်။ သူက ပခုက္ကူမြို့မှ ရေးဖော်သတင်းထောက်ဦးတင်လေးအောင်၏စာကို ထုတ်ပေးပါတော့သည်။

၂-၇-၁၉၈၁

*ဆရာဦးဝင်းမြင့်ခင်ဗျား...*

*ကျွန်တော်တို့ ပခုက္ကူမြို့တွင် အခြေခံအလုပ်သမားအစည်း အရုံး အမှတ် (၇၆)မှ တိုင်းရင်းဆေးသင်တန်း တစ်လသင်တန်း ဖွင့်လှစ်လျက်ရှိပါသည်။ အဆိုပါ ဆေးသင်တန်းသို့ ဆရာကိုယ်တိုင် ကြွရောက်၍ 'ဆေးပညာအကြောင်း သိကောင်းစရာ' ဟောပြောပို့ချ ပေးပါရန် မေတ္တာရပ်ခံပါသည်။*

*လေးစားစွာဖြင့်*
*တင်လေးအောင်*
*သတင်းထောက်*
*ပခုက္ကူမြို့။*

'ဘာစာလဲ ... အစ်ကို'

'ဦးတင်လေးအောင်လေ ပခုက္ကူမှာ ဆေးသင်တန်းဖွင့်လို့ ဟောပြောပေးဖို့ ဖိတ်စာ'

'ဟောတော့'

(၃)

ကျွန်တော်သည် စာပေ ဟောပြောပွဲနှင့် တိုင်းရင်းဆေး အကြောင်းဟောပြောပွဲဖိတ်လျှင် မငြီးမငြူ သွားလေ့ရှိပါသည်။ ယခုလည်း ပခုက္ကူမြို့ဆေးသင်တန်းမှဖိတ်သောကြောင့် မကွေးမြို့မှ ဗိုလ်သတင်းထောက် ကိုဝင်းမောင်ကို အဖော်ခေါ်လျက် ပခုက္ကူမြို့သို့ ထွက်ခဲ့ကြပါသည်။

(ပခုက္ကူမြို့မှ မိတ်ဆွေကြီး ဦးလေးတင်အောင် အပါအဝင် တိုင်းရင်းဆေးဆရာကြီးများက ဝမ်းသာအားရ ကြိုဆိုကာ လိုလေသေး မရှိအောင် စောင့်ရှောက်ကြပါသည်။)

အခြေခံတိုင်းရင်းဆေးသင်တန်းကို နေ့စဉ် ည(၇)နာရီတွင် သင်တန်းစ၍ ည(၁၁)နာရီတွင် ပြီးသည်။ ပခုက္ကူမှ ဆရာကြီးများက 'ဒေသနာ နယ' ဒေသပေါက် ဆေးဝါးပင်များအကြောင်း' တို့ကို အသီးသီး ပို့ချ ကြပါသည်။ သင်တန်းသား သင်တန်းသူ ၁၅၀ ကျော် ရှိပါသည်။

ည (၈)နာရီတွင် ကျွန်တော့်အလှည့်ကျ၏။ ကျွန်တော်ဟော ပြောရသော ဘာသာရပ်က 'ဆေးပညာအကြောင်း သိကောင်းစရာ' ဖြစ်၏။ ထို့ကြောင့် ကျယ်ကျယ်ပြန့်ပြန့် ဆွေးနွေး၍ ကောင်း၏။

ယခုလို ဆေးသင်တန်းများ၌ ဟောပြောပို့ချရသောအခါ သင်တန်းသား သင်တန်းသူများကို 'ဆရာတို့ခင်ဗျား...' ဟု ခေါ် ဝေါ် သုံးစွဲရပါသည်။

တိုင်းရင်းဆေးပညာကို ဂုဏ်မြင့်စေလိုသည်ကတစ်ကြောင်း၊ တိုင်းရင်းဆေးသင်တန်းသား သင်တန်းသူများသည် ရပ်ထဲရွာထဲတွင် ဆရာအဖြစ်ဆေးကုသကြမည်များဖြစ်သည်ကတစ်ကြောင်းတို့ကြောင့် 'ဆရာတို့ ခင်ဗျား'ဟု သုံးစွဲခေါ်ဝေါ်ရခြင်းဖြစ်ပါသည်။

ထို့ကြောင့် ကျွန်တော်သည် အောက်ပါအတိုင်း နိဒါန်းပျိုး လိုက်ပါသည်။

မင်္ဂလာပါ ... ဆရာတို့ခင်ဗျား

ခုလို မင်္ဂလာအပေါင်းနဲ့ ခညောင်းတဲ့ မင်္ဂလာညချမ်းအချိန်မှာ တိုင်းရင်းဆေးပညာအကြောင်း သိကောင်းစရာ ခေါင်းစဉ်ဖြင့် ဟောပြောခွင့်ရတဲ့အတွက် အထူးပဲကျေးဇူးတင် ဂုဏ်ယူဝမ်းမြောက်မိပါတယ်။

မြန်မာ့မြေ မြန်မာ့ရေ မြန်မာ့ရာသီဥတု မြန်မာ့အစားအစာ မြန်မာ့ဓလေ့စရိုက်နဲ့အညီမြန်မာ့ဆေးနဲ့တိုင်းရင်းသား လုပ်သားပြည်သူများ၏ ကျန်းမာရေးကို ငါတို့ကာကွယ်စောင့်ရှောက်မယ်ဆိုတဲ့ အဓိဋ္ဌာန်နဲ့ အချိန်ကုန်ငွေကုန် လူအပင်ပန်းခံပြီး အားကြိုးမာန်တက် သင်တန်းတက်ရောက်ကြတဲ့အတွက် ကျွန်တော့်ရင်ထဲလှိုက်လှိုက်လှဲလှဲ ဂုဏ်ယူဝမ်းမြောက်နေမိပါတယ်ခင်ဗျား...'

စာရှုသူအဆွေ

ကျွန်တော်သည် တိုင်းရင်းဆေးကို လေးစားမြတ်နိုးသူပီပီစားလည်းသည်စိတ်။ သွားလည်းသည်စိတ်။ အိပ်လည်းသည်စိတ်နှင့် ရင်ဝယ်ပိုက် လာသူဖြစ်ရကား ယခုလိုစိတ်တူကိုယ်တူ ဆေးသင်တန်းသားသင်တန်းသူများနှင့် တွေ့ရသောအခါ 'ဘရိတ်' အုပ်လို့ပင် မရတော့ပါ။

ရှေးရှေးပေါပေါအရွယ်မှစပြီး ဆေးပညာသင်ခဲ့ရပုံများ၊ လူနာနှင့်တွေ့၍ ဓာတ်ချွေးပြန်ခဲ့ရပုံများ ၊'ကြက်ကန်းဆန်အိုးတိုး' ဆိုသလို တစ်မယ်ချင်း အံ့သြဘွယ်ရောဂါကြီးများ ပျောက်သွားပုံများ၊ ကျွန်တော်ကပြောလိုက်၊ သူတို့က မှတ်စုထဲမှတ်လိုက်။ တဝါးဝါး တဟားဟားနှင့် အချိန်တွေ ကုန်မှန်းမသိ ကုန်သွားပါသည်။

ည၌(၁၁) နာရီထိုးသောအခါ ကျွန်တော်သည် အောက်ပါဖြစ်ရပ်ကလေးကို တင်ပြရင်း နိဂုံးချုပ်စကားပြောရပါတော့သည်။

ဆရာတို့... ခင်ဗျား။

ခုဆိုရင် ည၌ (၁၁) နာရီရှိပါပြီ။ ဒါ့ကြောင့် ကျွန်တော်နိဂုံးချုပ်ပါတော့မယ်။ နိဂုံးမချုပ်မီဖြစ်ရပ်ကလေးတစ်ခုတင်ပြပါရစေ။

ဖြစ်ရပ်က ဒီလိုပါ။ တစ်နေ့သောအခါ ကျွန်တော့် မိတ်ဆွေ

တစ်ယောက်က ကလေးနေမကောင်းလို့ လိုက်ကြည့်ပါဆိုလို့ လိုက်သွားပါတယ်။ ဟိုရောက်တော့ သုံးလအရွယ်ကလေးငယ်ကလေးတွေ့ရပါတယ်။ အဲဒီကလေးဟာ ၇ ရက်သားသမီးအရွယ်ကစပြီး ချက်မှာ အနာဖြစ်လာတာတဲ့။ ပြောရင်းဆိုရင်းအနာကို လှန်ပြတယ်။ အနာဝက အချိုပန်းကန်ဝလောက်ရှိနေပြီ။ ပွမ်းတွေလဲထုတ်ပြတာ အများကြီးပဲ။

ကျွန်တော် တုန်လှုပ်သွားပါတယ်။ ကလေးအရွယ်နဲ့ အနာဟာ မမျှဘဲဖြစ်နေတာကိုး။ ကလေးဟာလဲ ယဲ့ယဲ့ကလေး ငိုနိုင်ရှာပါတယ်။

ဒါနဲ့ ကျွန်တော်က အဲဒါလောက်ကြီးကျယ်နေတဲ့ အနာကို ကျွန်တော် မကုတတ်ဘူး၊ ဆေးရုံတက်ပါလို့ အကြံဉာဏ်ပေးရတာပေါ့။ ကလေးအမေက ဆေးရုံကို တက်တာ သုံးကြိမ်ရှိပြီတဲ့။ သက်သာသလိုရှိလိုက် ဆင်းလာလိုက်၊ တစ်ခါပြန်တက်လိုက်နဲ့။ ကြာလာတော့ ခုလို ကြီးကြီးလာတာပဲတဲ့။

နောက်ဆုံးကျွန်တော်က ကဲဒါဖြင့် ဒီလိုလုပ်ဗျာ၊ ကလေးကို ညှော် မနံစေနဲ့။ ပြီးတော့ ဟောဒီကလေးလေပုပ်ထုတ်ဆေးကလေး လွှာပွတ်ပေးလို့ ပြောခဲ့ရပါတယ်။

မှန်တာပြောရရင် အဲဒီကလေးလေး သေလိမ့်မယ်လို့ ထင်တာပါ။ အရွယ်နဲ့ အနာက မျှမှမမျှဘဲကိုး။

ဒီလိုနဲ့ ကျွန်တော် မေ့မေ့လျော့လျော့ နေလာလိုက်တာ။ တစ်ခုသော သင်္ကြန်ရက်မှာ မကွေးမြသလွန်ဘုရားရောက်ပါတယ်။ ဘုရားရင်ပြင်ပေါ်မှာ ကလေးချက်အနာဖြစ်တဲ့ ကလေးမိဘနှစ်ဦးကို တွေ့ရပါတယ်။ ကလေးလေးကိုချီလို့။ ကလေးလေးကလည်း ဂါဝန်လှလှလေးနှင့် သနပ်ခါးအဖွေးသားနှင့် ပြုံးလို့ပျော်လို့ဗျ။ ဒါနဲ့ ကျွန်တော် ဝမ်းသာအားရဖြစ်သွားတယ်။ ဩော်...ဒီကလေးလေး မသေဘဲကိုးလို့ပေါ့။ ကလေးချက်အနာကို ဘယ်လိုကုလဲ၊ ဘာနဲ့ပျောက်လဲလို့ မေးတော့၊ နဂိုအိမ်နဲ့ပျောက်တာတဲ့။ ဘယ်လိုနဂိုအိမ်နဲ့ ပျောက်တာလဲလို့မေးတော့ ကလေးအမေက စိတ်ရှည်လက်ရှည်ပြန်ပြောပြပါတယ်။

သူဟာ တစ်နေ့သောအခါ မကွေးဈေးကြီးထဲ ဈေးဝယ်သွားပါတယ်တဲ့။ ဈေးဝယ်ပြီး ဈေးကြီးတောင်ဘက်မှာရှိတဲ့ စာတိုက်ကြီးထဲ ရောက်သွားပါတယ်တဲ့။ စာတိုက်ဝင်းထဲမှာ အာလူးကြော်ရောင်းတဲ့ဆိုင်ထဲဝင်သွားပြီး အာလူးကြော်ဝယ်သတဲ့။

အာလူးကြော် ဝယ်သာဝယ်ရတယ်၊ ကလေးနဲ့ တည့်မှတည့်ပါ့မလား မသိဘူးဆိုပြီး ငြီးငြီးငြူငြူပြောတော့၊ အာလူးကြော်ရောင်းတဲ့ အမျိုးသမီးက ရှင့်ကလေးဘာဖြစ်လို့လဲ မေးတယ်။ ကလေးရဲ့ ချက်ဝမှာ အနာဖြစ်တဲ့အကြောင်း ဖြစ်ကြောင်းကုန်စင်ပြောပြ လိုက်တော့၊ ဒါများ လွယ်လွယ်လေးပါတဲ့။ နဂျီအိမ်သိလားတဲ့။ နဂျီအိမ်ကို ခွာ၊ အမှုန့်ကြိတ်တဲ့။ အဲဒီအမှုန့်နဲ့ ကလေးချက်အနာပေါ် ဖြူးပေးတဲ့။ ပြီးတော့ ခြောက်နေတဲ့နေရာကို အုန်းဆီနဲ့ ဖျော်လိမ်းပေးတဲ့။ ကျွန်မလဲဝမ်းသာအားရနဲ့ အိမ်ပြန်ပြီး သူပြောတဲ့အတိုင်းလုပ်တာပေါ့တဲ့။ ၃ ရက်အတွင်း အကောင်းပကတိဖြစ်သွားတယ်။ ဟောဒီမှာ ကြည့်ဆိုပြီး ကလေးဂါဝန်ကလေးလှန်ပြပါတယ်။ ဟုတ်ပါတယ်။ ချက်ကလေးဝန်းကျင်မှာ အကောင်း ပကတိပါဘဲ။ ကျွန်တော် သိပ်ဝမ်းသာသွားပါတယ်။

ဒါပေမယ့် ကျွန်တော်က လက်တွေ့သမားဆိုတော့ လက်တွေ့စမ်းချင်သေးတယ်။ ကလေးမြင်တိုင်း ချက်အနာကုချင်နေတာဗျ။ ကလေးချက်အနာကလဲ ရှာမှရှားဆိုတာလိုပဲ။ မတွေ့ဘူးဗျ။

ဒါ့ကြောင့် ဆရာတို့ခင်ဗျား...ဆရာတို့ ဝန်းကျင်မှာ ကလေးချက်အနာများတွေ့ရင် နဂျီအိမ်ကို အမှုန့်ပြု ကုလိုက်ကြစမ်းပါ ဆရာတို့ ခင်ဗျား။

နဂျီအိမ်ဟာ ဘာကြောင့် ကလေးချက်အနာကို ပျောက်သလဲ ဆိုတာကိုတော့–

ကျွန်တော်လဲ မပြောတတ်ပါဘူး ခင်ဗျား။

ကိုယ်စိတ်နှစ်ဖြာ ကျန်းမာ၍ ချမ်းသာကြပါစေ။

ကျွန်တော်သည် ထိုကဲ့သို့ ဆုတောင်းမေတ္တာပို့သပြီး ဟောပြောပွဲစင်မြင့်ပေါ်မှ ဆင်းလာသောအခါ ညဉ့် (၁၂) နာရီထိုးလုနီးနေပါပြီ။ ပခုက္ကူမြို့မှ တိုင်းရင်းဆေးဆရာကြီးများအနီး ရှိသေ

လေးစားစွာ ထိုင်လိုက်ပြီး ရေနွေးကြမ်းတစ်ခွက် သောက်လိုက်ပါသည်။

ထိုသို့ ရေနွေးကြမ်းသောက်နေစဉ် အသက် ၃၀ ခန့်ရှိ လူငယ်တစ်ဦး ကျွန်တော်တို့အနီး ရောက်လာပါသည်။ ထိုလူငယ်က–

'ဆရာဦးဝင်းမြင့်ခင်ဗျား ကျွန်တော်ဟာ ရေစကြိုမြို့နယ် မအူရွာက ကျောင်းဆရာအောင်မြင့်ဖြစ်ပါတယ်၊ တိုင်းရင်းဆေးပညာကို ကျွန်တော် ဝါသနာပါလွန်းလို့ လာရောက် တက်ရောက်ခြင်းဖြစ်ပါတယ်'

'ဟုတ်ကဲ့ခင်ဗျာ ဝမ်းသာပါတယ်၊ ဂုဏ်ယူပါတယ်'

'ကျွန်တော့်ကို နည်းနည်းကလေး ဆွေးနွေးခွင့်ပြုစေလိုပါတယ်'

'ရပါတယ်ဗျာ၊ ပြောပါ ထိုင်ပါဦးဗျာ'

ဆရာဦးအောင်မြင့်က မထိုင်ပါ။ မတ်တတ်ရပ်လျက်မှပင်

'စောစောပိုင်းက ဆရာဦးဝင်းမြင့် ဟောပြောပို့ချသွားတဲ့ အထဲမှာ နဂျီအိမ်နဲ့ ကလေးချက်အနာပျောက်ကြောင်း မှတ်လိုက်ရပါတယ်။ ကျွန်တော်တို့အဖို့ အင်မတန် အဖိုးတန်တဲ့ ဆေးမြီးတိုကောင်း တစ်ခုပါပဲ။ မခြွင်းမချန် အခုလို ဖွင့်ဟ ပို့ချသွားတာကျေးဇူးအထူးတင်ပါတယ်'

'ရပါတယ်ဗျာ'

'ကျွန်တော်ဆွေးနွေးချင်တာက ဒီလိုပါဆရာ နဂျီအိမ်နဲ့ ကလေးချက်အနာပျောက်တယ်၊ ဘာကြောင့်ပျောက်တယ်ဆိုတာ ဆရာမပြောတတ်ဘူးဆို'

'ဟုတ်ကဲ့ဆရာ ကျွန်တော် မပြောတတ်ပါဘူး'

'ဆရာသိရင်ပြောဗျာ'

'ဒီလိုပါဆရာ ရှည်ရှည်ဝေးဝေး သိပ်တွေးမနေပါနဲ့ နဂျီကောင်လေးရဲ့ 'သွားရည်' တံထွေးကလေးသတ္တိကြောင့်ပါဆရာ'

ဆရာဦးအောင်မြင့်၏ အတွေးအမြင်ကလေး ကျွန်တော်ကြားလိုက်ရသောအခါ ကျွန်တော့်ခေါင်းထဲ ဝင်းခနဲလက်သွားသော အသိဉာဏ်ကလေးတစ်ခု ရုတ်ချည်း ရောက်ရှိလာပါတော့သည်။

'ဟုတ်လိုက်လေ ဆရာဦးအောင်မြင့်ရယ် ကျွန်တော် သဘောပေါက်သွားပြီဗျို့, ကျွန်တော်တို့ ပျားရည်ဆိုတာ ပန်းဝတ်ရည်က ရတယ်လို့ပြောပါတယ်။ ဒါဖြင့်ရင် သိပ္ပံပညာတွေ သိပ်ထွန်းကားတိုးတက်နေတာပဲဗျာ၊ သိပ္ပံပစ္စည်းကိရိယာတွေနဲ့ ပန်းဝတ်ရည်ကနေ တစ်ခါတည်း ပျားရည်ထုတ်လိုက်ပါတော့လား၊ ဘာဖြစ်လို့ ဒုက္ခခံပျားမွေးနေရသေးလဲ။ ကျွန်တော်သဘောပေါက်ပြီဆရာ။ ပန်းဝတ်ရည်ရယ်၊ ပျားကောင်လေးရဲ့သွားရည် (တံထွေး)ပေါင်းစပ်မှသာ အဖိုးတန်တဲ့ ပျားရည်ဖြစ်တာကိုး။ ဝတ်မှုန်နဲ့ပျားရည်ပေါင်းစပ်မှ ...'

'ဟုတ်ပါတယ်ဆရာ'

'ကျေးဇူးတင်လိုက်တာ ဆရာရယ်'

'ကျွန်တော်သည် ပြောပြောဆိုဆိုနှင့် ဆရာ ဦးအောင်မြင့်၏ လက်ဆွဲ၍ အားရပါးရ ဆုပ်ကိုင်မိပါတော့သည်။ ထိုနေ့ညက ပျော်လိုက်သည့်ဖြစ်ခြင်း။

## (၄)

ထိုနေ့ ထိုရက်မှ သတ္တဝါများ၏ 'သွားရည်''တံထွေး' တို့ကို တန်ဖိုးထား၍ လေ့လာရပါတော့သည်။ ငှက်သိုက်လည်း ပါ၏။ ငါးကြီးအန်ဖတ်လည်းပါသည်။

ပြီးတော့ နဂါးအိမ်နှင့်ကလေးချက်အနာကို လက်စွမ်းပြကုသနေချင်သည်မှာ ဟန်တပြင်ပြင်'။ ကုချင်ပါမှ ကလေးချက်အနာဖြစ်သူကလည်း ရှားပါဘိခြင်း။ ဆယ်နှစ် ဆယ်နှစ်နှစ်သာကြာရော။ တစ်ယောက်မျှ မတွေ့။

သည်လိုနှင့် ရက်လ အလီလီ ကြာလာခဲ့ပါပြီ။

တစ်နေ့သောအခါ။

ကျွန်တော်သည် ရန်ကုန်သို့ရောက်၏။ ထုံးစံအတိုင်း အမှတ် (၁၆၂)။ ပထမထပ် ၃၂ လမ်းရှိ အစ်ကိုကြီး ဦးသောင်းဖေ အိမ်မှာ တည်း၏။

ကျွန်တော်ရန်ကုန်ရောက်သည်ဟု ကြားလျှင် ကြားချင်း တိုင်းရင်းဆေးကို အရေးထားအားထားကြကုန်သော ကျွန်တော့် မိတ်ဆွေများ တဖွဲဖွဲ ရောက်လာလေ့ရှိပါသည်။

ထိုမိတ်ဆွေများအထဲ အမှတ် ၅၄၊ အခန်းနံပါတ် (၈)၊ဖဆပလ တိုက်တန်း၊ ကန်တော်ကလေးနေ ဒေါ်ကြည်ကြည်လည်း ရောက်လာ၏။

ဒေါ်ကြည်ကြည်သည် အသက် ၆၉ နှစ်ရှိပါပြီ။ မော်လမြိုင်သူဖြစ်၏။ ပိန်ပိန်ပါးပါး၊ အသားဖြူဖြူနှင့် ကျန်းမာရေးကောင်းလိုက်သည်မှ ဒေါင်ဒေါင်မြည်။

သို့သော် သူမွေးထားသော သားသမီးများကတော့ ချူချာလှသည်။ သားသမီးတွေကလည်း ခေတ်ပညာတတ်၊ အရာရှိ၊ အရာခံတွေ များ၏။

ဒေါ်ကြည်ကြည်သည် ကျွန်တော်ဖော်သော ဆေးကို ယုံယုံကြည်ကြည်နှင့် သုံးစွဲလာသည်မှာ ကြာပြီ။ နောက်ဆုံးတော့ ဘာဖြစ်ဖြစ် ကျွန်တော့်ဆေးမှ စားတော့သည်။

ယနေ့နံနက်တွင် ဒေါ်ကြည်ကြည်သည် ပြုံးရွှင်သောမျက်နှာထားဖြင့် ရောက်လာ၏။

'ဆရာ ရောက်နေတယ်ကြားလို့ ရောက်တာကြာပြီလား'

'ဟုတ်တယ် ဒေါ်ကြည်ကြည် တစ်ပတ်လောက် ရှိသွားပြီ၊ ကလေးတွေကော နေကောင်းကြရဲ့လား၊ မြန်မာ့အသံက ဒေါ်ကြည်ကြည်သမီး ဒေါ်မေဇင်ပြုံးတို့ကော နေကောင်းရဲ့လား'

'ဟုတ်ကဲ့ဆရာ နေကောင်းပါတယ်၊ ဒါပေမယ့် မြေးတစ်ယောက် အနာမပျောက်နိုင်ဘဲ ဖြစ်နေလို့'

'အနာဘယ်မှာ ဖြစ်တာလဲဒေါ်ကြည်ကြည်'

'ကလေးချက်မှာ ဆရာရဲ့'

'ဗျာ...ကလေးချက်မှာ ဟုတ်လား၊ အမယ်လေးဗျာ ဝမ်းသာလိုက်တာ။ကလေးချက်အနာကုချင်နေတာ ကြာပြီဗျ၊ ဘယ်လောက်ကြာပြီလဲဆိုရင် ၁၂ နှစ်လောက် ရှိပြီ၊ ဟားဟား ဟား'

ကျွန်တော်က မထိမ်းနိုင် မသိမ်းနိုင် ဝမ်းသာအားရပြောလိုက်

သောအခါ အဒေါ် ဒေါ်ကြည်ကြည်သည် ကျွန်တော့်အနားထိုင်နေရာမှ မသိမသာကလေး နောက်ဆုတ်သွား၏။

ပြီးတော့ သည်ဆရာ ဘယ်လိုဖြစ်သွားပါလိမ့်ဟူသော အကြည့်နှင့်။

'အဲဒီကလေး အခု ဘယ်မှာလဲဟင်'

'ကမာရွတ်မှာပါ ဆရာ'

'အေးဗျာ ပျောက်ပါတယ်ဗျ၊ တခြားဘာဆေးမှ လုပ်မနေနဲ့၊ နဂါးအိမ်ကို အမှုန့်ကြိတ်၊ အမှုန့်ကို ချက်အနာပေါ် ဖြူးပေးလိုက်၊ ခြောက်နေတဲ့နေရာကို အုန်းဆီနဲ့ ဖျော်လိမ်းပေးဗျ'

'ဟုတ်ကဲ့ဆရာ'

'ကလေးချက်အနာဖြစ်တာ ဘယ်လောက်ကြာပြီလဲဗျ'

'ကြာပြီဆရာ သူတို့ ဆေးမျိုးစုံနေပြီဘယ်လိုမှ ကုမရမှန်း ကျွန်မသိတာ'

'ဟုတ်ကဲ့ဗျာ နဂါးအိမ်နဲ့ စိတ်ချလက်ချသာလိမ်းပေး ဖြူးပေးဗျို့'

အဒေါ်ဒေါ်ကြည်ကြည် ပြန်သွား၏။

သုံးရက်ခန့်ကြာသောအခါ ဒေါ်ကြည်ကြည်ရောက်လာပြန်၏။

'ဘယ့်နှယ်လဲအဒေါ် ဒေါ်ကြည်ကြည် ကလေးချက်အနာ ပျောက်ပြီလား'

'ကျွန်မသမီးနဲ့ သားမက်က နဂါးအိမ်ဆိုတာ မြေကြီးတွေတဲ့ ကလေးချက်အနာထဲထည့်ရင် မေးခိုင်ပိုးဝင်မှာတဲ့'

'ဟောဗျာ ဒုက္ခပါဘဲ၊ ဒီမှာ အဒေါ် စိတ်ချ ဘာမေးခိုင်ပိုးမှ မဝင်စေရဘူး၊ ကျွန်တော် အာမခံတယ်'

'အဲဒါ ဆရာ့ကို ထပ်မေးကြည့်စမ်းပါဦး ဆိုလို့'

'စိတ်ချပါဗျာ ရဲရဲသာလုပ်ပါ ပျောက်စေရပါမယ်'

'ကောင်းပါပြီဆရာ ကျွန်မပြောပြပါဦးမယ်'

ဒေါ်ကြည်ကြည်ကို စိတ်ချယုံကြည်အောင် လွန်ခဲ့သော ၁၂ နှစ်က နဂါးအိမ်နှင့်ပျောက်သော အတွေ့အကြုံကလေးကို ရှည်ရှည် ဝေးဝေးကလေး ပြောပြလိုက်ပါသည်။ ဒေါ်ကြည်ကြည်က—

'အင်း ဆရာတို့များ မှတ်ဉာဏ်သိပ်ကောင်းတာပဲနော် ဘာဖြစ်လို့ဆိုရင် မေးလိုက်တာနဲ့ချက်ချင်း ဆေးနည်းပြောနိုင်တာပဲ'

'ဟဲ ဟဲ ဆေးဝါးနဲ့ ပတ်သက်လာရင် မှတ်မိတယ်ဗျ၊ အဲ ကျွန်တော့်မှာ သားသမီး ၇ ယောက်ရှိတယ်၊ အငယ်ဆုံး သား ၂ ယောက် ဘယ်နှစ်တန်းရောက်ပြီလဲလို့မေးရင် ကျွန်တော် မဖြေတတ်ဘူးဗျ'

'ဟောတော့'

(၅)

ဟော ယခုတစ်ဖန် ကျွန်တော် မကွေးမှ ရန်ကုန်သို့ ခရီး ထွက်ခဲ့ရပြန်ပါပြီ။ ထုံးစံအတိုင်း နံနက်စောစောထ ဘုရားရှိခိုးပြီး လမ်းထဲဆင်း လာခဲ့၏။ လမ်းထိပ်သို့ရောက်သောအခါ–

ကန်တော်ကလေး ဖဆပလတိုက်တန်းနေ အဒေါ် ဒေါ်ကြည် ကြည်၏သမီး ဒေါ်မပြုံးခိုင်ကို တွေ့ရ၏။ ဒေါ်မပြုံးခိုင်သည် မြန်မာ့အသံ အမှုထမ်းဖြစ်ပြီး အသက် ၃၇ နှစ် ၃၈ နှစ်ခန့်ရှိပါပြီ။

'ဟော ဆရာ ဘယ်သွားမလို့လဲ'

'လမ်းလျှောက်ထွက်လာတာ'

'ကျွန်မ ဆရာ့ဆီကိုလာတာ'

'ဟုတ်လား ဒါဖြင့် လာဗျာ'

'ညေ့်ခန်းသို့ ရောက်၍ ထိုင်ကြသောအခါ–

'ဘယ့်နှယ်လဲအဒေါ် ဒေါ်ကြည်ကြည် နေကောင်းရဲ့လား'

'ဟုတ်ကဲ့ နေကောင်းပါတယ်'

'ကမာရွတ်က ချက်အနာဖြစ်တဲ့ကလေးကော'

'ပျောက်သွားပြီဆရာ'

'ဟုတ်လား ဝမ်းသာလိုက်တာဗျာ'

'ကျွန်တော်သည် ဝမ်းသာအားရ လှိုက်လှိုက်လှဲလှဲပြောလိုက်

မိပါသည်။

အဘယ် ဝမ်းမသာဘဲ ရှိအံ့နည်း။ ရန်ကုန်မြို့၌ ပညာရှင်တွေ ပေါပါဘိခြင်း။ ကမ္ဘာပေါ်ရှိ ဆေးဝါးမျိုးစုံ ရန်ကုန်မှာဝယ်၍ရ၏။

ခေတ်ပညာတတ်များ ဝန်းကျင်၌ ခေတ်မီ ဆေးဝါးများနှင့် ကုသ၍ မရသော ကလေးချက်အနာကို မကြွေးမှ မြန်မာဆေးဆရာ လေးတစ်ယောက်က တစ်ပြားတစ်ချပ်မှ မပေးရသော နဂါးအိမ်နှင့် ပျောက်သွားသောအခါ သူတို့ ဝမ်းသာအံ့သြ ဖြစ်သလို ကျွန်တော် လည်း ဝမ်းသာ ဂုဏ်ယူပါသည်။

'အမေက ဆရာ့ကို သွားပြောလိုက်ပါဦးဆိုလို့'

'အေးဗျာ သိပ်ကျေးဇူးတင်တယ်ဗျာ'

'ဟာ ဆရာကလဲကျွန်မတို့က ကျေးဇူးတင်ရမှာပါ'

'တကယ်ပြောတာဗျ ကျွန်တော်က ကလေးချက်အနာကို ကုချင်လွန်းလို့ လူနာစောင့်မျှော်နေတာ ဆယ်နှစ် ဆယ့်နှစ်နှစ် ကြာပြီဗျ၊ ခုမှ လက်တွေ့စမ်းရလို့ ဝမ်းသာနေတာ။ ဒါကြောင့် ခိုင်ခိုင်မာမာ မှတ်တမ်းတင်လို့လဲရပြီ၊ နောင်းလူတွေအတွက် လက်ဆင့်ကမ်းလို့ လဲရပြီပေါ့၊ ဝမ်းသာတယ်ဗျာ၊ ကျေးဇူးလဲတင်တယ်'

ကျွန်တော်သည် ပြောပြောဆိုဆိုနှင့် ကျွန်တော်၏ ဆေးကု မှတ်တမ်း ဒိုင်ယာရီထဲခုနှစ် ရက်စွဲ၊ နေရပ်လိပ်စာများနှင့်တကွ မှတ်တမ်းရေးလိုက်စဉ် ကျွန်တော်၏အနီး၌ ကျုံ့ကျုံ့ကလေးထိုင်နေ သော ဒေါ်မပြုံးခိုင်၏ နုတ်ခမ်းနီရဲရဲကလေးသည် ဝလုံးလေး သဏ္ဌာန်ဖြစ်လျက် 'ဟောတော့' တဲ့။

* * *

## ဆေးသမားဘဝ

## (၁)

တစ်နံနက်ခင်း။

စာရေးသူသည် အိမ်ရှေ့တွင်ရှိသော ဂမုန်းပင်နှင့်ပန်းပင်များကို ရေလောင်းအပြီး လက်ဖက်ရည်ကြမ်းတစ်အိုးဖြင့် နံနက်ခင်း၏ရှုခင်းများကို ငေးမောကြည့်နေမိပါသည်။

ထိုစဉ် ဈေးထွက်ရန် အိမ်ရှေ့မှ ဖြတ်လျှောက်လာသော မိတ်ဆွေဇနီးမောင်နှံက–

မင်္ဂလာနံနက်ခင်းပါ ဆရာ'

'ဟုတ်ကဲ့ဗျာ မင်္ဂလာပါ'

'ဦးဝင်းမြင့်ကတော့ ဘယ်တော့ ကြည့်လိုက် ကြည့်လိုက် စည်းစိမ်အပြည့်ပဲ ငြိမ့်နေတာပဲ'

'ဟုတ်တာပေါ့ မှန်ပေါ် ဂျင်လှည့်ထားတဲ့အတိုင်းပဲ ဟဲ ... ဟဲ ..ဟဲ'

သူတို့ ဇနီးမောင်နှံက အတိုင်အဖောက်ညီညီနှင့် နှုတ်ဆက်သွားကြ၏။ ကျွန်တော်က ထုံးစံအတိုင်း ပြုံး၍ ကျန်ရစ်ခဲ့ပါသည်။

မကြာမီအိမ်သူက ထမင်းကြော်နှင့် ပဲပြုတ်လာချ၏။ ထိုစဉ် အိမ်နီးနားချင်းမိတ်ဆွေ ဦးဌွကြီး ရောက်လာသည်။ ဦးဌွကြီးသည် ဆီစက်ပိုင်ရှင် ဖြစ်ပါသည်၊ အသက်အားဖြင့် ၆၀ ကျော် ရှိပါပြီ။ သူသည် ပျော်ပျော်နေတတ်သူပီပီ–

'ဝင်းမြင့်တို့ကတော့ဟော့ တယ်ဇိမ်ကျတာကိုး ရေနွေးကြမ်းကလေးသောက်လိုက် စာကလေး ရေးလိုက်နဲ့ ဟဲဟဲ...ဟဲ'

ကျွန်တော်သည် ပြုံးပြရုံမှတစ်ပါး ဘာမျှ ချေပပြောဆိုခြင်း မပြုပါ။ ဪ...သူတို့က ဆေးဆရာဘဝ အတွင်းကျကျ မသိဘဲကိုး ဟု စိတ်ထဲမှ အောက်မေ့မိ၏။

ဆေးဆရာဘဝဆိုသည်မှာ–

(၂)

ချမ်းအေးလှသော ဟေမန္တ ဆောင်းရာသီ။

စာရေးသူတို့ မကွေးမြို့သည် ပူလျှင် ဆွေ့ဆွေ့ခုန်အောင် ပူ၍ အေးပြီဟော့ဆိုလျှင် ခိုက်ခိုက်တုန်အောင် အေးတတ်ပါသည်။ ချမ်းအေးလှသော ဆောင်းတစ်ညဉ့်။

'ဆရာ ဦးဝင်းမြင့် ဗျို့ ဆရာ ဦးဝင်းမြင့်'

စာရေးသူသည် စောင်ခြုံထဲမှ အသံမြင့်၍ ထူးလိုက်၏။

'အိပ်ပြီလားဆရာ'

'မအိပ်သေးပါဘူး'

အိပ်ရာထဲမှ ထလိုက်သောအခါ အအေးဓာတ်က ဣန္ဒြေမဆည်နိုင်အောင် နှိပ်စက်ပါတော့သည်။

တံခါးဖွင့်လိုက်သောအခါ တံခါးဝ၌ စောင်ခြုံထားသော လူနှစ်ယောက်ကို တွေ့ရ၏။

'ဆရာ...ကျွန်တော့်အမျိုးသမီးပါ နေမကောင်းလို့ လိုက်ကြည့်ပေးပါဦးဆရာ'

'ဘယ်ကိုလိုက်ကြည့်ရမှာတုန်း'

'ကန်သာရပ်ထဲမှာပါဆရာ ဆရာ့ကိုပင့်ဖို့ ဆိုက်ကားလဲတစ်ခါထဲခေါ်လာပါတယ်'

ကျွန်တော်သည် နာရီကို ကြည့်လိုက်တော့ ညဉ့် ၁၁ နာရီထိုးတော့မည်။ ကျွန်တော်က ဆေးလွယ်အိတ်ကို ပြင်ဆင်နေစဉ်

အိမ်သူက သားအကြီးကို အဖော်ခေါ်သွားဟု ဆို၏။

'ကျွန်တော်တို့ ဆရာ့ကို ပြန်ပို့ပေးပါ့မယ် ဆရာကတော်' ဟုဆို၍ သားကို အဖော် မခေါ်တော့။

ဆိုက်ကားနှင့် နာရီဝက်သာသာ သွားယူရ၏။ လူမမာ၏ အိမ်ရှေ့ရောက်တော့ ဝင်းတံခါးဖွင့်ပေး၏။ အိမ်က နှစ်ထပ်အိမ်ဆို တော့ အပေါ်ထပ်တက်ရ၏။ အပေါ်ထပ်ကုတင်ပေါ်ဝယ် အသက် ၃၀ ခန့်ရှိ အမျိုးသမီးတစ်ဦး အလူးအလဲ ဖြစ်နေသည်။ ဖြစ်ပုံပျက်ပုံ အလုံးစုံကို မေးရ၏။ လူမမာသည် ညနေက ရေချိုးလိုက်သည် ဆို ၏။ ပြီးတော့ ပုန်းရည်လဲစားသည်ဟု ဆို၏။ လူမမာသည် သွေး ပေါ်နေတုန်း ခေါင်းလျှော် ရေချိုးမှားခြင်းဖြစ်ကြောင်း သိရသည်။

'အေးဗျာ အဲဒီအကြောင်း အခွင့်အခါကြုံတိုင်း စာထဲလည်း ထည့်ရေးပါတယ်။ အမျိုးသမီးလူနာတွေနဲ့ ဆုံတိုင်းလဲတဖွဖွ ပြောပါ တယ်။ သွေးပေါ်နေတုန်း ခေါင်းမလျှော်ရဘူး ရေမချိုးရဘူးဗျ၊ ကျွန်တော့်မှာလဲအရွယ်ရောက်နေတဲ့ သမီးတွေရှိတယ်၊ သူတို့ အနေ အထိုင် မမှားရအောင် နံရံမှာ သတိပေးစာတန်းတွေရေးထားတယ်'

**သွေးပေါ်နေတုန်း ချဉ်စားသုံး**

**လုံးလုံးသေတတ်သည်။**

အဲဒီလိုကို ရေးထားတာ မရေးလို့ မဖြစ်ဘူးဗျ၊ ဒါ အသက် အန္တရာယ် ကိစ္စလေ'

လူမမာ၏ အနီး၌ အိမ်နီးနားချင်းများ ထင်ပါရဲ့။ ဆယ်ယောက် ထက်မနည်း ရှိနေကြသည်။ မြန်မာ့ဓလေ့ထုံးစံပါပဲလေ။ တစ်စုံတစ် ယောက်နေထိုင်မကောင်း အလူးအလဲဖြစ်နေလျှင် အိမ်နီးနားချင်းများ မျက်လုံးပြူး မျက်ဆံပြူးနှင့် ဝိုင်းလာလေ့ရှိပါသည်။

ဘယ်သူတုန်းက ဘယ်ဆရာက ဘယ်ဆေးပေးတာ တစ်ခွက် တည်းနှင့်ပျောက်ရော စသည်ဖြင့် ဆေးပေးမီးယူနှင့် လုပ်တတ်ကြပါ သည်။

ဆေးပေါ့လိပ်ကြီး တစ်ငေါ့ငေါ့နှင့် ဆေးဆရာကို အကဲခတ် နေသော အဘွားကြီးများလည်း တွေ့ရ၏။

ကျွန်တော်သည် အသင့်ပါလာသော တိုင်းရင်းဆေးအမှတ်

(၁၇) သွေးဆေးနီကြီးတစ်ခွက်ကို တိုက်လိုက်၏။ ထို့နောက်လူနာရှင်ကို တမာခေါက်ခွာပေးစမ်းပါဟု ပြောလိုက်ရ၏။

'ဒီဆရာကလဲတော် ညကြီးမင်းကြီး အရေးထဲမှာ တမာခေါက်အခွာခိုင်းရတယ်လို့ ခုဘဲ၁၁ နာရီထိုးနေပြီမဟုတ်လား ဖြစ်ပါ့မလားဟဲ့'

မိန်းမကြီးတစ်ယောက်က မကြားတကြားပြော၏။ ကျွန်တော်က မကြားဟန်ဆောင်နေလိုက်ရ၏။ လူမမာသည် ဆောက်တည်ရာမရ ဖြစ်နေပါသည်။ နာရီဝက်ခန့်ကြာသောအခါ–

'တမာခေါက် ရပြီလား'

ကျွန်တော်ကမေးတော့–

'သွားတုန်းဆရာ ပြန်မလာသေးဘူး'

'တမာခေါက် ရလာရင် ကျိုရမယ် အဆင်သင့် မီးပျိုးထားပါ'

'ဟုတ်ကဲ့ဆရာ'

မကြာမီတမာခေါက် သွားခွာသူ ရောက်လာသည်။ ကျွန်တော့်ရှေ့လာချ၏။ တမာခေါက် လတ်လတ်ဆတ်ဆတ် ခွာလာ၏။ တမာခေါက်နံ့ သင်းပျံ့နေ၏။ တမာခေါက် ၁၀ သားလောက်ကို ယူ၍ အကျိုခိုင်းလိုက်ရပါသည်။

နာရီဝက်ခန့်အကြာ တမာခေါက်ပြုတ်ရည်ကို မတ်ခွက်နှင့် ထည့်ယူလာ၏။ တမာခေါက်ပြုတ်ရည်ကို အချိုပန်းကန်တစ်ဝက်သာသာထည့်၍ ဆားအနည်းငယ် ထည့်လိုက်သည်။

'ရော့ အဲဒါ ပူပူလေးသောက်လိုက်'

လူမမာသည် ကျွန်တော်ပေးသော တမာခေါက်ပြုတ်ရည်ကို တုန်တုန်ရီရီနှင့် လှမ်းယူရင်း မှုတ်၍ တစ်ကျိုက်မျှသောက်ရာ ခါးလွန်း၍ ရှုံ့မဲ့သွားပါသည်။

'ဟင့်အင်း ဒါကြီး မသောက်ချင်ဘူး'

'မသောက်ချင်လို့ မဖြစ်ဘူးလေ'

'ဟင့်အင်း... ဟင့်အင်း မသောက်ချင်ဘူး'

'သောက်ရမှာပဲ မသောက်ချင်လို့ မရဘူးဗျ'

'တခြားဆေး မပါဘူးလားဆရာ'

'တခြားဆေးတိုက်လို့ မရဘူးလေ ဒါဟာ ခုခင်ဗျား ဖြစ်နေတဲ့ရောဂါနဲ့ အတည့်ဆုံးပဲ'

သည်နေရာမှာ ဆရာက အလျှော့ပေး၍ မရပါ။

မည်သည့်ဆေးတွေ မည်မျှပင်ကောင်းကောင်း လူမမာ ခံစားနေရသော ရောဂါအတွက် တမာခေါက်ပြုတ်ရည်နှင့် ဆားလောက် မကောင်းပါ။ အစွမ်းမထက်နိုင်ပါ။ ထို့ကြောင့်လည်း ရှေးက သမားတော်ကြီးများက –

သွေးပေါ်နေတုန်းချဉ်စားသုံး
လုံးလုံးသေတတ်သည်။
တမာခေါက်ဆား
ပြုတ်သောက်ငြား
ပျောက်ကား မခက်ပြီ ဟူ။

ထို့ကြောင့် ဝေဒနာရှင်ကို တမာခေါက်နှင့်ဆား တိုက်နေခြင်းဖြစ်ပါသည်။ သောက်ပြီးများမကြာမီမှာပင် လူမမာနေသာထိုင်သာရှိလာပြီး နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်သွားပါသည်။ နာရီကြည့်လိုက်တော့ ညဉ့် ၂ နာရီရှိပြီကော။

စောစောက လူမမာအနီး ဝိုင်းဝိုင်းလည်နေသော ပရိသတ်များလည်း မရှိကြတော့ပါ။

'ကဲ...ကျွန်တော်ပြန်တော့မယ်'

'ကျေးဇူးတင်ပါတယ် ဆရာ ကျွန်တော်တို့ ဆရာ့ကို လိုက်ပို့မှာပါ'

ကျွန်တော်သည် အပေါ်ထပ်မှ အောက်ထပ်သို့ ဆင်းလာသောအခါ လှေကားရင်း၌ ချွတ်ထားခဲ့သော ကျွန်တော့်ဖိနပ် မရှိတော့ပါ။

'ဟော ..ဖိနပ်ကော'

'ဟော့ ဆရာ့ ဖိနပ်ကော'

'လက်နှိပ်ဓာတ်မီးတစ်လက်ဖြင့် ရှာကြဖွေကြသည်။ မတွေ့ပါ။

'ကဲပါလေ မတွေ့လဲ ဘယ်တတ်နိုင်မှာလဲ'

'အားနာလိုက်တာ ဆရာရယ်'

'ဟဲ့ ပုတူးမ ဆရာ့ကို ဆေးဖိုးဝါးခ ကန်တော့ဖို့ ငါ့သော့ရှာစမ်း'

'အမေ့သော့ အမေပဲကိုင်တာပဲဟာ'

'သော့ရှာစမ်းပါဆို ဒီကောင်မလေးနှယ်'

'ကဲပါ သော့မတွေ့လဲ ရှာမနေပါနဲ့တော့ ကျွန်တော်ပြန်တော့မယ်နော်'

'ဆိုက်ကားရော ဆိုက်ကားဆရာ ရှာပါဦးဟ'

ဆိုက်ကားဆရာသည် အိမ့်အောက်ထပ် ကွပ်ပျစ်ပေါ်ဝယ် ချမ်းရာလွှန်း၍ ကွေးကွေးကလေး ပုဆိုးခြုံ၍ အိပ်ပျော်နေပါသည်။ ဆိုက်ကားဆရာကို လှုပ်နှိုးပြီး အိမ်သို့ ပြန်ခဲ့ရ၏။

အိမ်ရှေ့ရောက်တော့ ကျွန်တော်ပြန်အလာကို စောင့်နေကြသော အဘွားအိုနှင့်လူငယ်တစ်ယောက်ကို တွေ့ရပါသည်။

'အမယ်လေး ဆရာရယ် ကျွန်မမြေးကို ကယ်ပါဦး'

ဆိုက်ကားပေါ်မှ အဆင်း ကျွန်တော့် ခြေသလုံးကို ဖွတ်ဖက်ပါတော့သည်။

'အဒေါ် မြေးက ဘယ်လိုဖြစ်လို့လဲအဒေါ်'

ချွဲတွေကျပ် ရင်တွေ တအားကျပ်နေပါတယ်ဆရာ ဘုရား ဘုရား'

'အဒေါ့်မြေးက ဘယ်မှာလဲ'

'အိမ်မှာပါဆရာ အခု ဆရာ့ကို ညတွင်းချင်း လာပင့်တာက ဆရာမှ ခုည လိုက်မလာရင် သေမှာပါဆရာ'

ယခု ညကြီးမင်းကြီး သူ့မြေးကို လိုက်မကုလျှင် သေပါတော့မည်ဟု အရေးဆိုလာပါတော့၏။ ဆေးဆရာပဲလေ ဘယ်အချိန်ဘယ်ကာလမဆို လူနာလာပင့်လျှင် လိုက်ရမည်ပေါ့။ သို့သော် လိုက်တာကဟုတ်ပါပြီ။ ခြေထောက်မှာ ဖိနပ်က မပါပြီ။ ထို့ကြောင့် အိမ်သူကို လှမ်းပြောရ၏။

'မိန်းမရေ သားအကြီးကောင်ဖိနပ် ယူခဲ့စမ်းပါဦးကွ ဖိနပ်ပျောက်လာလို့'

'ဟောတော့ ဆေးကုသွားတာ ဖိနပ်ပျောက်ရတယ်လို့၊ သားရေ

ဖိနပ်တစ်ရံ ၁၈ဝိ ဖြစ်နေပြီတော့'

'အေးပါကွာ အရေးထဲ ဖိနပ်ဈေးနှုန်းပြောမနေစမ်းပါနဲ့'

ကျွန်တော်သည် သားအကြီးကောင်၏ဖိနပ်ကို စီးလျက် ငိုငို ရယ်ရယ်ဖြစ်နေသော အဘွားကြီးနောက် လိုက်ခဲ့ပါတော့သည်။နာရီ ကြည့်လိုက်တော့ မနက် ၄ နာရီထိုးလုပြီကော။

'မြန်မြန်လေးဆရာ မြန်မြန်လေး'

အဘွားကြီးက ရှေ့မှ တွင်တွင်သွား၍ ကျွန်တော်က နောက်မှ သုတ်သုတ် ပြေးလိုက်ခဲ့ရပါသည်။

ကျွန်တော်အိမ်ထဲဝင်လိုက်တော့ အသက် ၂၀ ခန့်ရှိကလေး အမေဖြစ်သူသည် ကလေးငယ်ကို ထွေးပိုက်လျက် တရှုံ့ရှုံ့ငိုနေပါ သည်။

'ကလေး ဘယ်လိုဖြစ်လို့တုန်း'

'ညနေက အကောင်းပဲဆရာ ညဦးကမှ ရင်တွေ တအား ကျပ်လာတာ'

'ကလေးအမေက မတည့်တာတွေ စားတယ်နဲ့ တူတယ်'

'ကျွန်မ စားတာနဲ့ ဘာဆိုင်လို့လဲဆရာ'

'ဆိုင်တာပေါ့ဗျာ ကလေးက မိခင်နို့စို့တာ မဟုတ်လား မိခင်နို့ရည်ထဲမှာ မအေစားသမျှ အမှားတွေ ကလေးခံရတယ်၊ ပြောစမ်းပါ ဦး ဘာတွေ စားမိလဲ'

'ကျွန်မ ဝက်သားနဲ့ ဘူးသီးဟင်းစားပါတယ်၊ ပြီးတော့ ချဉ်ပေါင်ရွက်နဲ့ မျှစ်ကြော်'

'အင်း ..ဒါကြောင့်ကလေးရင်ကျပ်တာ'

'ခုကာလ သားသမီးတွေ ဘာမှ နားမလည်ပါဘူး ဆရာရယ် ငယ်ငယ်ရွယ်ရွယ်နဲ့ လင်ယူသားမွေးဖို့ပဲ တတ်ကြတယ်၊ ကလေး ကျတော့ ပြုစုတတ်တာ မဟုတ်ဘူး'

အဘွားကြီးက မြည်တွန်တောက်တီးနေပါတော့သည်။

'အဒေါ် ဇီယာရွက်ရှိလား'

'မရှိဘူးဆရာ'

'ဒါဖြင့် ပင်စိမ်းရွက်ကော'

'မရှိဘူး'

'ဒါဖြင့်ရင် ကျွန်တော့်အိမ် သွားပူခိုင်းပါ ပင်စိမ်းရွက် ၁၀ ရွက်လောက်ဆို ရပါတယ်'

ကျွန်တော်၏အိမ်သူသည်လည်း ဆေးဆရာကတော်ဖြစ်ရတာ ဖိမ်မရှိပါ။ ညကြီးသန်းခေါင် ဆေးထပေးရ၏။ လှျက်ဆား ထရောင်းရင်း ယခုလည်း အိမ်ဝင်းအတွင်း၌ စိုက်ထားသော ပင်စိမ်းရွက်အိပ်မှုံစုံမွှားနှင့် ထခူးပေးရချေဦးမည်။

မကြာမီ ပင်စိမ်းရွက်များ ရောက်လာ၏။ပင်စိမ်းရွက် ၄ – ၅ ရွက်ကို ချေ၍ သတ္တုရည်ညှစ်ပြီးလျှင် သိန္ဓောအနည်းငယ်ထည့်ကာ ကလေးငယ်ကို တိုက်စေ၏။ လျှာကိုလည်း မကြာခဏ ပွတ်ခိုင်းပေးစေ၏။ မကြာမီကလေးငယ် ချွဲချောင်၍ အိပ်ပျော်သွားပါသည်။

နာရီကြည့်လိုက်တော့ နံနက် ငါးနာရီထိုးပြီ။

'ကောက်ညှင်းပေါင်း'

'ပဲပြုတ်.... ပဲပြုတ်'

အဒေါ်ကြီးသည် မြေးငယ် နေကောင်းသွား၍ ဝမ်းမြောက်ရွှင်လန်း ပေါ့ပါးစွာဖြင့် ကောက်ညှင်းပေါင်း ဝယ်၏။ ကောက်ညှင်းပေါင်းပူပူအညာဆီမွှေးမွှေးကလေးဖြင့် ကျွန်တော့်အား ကျွေး၏။

ကျွန်တော်သည် ဆာဆာနှင့် ကောက်ညှင်းပေါင်းတစ်ဝကြီးစား လိုက်ပါသည်။ ရေနွေးကြမ်းတစ်အိုးမျှသောက်အပြီး–

'ကဲ–အဒေါ် ကျွန်တော်ပြန်တော့မယ်'

'ဟုတ်ကဲ့ဆရာ အဲ ..ဆရာ ဆေးဖိုးဝါးခ'

လေးဆယ့်ငါးကျပ်တန်တစ်ရွက် ထုတ်ပေး၏။

'နေပေစေ အဒေါ် ကျွန်တော်မယူဘူး'

'ယူပါဆရာရယ်'

ကျွန်တော်သည် ကလေးအမေနှင့်အဒေါ်ကြီးတို့ကို နှုတ်ဆက်ပြန်လာတော့ လမ်းမီးများပင်ငြိမ်းကုန်ပါပြီ။ ညဉ့်ဦးမှ ယခုထိ တစ်မှေးမျှ မအိပ်ရသေးသော်လည်း အိပ်ချင်စိတ် မရှိပါ။ ထို့ကြောင့် ဘုရားသောက်တော်ရေချမ်း ကပ်လှူ၍ ဘုရားရှိခိုးသည်။

ထို့နောက် အိမ်ရှေ့ကို ရေဖျန်း၍ တံမြက်စည်းတစ်ချောင်း

## အသက်ကလေးရယ်တဲ့ ရှည်စေလို မန်းစက်ရိပ်ခို

(၁)

တစ်နေ့သောအခါ။

မန္တလေးမှ ရေးဖော်သူငယ်ချင်း စာရေးဆရာ ခေတ္တရာ သန်းမြင့် မကွေးသို့ ရောက်လာ၏။

'ကိုဝင်းမြင့်ရေ ကျုပ်တို့တစ်တွေ အသက်လဲ ၅၀ ကျော်ကုန်ကြပြီ။ အခုအချိန်ထိ အေးအေးဆေးဆေးကို မနေရသေးဘူး၊ ဒီနှစ်တော့ အေးအေးဆေးဆေးနဲ့ ရွှေစက်တော်ဘုရား သွားဖူးကြရအောင်ဗျာ'

'ရွှေစက်တော်ဘုရားဖူးချင်တာဆို ကျွန်တော်စီစဉ်ပေးပါ့မယ်ဗျ'

'ကျွန်တော်စိတ်ကူးထားတာ ဒီလိုရှိတယ်ဗျ၊ မန်းရွှေစက်တော်ဘုရားမှာ တစ်လ ကိုးသီတင်းနေမယ် ပုတီးစိတ်မယ်၊ ပြီးတော့ ခင်ဗျားက ဆေးကု အခမဲ့ဆေးကုဆေးလှူ မကောင်းဘူးလား'

'ခုလဲကျွန်တော် ရောက်လေရာ အခမဲ့ဆေးကုနေတာပဲဟာ'

'မတူဘူးလေဗျာ၊ ဟိုမှာက ရွှေစက်တော်ဘုရားဖူးလာသူတွေကို ဆေးပေးဆေးလှူ ဆေးကုတာဆိုတော့ ပိုပြီး ကုသိုလ်ရတာပေါ့၊ ပြီးတော့ ကျုပ်တို့တစ်တွေ အေးအေးဆေးဆေး စာလေးဘာလေးရေးကြတာပေါ့'

'ဆေးပေးဆေးကု ဆေးအလှူကတော့ ကျွန်တော် အမြဲတမ်းနေရာမရွေး လုပ်ကိုင်နေတာကြောင့် မထူးခြားပါ။ သို့သော် မန်းရွှေ

စက်တော်လိုနေရာမွန် နေရာမြတ်မျိုး၌ အေးအေးဆေးဆေး အနားယူချင်စိတ်တော့ ရှိပါသည်။ ချစ်မိတ်ဆွေကိုဗန်းမြင့် အကြံပေးလာသည်ကို ဝမ်းမြောက်ဝမ်းသာ သဘောတူလိုက်ရပါတော့သည်။

'ကဲဒါဖြင့် ကျွန်တော်တို့ ရွှေစက်တော်မှာ ဆေးပေး ဆေးကုဆေးလှူဖို့ အစီအစဉ် ကျွန်တော် စီစဉ်လိုက်မယ်နော်'

'ဟုတ်ကဲ့ စီစဉ်ပါ'

'အသက်ကလေးရယ်တဲ့ ရှည်စေလို မန်းစက်ရိပ်ခိုဆိုတာ ဒါပဲ ထင်ပါရဲ့'

'ဒါပေါ့ဗျာ'

(၂)

သို့ဖြင့် ကျွန်တော်တို့သည် မန်းရွှေစက်တော်အောက် စက်တော်ရာအနီးမှာ အလျား ၂၈ ပေ အနံ ပေ ၃၀ရှိ ဝါးထရံကာ ဝါးကြမ်းခင်း အဆောက်အအုံကလေးတစ်ခု ဆောက်လုပ်စေခဲ့ပါသည်။ ငွေငါးထောင်ကျော်လောက်ကုန်၏။

မြေနေရာရရှိရေးနှင့် အဆောက်အအုံ အမြန်ဆုံးပြီးစီးအောင် ဆောက်လုပ် စီမံပေးသူကတော့ မင်းဘူးစကုမြို့နယ် သတင်းထောက် ဦးရွှေဌေးဖြစ်ပါသည်။

မှတ်မှတ်ရရ ကျွန်တော်တို့ နှစ်ယောက်သည် မန်းရွှေစက်တော်ဘုရားသို့ ၁၉၉၂ ခု မတ်လ (၂)ရက်နေ့တွင် ရောက်ခဲ့ကြပါသည်။ ဆန်ဆီဆားငါးပိ ငါးခြောက်နှင့် လိုအပ်သော ဆေးဝါးပစ္စည်းများပါ သယ်ဆောင်ခဲ့ကြ၏။

အစကနဦးမှာတော့ ကျွန်တော်တို့သည် အခမဲ့ကုသိုလ်ဖြစ်တိုင်းရင်းမြန်မာ ဆေးကုခန်းကလေးဖြစ်ပါသည်။

သို့သော် ဘုရားဖူးများက ဆေးကုပေးရုံနှင့် အားမရ။ ကျွန်တော်ဖော်စပ်ထားသော ဆေးများကို ဆောင်ထားလိုပါသည်ဆို၍ ဝယ်ကြပါတော့၏။

သို့နှင့် တိုင်းရင်းမြန်မာဆေးကုခန်းကလေးမှ ဆေးရောင်းဌာန ဖြစ်မှန်းမသိဖြစ်လာပါတော့သည်။ ထို့ကြောင့် မကွေးအိမ်သို့ ဆေးများ မှာရပါတော့သည်။

တိုင်းရင်းမြန်မာဆေးများ အရောင်းဌာန ဖြစ်မှန်းမသိဖြစ်လာ သောအခါ ကျွန်တော်တို့သည် အသံချဲ့စက်ဖြင့် မြူဆွယ်ဟောပြော ခြင်း မပြုလုပ်ပါ။ ကက်ဆက်သီချင်းသံ မရှိ။ ရေဒီယို နတ္ထိ။

အေးငြိမ်းသာယာစွာဖြင့် ဘုရားဖူးများ၏ ကျန်းမာရေးတို့ကို ကူညီစောင့်ရှောက်ကြပါသည်။

ကျွန်တော်နှင့်အတူ စာရေးဆရာ ခေတ္တရာ သန်းမြင့်သည် နံနက်စောစော အိပ်ရာမှထ၍ ဆွမ်းချက်ပါသည်။ ကျွန်တော်တို့ ဆေးခန်းရှေ့တွင် သပိတ်ကိုယ်စီဖြင့် ဆွမ်းခံကြွလာတော်မူသော ဆရာတော် သံဃာတော်များအား ဆွမ်းလောင်းလှူပါသည်။

'ကိုဝင်းမြင့်ရေ ဘုန်းကြီးတွေ သပိတ်ထဲမှာ ဆွမ်းဟင်းနည်း တယ်ဗျို့'

'ဒါဖြင့် ဆွမ်းအပြင် ဆွမ်းဟင်းလောင်းဖို့ စီစဉ်ဗျာ'

နောက်တစ်နေ့တွင် ဆွမ်းအပြင် ဆွမ်းဟင်းအဖြစ် ပဲထောပတ်ပြုတ်၏။ ကြက်သွန်နီဖြင့် ဆီရွဲရွဲဆမ်းလျက် လောင်းလှူနိုင်ပါ တော့သည်။

ဒီလိုနှင့် ရက်သတ္တတစ်ပတ်ခန့် ကြာသွားသောအခါ

'ကိုဝင်းမြင့်ရေ ကျုပ်တို့ ပဲထောပတ်ပြုတ်နားပြီး ငါးခြောက် ကလေးကြော် လောင်းရရင် မကောင်းဘူးလား'

'အင်း ..ကောင်းသားဗျ'

သို့ဖြင့် ငါးခြောက်ကလေးများကို ငရုတ်သီးမှုန့် အနည်း ငယ်ထည့်၍ ငါးခြောက်ကြော် လောင်းလှူကြပါသည်။

ကျွန်တော်တို့ ဆေးခန်း ရှေ့သို့ တစ်ပါးပြီး တစ်ပါး ကြွ ရောက်လာကြသော သံဃာတော်များကို ဆွမ်းလောင်းလှူရသည်မှာ ကြည်နူးဖွယ်ကောင်းလှ၏။ တစ်နေ့ တစ်နေ့ သံဃာတော် ၃၅ ပါးမှ ၄၀ အတွင်း အမြဲလောင်းလှူရပါသည်။

(၃)

မန်းရွှေစက်တော်ကို ဦးတိုက်ကွေ့ပတ် စီးဆင်းနေသော မန်းချောင်းရေသည် အနောက်ရိုးမစိမ့်ကြီး မြိုင်ကြီး တောတောင် အထပ်ထပ်တို့မှ စီးဆင်းရောက်ရှိလာသောရေ ဖြစ်ပါသည်။

မန်းချောင်းရေသည် ကြည်လင်လှ၏။ ရေခဲတမျှလည်းအေး၏။

တပေါင်းလ အခါသမယ၌ ရွှေစက်တော်၌ ပွဲလှ၏။ ဘုရားဖူးများသည် နေပူကျဲကျဲမှ ပုံတသောသောဖြင့် ရောက်လာကြ၏။ မန်းချောင်းရေကို မြင်သောအခါ မချိုးဘဲ မနေနိုင်ကြ။ နေပူကျဲကျဲ အောက်တွင် မန်းချောင်းရေ၌ ရေစိမ်နေကြပါတော့သည်။

'ကြည့်ဗျ၊ ကိုသန်းမြင့် အပူနဲ့အအေး ပဋိပက္ခသဘော နားမလည်ကြဘူးဗျ၊ နေပူကျဲကျဲမှ ရေစိမ်နေကြတာ မယုံကြည့်ပေတော့ ည ကျုပ်တို့ ဆေးခန်း လူစည်လိမ့်မယ်ဗျို့'

ကျွန်တော်က စုံထောက်ကြီး ဦးစံရှားလေသံနှင့် ပြောလိုက်၏။

'ဟုတ်ပါ့မလားဗျ'

'စောင့်ကြည့်ပေါ့ဗျာ'

မန်းစက်တော်ရာ ရာသီဥတုသည် နေ့လည်နေ့ခင်းတွင် ခြစ်ခြစ် တောက်ပူပြင်း၍ ညနေစောင်းသောအခါ လေပြေလေညင်း၊ ဗြန္ဒာရီထိုးသောအခါ လေရူးတသုန်သုန်။

ကျွန်တော်တို့ နှစ်ယောက်သား ညစာ စားကြသည်။ ပဲထောပတ်ပြုတ်၊ ဘူးသီးကြော်နှင့် လဲလူ့ရွက်ဟင်းချို။

ထမင်းစားနေတုန်း အမျိုးသမီးကြီး ခပ်ဝဝတစ်ယောက်နှင့် အသက် ၁၈ နှစ် ၂၀ ဝန်းကျင်ရှိ မိန်းကလေးနှစ်ယောက် ဆေးခန်း ရောက်လာကြ၏။

'ဗိုက် သိပ်အောင့်တယ်ဆရာ'

'အင်း ....'

ကျွန်တော်သည် စားလက်စ ထမင်းပန်းကန်ကို ချထားပြီး လူနာစစ်တမ်းယူရပါတော့သည်။

ထိုသို့ စစ်တမ်းယူနေစဉ် နောက်ထပ်လူနာ ၄-၅ ဦး ထပ်ရောက်လာပြန်၏။ နေ့လည်က ရေချိုးသူများဖြစ်ကြောင်း ကျွန်တော် သတိထားမိလိုက်၏။

ကျွန်တော့်မိတ်ဆွေကိုသန်းမြင့်က–

'ဒီက ဆရာက နေ့လယ်က ထိုင်ပြောနေတာ၊ ကလေးမလေးတွေတော့ ဒုက္ခပဲ၊ နေမကောင်းဖြစ်တော့မှာပဲဆိုပြီးတဖွဖွပြောနေတာ''

'ဟုတ်တယ်ခင်ဗျ၊ ခုလို နေပူကျဲကျဲကြီးပူနေတုန်း ရေအရမ်း မချိုးရဘူး၊ စိမ်မနေရဘူး'

'ကျွန်မလဲပြောတာပဲဆရာ၊ မရဘူး၊ ခုတော့ ဖျားတဲ့လူက ဖျား၊ ဗိုက်နာတဲ့လူက နာ၊ တစ်ယောက်ကဆိုရင် မျက်လုံးကြီးတွေ ရဲရဲနီနေတယ်ဆရာ'

'မှတ်ထား.. ညည်းတို့အရွယ်၊ အထူးသဖြင့် မိန်းကလေးတွေ ရေအရမ်း မချိုးရဘူး၊ မြွေစက်တော် မန်းချောင်းရေဆိုတာ ရေခဲတမျှ အေးတာ၊ ပြီးတော့ လေက တဟူးဟူး တိုက်လိုက်သေး။ ခန္ဓာကိုယ်ကို ရေစိမ်လိုက်တော့ အပူငွေ့တွေဟာ အတွင်းထဲငုပ်လျှိုးပြီး ထွက်ပေါက်ရှာရတော့တာပဲ။ အဲဒီတော့ အပူငွေ့တွေဟာ တိုးမိတိုးရာ ဇွတ်ထွက်ပေါက်ရှာတော့ မျက်လုံးကြီးတွေ ရဲလာမယ်။ နားတွေ အူလာမယ်။ ဗိုက်တွေ အောင့်လာ နာလာမယ်၊ အထက်ကို လေပူတွေ အရမ်းတက်လာတော့ ခေါင်းမူးမယ်၊ အမျိုးသမီးဆိုတာ သွေးသားဆိုတာ ပါလာတာကြောင့် သွေးငုပ်သွားတတ်တယ်။ သွေးငုပ်တဲ့အပြင် ချွေးပါငုပ်သွားတဲ့အခါ အလူးအလဲခံရတာပေါ့။ ခု ညည်းတို့ဖြစ်တာ မြင်နေ သိနေလို့ 'အနာသိ ဆေးရှိ' ဆိုကာလို ချက်ချင်း ဆေးပေးလို့ရတာ၊ ရော့ ဒီသွေးဆေးသောက်'

ကျွန်တော်သည် ထိုကလေးမလေးအတွက် သွေးဆေး ၆ ခွက်စာ ထုပ်ပေးလိုက်ပါသည်။

'ဆရာ ..ဆေးဖိုးဘယ်လောက်ကျပါသလဲ'

'မယူပါဘူးဗျာ ကုသိုလ်ဖြစ် လှူတာပါ'

'ဘယ်ဟုတ်မလဲဆရာရယ်၊ ကျွန်မတို့ ဆေးဖိုးလှူပါရစေ' ပြောပြောဆိုဆိုနှင့် ငွေတစ်ဆယ် တရိုတသေ ဖွတ်ပေးသွား၏။

'ဆရာ ကျွန်တော် ဝမ်းပျက်လို့'

အသက် ၂၀ ကျော် လူငယ်တစ်ဦး ရောက်လာ၏။

'ဝမ်းပျက်တယ်ဆိုတာ ဝမ်းအရည်တွေ သွားတာလား၊ ဒါမှမဟုတ် ဝမ်းအရိအချွဲတွေ ခဏခဏ သွားတာလား'

ကျွန်တော်က ရှင်းအောင်မေးရ၏။

'ဝမ်းအရည်တွေချည်း၊ သွားတာ ဆရာ'

'ဝမ်းသွားတာ ဘယ်နှစ်ခါ ရှိပြီလဲ'

'ငါးခါရှိသွားပြီဆရာ'

'ဒါဖြင့် ဒီဆေးငါးလုံးသောက်လိုက်'

'ကဲ ...ဆရာ ဆေးဖိုး ဘယ်လောက်ပေးရမလဲဆရာ'

'မယူပါဘူး၊ ကုသိုလ်ဖြစ်ပါ'

'မဟုတ်ပါဘူးဆရာ ယူပါ'

'ငါးကျပ်တန် နှစ်ရွက် ထုတ်ပေး၏။

ထိုလူငယ် ကျေနပ်အောင် ငါးကျပ်တန်နှစ်ရွက်ကို တစ်ရွက်ယူထားပြီး ကျန်တစ်ရွက်ကို ပြန်ပေးလိုက်၏။

ထိုလူငယ်ထွက်သွားသောအခါ မိန်းမကြီးတစ်ယောက်နှင့် လူငယ်နှစ်ယောက်ရောက်လာ၏။

'ဗိုက် အရမ်းနာတယ်ဆရာ'

'ဗိုက်နာတာများ လွယ်ပါတယ်ဗျာ၊ ရော့ ဒီဆေးသောက်'

ကျွန်တော်က ဆင်တုံးမနွယ်ဆေး ငါးပြား ထုတ်ပေးလိုက်၏။

'ဒီမှာ ရေနွေးရှိတယ် တစ်ခါတည်းသောက်သွားပါလား' ရေနွေးကြမ်းတစ်ခွက်ပေးလိုက်၏။

(၄)

(၁၄–၃–၉၂)နေ့။

မန်းရွှေစက်တော်ဂေါပကအဖွဲ့မှ အသံချဲ့စက်ဖြင့် သတင်းကောင်းကြေညာသည်။

ရှမ်းပြည်နယ် ပင်းတယမြို့နယ် ဂဠုန်တောင်၌ သီတင်းသုံးနေထိုင်တော်မူသော ကုံလုံဆရာတော်ကြီး ဘဒ္ဒန္တတေဇနိယသည် မန်း-ရွှေစက်တော်ဘုရားသို့ ဘုရားဖူး ကြွရောက်တော်မူလာမည်ဖြစ်ကြောင်း ကြေညာသည်။

ဆရာတော်ကြီး၏ သီလဂုဏ် သမာဓိဂုဏ်တို့ကို ရှေးဦးမဆွကပင် ကြားသိနေခဲ့ပြီး ဖြစ်ပါသည်။ သို့သော် ဖူးတွေ့ခွင့်ကားမကြုံပါ။

တောင်ကြီးမြို့မှ ရေးဖော်မိတ်ဆွေကြီး ခေတ်ပုံဦးသန်းဝေနှင့် ဇနီးတို့က ကျွန်တော့်အား ကုံလုံဆရာတော်ကြီး ဖူးမျှော်နိုင်ရေး အမျိုးမျိုး ကြိုးစည်အားထုတ်သော်လည်း မအောင်မြင်ခဲ့ပါ။

ယခုသော်ကား ဆရာတော်ကြီးအား ဖူးခွင့်ကြုံရလေပြီဟု စိတ်ထဲမှ တွေးတော ကြည်နူးမိပါသည်။

နောက်တစ်နေ့ (၁၅–၃–၉၂)နေ့တွင် ကုံလုံဆရာတော်ကြီးသည် ရဟတ်ယာဉ်ဖြင့် ရွှေစက်တော်ဘုရားသို့ ကြွရောက်တော်မူလာ၏။ ကျွန်တော်တို့သည် ဆေးခန်းကို ပစ်ထားခဲ့ပြီး အပြေးအလွှား ဆရာတော်ကြီး အား ဖူးမျှော်ကြပါသည်။

ပို၍ ဝမ်းမြောက် ဝမ်းသာဖြစ်မိသည်မှာ ဆရာတော်ကြီးအား အထက်စက်တော်ရာသို့ ဝေါယာဉ်ဖြင့် ပင့်ဆောင်ရာတွင် ကျွန်တော်တို့နှစ်ယောက် ထမ်းပိုးခွင့်ရခဲ့သောကြောင့် ဖြစ်ပါသတည်း။

ကုံလုံဆရာတော်ကြီးသည် ငယ်ဖြူဖြစ်ပြီး ရဟန်းဘောင်သို့ တက်သည့်နေ့မှစ၍ အခြားဆွမ်းများ ဘုဉ်းပေးခြင်း မရှိဘဲသစ်သီးဆွမ်းများကိုသာ ဘုဉ်းပေးတော်မူကြောင်း။

ဆရာတော်ကြီး၏ ကျောင်းဝင်းအတွင်း၌ ဘူးဖရုံသခွားသီး

များမှာ ရှင်သီဝလိပုံတော်၊ ရှင်ဥပဂုတ္တပုံတော်များအသွင် သီးလျက်ရှိကြောင်း။

ထိုအသီးများကို ဆရာတော်ကြီး ဘုဉ်းပေးလျက်ရှိကြောင်း၊ ဆရာတော်ကြီး၏ လက်ျာဘက်လက်ဖဝါး၌ ဗုဒ္ဓမြတ်စွာဘုရား၏ ရုပ်ပွားတော်ပုံများ အချိန်အခါအလိုက်ပေါ်လျက်ရှိကြောင်း။

ထိုကဲ့သို့ ထင်ရှားစွာ ပုံတော်များ ပေါ်သည်ကို ကိုယ်တိုင် ဖူးတွေ့ရသူများက ပြောပြပါသည်။

ကုံလုံဆရာတော်ကြီးသည် ဂဠုန်တောင်အနီး'ဘော်နှင်းဂူ' တွင် နှစ်ပေါင်းများစွာ တရားအားထုတ်ခဲ့ပြီး တရားထူးများ ရရှိခဲ့ပါသည်။

နိုင်ငံတော်အစိုးရကလည်း၊ ၁၉၉၁ ခုနှစ်၊ နိုဝင်ဘာလ(၂) ရက်နေ့တွင် အဘိဓဇ အဂ္ဂသဒ္ဓမ္မ ဇောတိက ဘွဲ့တံဆိပ်တော်ကို ဆက်ကပ်တော်မူပါသည်။

သိက္ခာသုံးပါးနှင့် ပြည့်စုံတော်မူသော ကုံလုံဆရာတော်ကြီး အား ကျွန်တော် အထူးဖော်စပ်ထားသော ဆင်တုံးမနွယ်ဆေးများကို ကပ်လှူခွင့်ရပါသည်။

ထိုကဲ့သို့ ဆရာတော်ကြီးအား ဖူးမျှော်ကန်တော့ ဆေးများ လှူဒါန်းပြီး ဆေးခန်း၌ အမောပြေထိုင်နေစဉ်–

အသက် (၂၅)နှစ်ခန့်။ အသားဖြူဖြူ သွယ်သွယ်လျလျနှင့်၊ ချောမောလှပသောအမျိုးသမီးတစ်ယောက် ဆေးခန်းဝသို့ ရောက်ရှိလာ၏။

ထိုအမျိုးသမီးက–

'ဆရာ ကျွန်မ ဇက်ကြောတွေ သိပ်တက်တယ်ဆရာ'

'ခင်ဗျား ဘာအလုပ်လုပ်တုန်း'

'ကျွန်မဈေးရောင်းတယ်ဆရာ'

'အထိုင်များလို့ဖြစ်မှာပဲဝမ်းမှန်ရဲ့လား'

'ဟုတ်ကဲ့'

'ချွေးကော'

'ထွက်ပါတယ်'

'သွေးကော မှန်ရဲ့လား'

'ဟုတ်ကဲ့ မှန်ပါတယ်'

'အင်း ဒါဖြင့်ရင် ခင်ဗျား ရှားစောင်းလက်ပတ် ချက်ဆေး စားဗျာ၊ အဲဒါ စားလိုက်ရင် သက်သာသွားမှာပါ'

'ဆရာ ချက်ဆေးက ဘယ်လိုချက်ဆေးလဲ ဆရာ၊ ကျွန်မတို့ အမေ ရှားစောင်းလက်ပတ်ချက်ဆေးနည်းအတိုင်းပဲလား မသိဘူး'

'ကျွန်တော့်ချက်ဆေးဖော်နည်းက ရှားစောင်းလက်ပတ် အနှစ် ၃၀ သား၊ ထန်းလျက် ၃၀ သား၊ ကြက်သွန်နီ ၂၅ သား၊ မန်ကျည်းမှည့် အနည်းငယ် ထည့်တယ်။ ပြီးတော့ ဖလူးမတောင်ဝှေးလဲအနည်း ငယ်ပါတာပေါ့။ မီးမျှင်းမျှင်းကလေး နဲ့ ချက်တယ်၊ ပြီးမှ ပျားရည်နဲ့ စမုန်မျိုးငါးပါး ထည့်တယ်'

'ဆရာ့မှာ အသင့်ဖော်ထားပြီးသား ဆေးရှိသလားဆရာ'

'ဟုတ်ကဲ့ ရှိပါတယ်'

'တစ်ဘူး ဘယ်လောက်လဲဆရာ'

'၅၅ ကျပ်ဗျ'

'ကျွန်မအမေ ပြကြည့်ချင်တယ်ဆရာ၊ အမေက သဘောတူရင် ကျွန်မ ဝယ်မယ်'

'ရပါတယ်ဗျာ'

'ဒီလိုလုပ်ပါဆရာ ကျွန်မဆရာ့ကိုငွေ ၉ဝ ပေးထားခဲ့မယ်၊ ကျွန်မအမေ သွားပြမယ်နော်'

'မပေးခဲ့နဲ့ယူသွား၊ ကြိုက်မှယူ၊ ပိုက်ဆံပြန်ယူသွား'

ကျွန်တော်က သူပေးသော ၉ဝ တန်ကို ဖွတ်ပြန်ပေးသော် လည်း မယူပါ။ ချက်ဆေးဘူး တစ်ဘူးယူပြီး အပြေးထွက်သွားပါတော့ သည်။

ကျွန်တော်သည် ထိုသူငယ်မပေးသွားသော ၉ဝ တန် ငွေစက္ကူ ကို လေလွင့်မသွားရအောင် ကျောက်ခဲကလေးတစ်လုံးနှင့် ဖိထား လိုက်ပါသည်။

တစ်အောင့်လောက်ကြာလျှင် လာမှာပဲဟု စိတ်ထဲမှ အောက်မေ့မိ၏။ နာရီဝက်ခန့်ကြာသွားသည်။ မပေါ်လာ။ နောက်ထပ်တစ်နာရီကြာ သွား၏။ ထိုသူငယ်မ မပေါ်လာ။ မိုးချုပ် ညဥ့်နက်၍ ဆေးခန်းသာပိတ်ရော ထိုသူငယ်မ ပေါ်မလာပါ။

နောက်တစ်နေ့နံနက် မျှော်မိ၏။ မလာပါ။ တစ်ရက်။ နှစ်ရက်။ သုံးရက်။ လေးရက်ရှိပြီ။ ထိုအမျိုးသမီး ပေါ်မလာပါ။ ၅၅ ကျပ်တန်ပစ္စည်းကို ငွေ ၉ဝိ ပေးသွား၏။ ၉ဝိ တန်ကလည်း အတု မဟုတ်။

သည်လိုနှင့် ၁၀ ရက်ခန့်ကြာသွား၏။ ကျွန်တော်ကတော့ မျှော်တုန်းမျှော်ဆဲပါပဲ။ ကျွန်တော့် မိတ်ဆွေကြီး ကိုသန်းမြင့်ကို ဤသို့ ပြောမိ၏။

'ဟေ့လူကိုသန်းမြင့် ချက်ဆေးတစ်ဘူးယူပြီး ငွေ ၉ဝိ ပေးသွားတဲ့ အမျိုးသမီးဟာ လူသား စင်စစ်တော့ ဟုတ်ဟန် မတူဘူးဗျ၊ ဥစ္စာစောင့်မက လူယောင်ဆောင်ပြီး ကျွန်တော်တို့ကို သနားပြီး ငွေ ၉ဝိ ပေးသွားတာဖြစ်မယ်။ ခင်ဗျား ဘယ်လို သဘောရတုန်း'

'အင်း စဉ်းစားရကျပ်သားပဲ'

'သို့ဖြင့် တစ်ရက် ပြောင်းပြန်၏။

ကျွန်တော်ကတော့ မုချမလွဲ တန်းတန်းစွဲ ဥစ္စာစောင့်မ လူယောင်ဆောင်လာတာဟု ပြောနေမိပါသည်။

'ဒီကိစ္စ ခင်ဗျား စဉ်းစားပါဦးဗျ'

'ကျွန်တော်လဲမစဉ်းစားတတ်ဘူး'

'စဉ်းစားစရာ မလိုပါဘူးဗျာ၊ ဥစ္စာစောင့်မမှ ဥစ္စာစောင့်မအစစ်'

'အင်း...'

ထိုသို့ ကျွန်တော်တို့နှစ်ယောက်သား အချီအချပြောနေစဉ်–

'ဦးလေး...'

'အလိုလေး... ဘုရား... ဘုရား၊ ဟိုတလောက ချက်ဆေးဝယ်သွားတဲ့ သူငယ်မပါလား၊ ကျွန်တော်သည် သူ့ကို ပါးစပ်အဟောင်းသားနှင့် ငေးကြည့်နေမိ၏။

'ကျွန်မလေကျွန်မ ဟိုတလောက ဦးလေးဆီက ချက်ဆေးဘူး

ဝယ်သွားတာလေ၊ မှတ်မိလား ဦးလေး၊ ဦးလေးဆေးနဲ့ ကျွန်မ တည့်တယ်၊ ဇက်ကြောတက်တာ ပျောက်ပါတယ် ဦးလေး။ အခု နောက်ထပ်တစ်ဘူးလောက် လိုချင်လို့လာတာ။ ဟိုတလောကဦးလေး ကို ကျွန်မ ငွေ ၉ဝိ ပေးထားခဲ့ပါတယ်။ ခု ၂ဝိ ထပ်ပေးရမှာပေါ့နော်'

'အင်း ...ဟုတ်တယ်'

'ကျွန်တော်သည် ဘာပြောလို့ ပြောရမှန်း မသိတော့။ သူတောင်းဆိုသော ချက်ဆေး နောက်တစ်ဘူး ယူပေးလိုက်မိပါ သည်။

'ညည်းက ဘယ်မှာ နေတာတုန်း'

'ဒီနားလေးမှာပါ ဦးလေးရဲ့'

'ကဲ...သွားမယ်နော်'

ထိုသူငယ်မသည် ငွေ ၂ဝိ/- ကျွန်တော့်လက်ထဲ ထည့်ပြီး ချက်ဆေးဘူးယူကာ ခပ်သွက်သွက်ကလေး ပြေးထွက်သွားပါတော့ သည်။

ကျွန်တော်က အလစ်မပေးပါ။ စာရေးဆရာ၊ ဆေးဆရာ သတင်းထောက်ပဲ။ လျှင်လိုက်တာမှ လှစ်လှစ်ကလေးရယ်။ ကြော့ ကြော့ရှင်းရှင်းကလေးနှင့်ပြေးထွက်သွားသော ထိုသူငယ်မနောက်သို့ အပြေးလိုက်မိပါတော့သည်။

'ဘယ်မလဲ... ညည်းဆိုင်ပြ...'

'ဒီနားလေးမှာပါ ဦးလေးရဲ့'

'ကျွန်တော်က မယုံပါ။ သူနှင့် ထပ်ချပ်မကွာ လိုက်သွား၏။ အောက်စက်တော်ရာအနီးရှိ အထည်ဆိုင်တန်းရောက်၏။ ဆိုင်တစ် ဆိုင်ပေါ် တက်သွားသည်။

'လာ...ဦးလေး ဒါ ကျွန်မတို့ဆိုင်'

'ဟော ...အေး'

ကျွန်တော်သည် ဆိုင်ပေါ်တင်ပါးလွှဲထိုင်လိုက်၏။

'ညည်းဟာယ် ငွေ ၉ဝိ တန်ပေးပြီး လေးငါးဆယ်ကိုးရက် ကြာတဲ့အထိ ပေါ်မလာဘူး၊ ဒါကြောင့် ဦးလေးက ညည်းဟာ လူသားစင်စစ် မဟုတ်ဘူး၊ ဥစ္စာစောင့်မက လူယောင်ဆောင်ပြီးလာ

တာလို့ပြောနေတာ'

ကျွန်တော်က စိတ်ထဲရှိသည့်အတိုင်း ပွင့်ပွင့်လင်းလင်းပြော တတ်သူပီပီ ထိုသို့ ပြောချလိုက်သောအခါ ထိုသူငယ်မသည် ရှက်စနိုးဖြင့် ရယ်၏။

'ကျွန်မလဲ ဦးလေးဆီက ဆေးဝယ်လာပြီးကတည်းကစပြီး အလုပ်ကိုမအားဘူး ဦလေးရဲ့။ ဒါကြောင့် ဦးလေးဆီပြန်အမ်းငွေ လာမယူတာပါ။ ဒီနေ့တော့ အလုပ်ကလေးလဲ ပါး၊ အမေလဲ ငဖဲက ရောက်လာတာကြောင့် အမေနဲ့တိုင်ပင်တယ်၊အမေက ညည်းနဲ့တည့် ရင် နောက်တစ်ဘူး ထပ်ဝယ်ထားဆိုလို့'

ကျွန်တော်တို့ ထိုသို့ပြောနေကြစဉ် အထည်ဆိုင်အတွင်းမှ အသက် ၆၀ခန့် ပိန်ပိန်ပါးပါး အဒေါ်တစ်ဦး ထွက်လာပါသည်။

'အမေ ဒါ ဆရာ ဦးဝင်းမြင့်'

'ဩော် ...ဆရာဦးဝင်းမြင့်ကိုး၊ ဆရာ့ကို လူမမြင်ဖူးပေမယ့် ရန်ကုန် ၂၅ လမ်းက ဦးတင်ကြည်–ဒေါ်လှလှတို့က ခဏခဏ ဆရာ့အကြောင်း ပြောပြ ပါတယ်။ ကျွန်မတို့ ငဖဲမြို့ ပေကုန်းဘုန်းကြီး ဦးသုမင်္ဂလကလဲ ခဏခဏ ဆရာ့အကြောင်း ပြောပြပါတယ်။ လွန်ခဲ့တဲ့ တစ်နှစ်လောက် က ကျွန်မလည်ပင်းမှာ အကျိတ်တွေ ထွက်လာတယ်၊ ဦးတင်ကြည်– ဒေါ်လှလှတို့တူမ မအမာက ကျွန်မကို ဆရာဖော်တဲ့ နဝဒေဝဆေး ပေးပါတယ်၊ အဲဒီဆေးနဲ့ ကျွန်မလည်ပင်းက အကျိတ်တွေ ပျောက် တာ'

'ဩော် ...ဟုတ်ပြီ...ဟုတ်ပြီ'

'ကျွန်မတို့ ငဖဲမြို့မှာ ဆရာ့ဆေးတွေ ကိုယ်စားလှယ်ယူ ရောင်းချင်ပါတယ်'

'ရောင်းပါ ရောင်းပါ ကျွန်တော် ကြိုးစားပြီး ဆေးတွေ ဖော် ပါ ဦးမယ်'

'ဖော်ပါဆရာ၊ ကျွန်မတို့ ရောင်းပေးပါ့မယ်၊ ကျွန်မတို့ဆိုင် လိပ်စာက ဒေါ်ကြည်နှင့်သမီးများ ကုန်စုံဆိုင်၊ ဈေးမြောက်ဘက်၊ ငဖဲမြို့ဆိုရင် ရောက်ပါတယ်ဆရာ'

'ဟုတ်ကဲ့ ကောင်းပါပြီဗျာ'

ကျွန်တော်သည် ဒေါ်ကြည်တို့ သားအမိကို နှုတ်ဆက်ပြီးဆေးခန်းသို့ ပြန်လာခဲ့ပါသည်။

ကျွန်တော့် ချစ်မိတ်ဆွေကြီး ကိုသန်းမြင့်ကတော့ လူယောင်ဆောင်လာသော ဥစ္စာစောင့်ငတိမနောက်သို့ အပြေးလိုက်သွားသောကျွန်တော့်ကို လည်တဆန့်ဆန့် မျှော်နေ၏။ မျှော်နေတုန်း ကျွန်တော်ပြန်ရောက် လာတော့–

'ဘယ်နယ်လဲစုံထောက်ကြီး ဦးစံရှားရဲ့'

'ဥစ္စာစောင့်မနဲ့ ဘာတွေများ ပြောခဲ့တုန်း'

'အေးဗျာ မှားသွားတယ် ဟဲ ...ဟဲ မှားတဲ့အခါလဲမှားပေမပေါ့ဗျာ ဟဲ ...ဟဲ'

ကျွန်တော်သည် ရှက်ပြုံး ပြုံးနေမိပါသတည်း။

မန်းရွှေစက်တော်သို့ အမှတ်တရ

မကွေးဝင်းမြင့်

၂၉–၃–၁၉၉၂

**မကွေးဝင်းမြင့်**
စာပေလုပ်သားအမှတ် (၀၀၁၆)
အမှတ် ၆၊ မဲထီးလမ်း
ဈေးရပ်၊ မကွေးမြို့။